www.linhtet.com



www.linhtet.com



www.linhtet.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေအောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.linhtet.com



www.linhtet.com






ပုံနှိပ်မှတ်တမ်း

တမူခွင့်ပြုချက်အမှတ် ၅၀၁၁၄၂၀၉၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၂၁၁၀၀၇

**ထုတ်ဝေသူ**
ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

**ဖြန့်ချိရေး**
အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့
၅၄၁၇၄၅၊၅၅၂၁၀၃၊၅၅၂၁၀၄၊ ၀၉ ၈၀ ၃၄၅၈၁၊၀၉ ၅၀ ၂၁၃၅၄ ။
ပထမအကြိမ် - ၂၀၀၈ ခုနှစ်၊ (ဇန်နဝါရီလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်




www.linhtet.com



ချစ်သူက...
မြစ်ရေစီးမှု ဖြစ်ခဲ့သော်———
ကျွန်တော်ကတော့...
မြစ်ကမ်းဖြစ်ပါမည်

ချစ်သူက...
“လှိုင်း” ပမာ ဖြစ်ခဲ့သော်
ကျွန်တော်ကတော့...
ရေကြော ချိုးရှုပါမည်

ချစ်သူက...
အလင်းမှန် ဖြစ်ခဲ့သော်
ကျွန်တော်ကတော့...
သဝဏ်လွှာအလွင့်တွေ ကြိုဆိုပါမည်...။

www.linhtet.com



www.linhtet.com



www.linhtet.com



ကျွန်တော်နှင့် ...ချစ်သူ့အကြားတွင်
ကျွန်တော့်ချစ်သူကို ချစ်နေသော သူငယ်ချင်းများက ဒုက္ခမပေးပါ
ယက္ခ ဂုမ္ဘာန် ဘီလူး ...စသော ကြမ်းတမ်းမှုများ ကာဆီးမထားပါ
ဝဋ်ပကာသနကလည်း ...လှည့်စားမထားပါ...
သို့သော်...
ချစ်သူနှင့် ကျွန်တော့်အကြားတွင် ကြီးမားစွာသော ...
ကြမ်းတမ်းစွာ လှည့်စားတတ်သော ...
အန္တရာယ်ကြီးတစ်ခု ရှိသည်...

ထိုအန္တရာယ်သည်...

**"သွား"** ...

ပင် ဖြစ်သည်...



www.linhtet.com



## အခန်း(၁)

ကျွန်တော်နေထိုင်သည့် ရပ်ကွက်ကလေးတွင် ကောင်မလေးလှလှလေးတွေ တော်တော်ပေါပါသည်။

ကျွန်တော် နေသည့်အိမ်က ရပ်ကွက်ကအတွင်း မိန်းလမ်းမကြီး နံဘေးတွင်ရှိပြီး အိမ်ရှေ့တွင် အရိပ်ကောင်းသော ဗာဒံပင်ကြီးတစ်ပင်နှင့် နှစ်ကြိမ်ပွင့်ပြီးသား ပိတောက်ပင်တစ်ပင်ရှိသည်။ ထိုသစ်ပင်ရိပ်အောက်တွင် လူငါးယောက် အေးအေးဆေးဆေး ထိုင်နိုင်သော နောက်မှီပါသည့် ခုံတန်းတစ်ခုံကို ရိုက်ထားကြသည်။

www.linhtet.com



ထိုခုံတန်းသည် ကျွန်တော်နှင့် သူငယ်ချင်းများ မျက်စေ့စားပွဲထိုင်ရာမက…မျက်စေ့တောက်လျှောက် ပါသွားရာနေရာလည်း ဖြစ်လေသည်။

မနက်မိုးလင်း မျက်နှာသစ် သွားတိုက်နေချိန်တွင် ထိုခုံတန်းသို့ မြင့်စိုးနှင့် လှဦးတို့က ရောက်နှင့်နေပြီ။ ထိုအခါမျိုးတွင် ကျွန်တော်က မျက်နှာကို ကမန်းကတန်း သစ်ကာ…သွားကို ပက်ဆိုးဒင့်အနံ့ကလေး ပူရှိန်းရှိန်းနှင့် ညခံတွင်းနံ့ပျောက်ရုံသာ တစ်ချက်နှစ်ချက်ဆွဲပြီး မျက်နှာပင်မသုတ်ဘဲ ခုံတန်းပေါ်သို့ ကျွန်တော် ထွက်ထိုင်တာများသည်။ ကျွန်တော်က မျက်နှာသစ်ပြီးလျှင် သုတ်မပစ်ဘဲ မျက်နှာအေးအေးကလေးကို လေသလပ်ပြီး ခြောက်သွားတာကို ပိုသဘောကျတတ်သည်။ မကြာခင်မှာပင် ထွန်းသိန်းနှင့် ခင်မောင်တို့ ရောက်လာကြ၏။

အိပ်ယာက နိုးကာစ ခန္ဓာကိုယ်က လန်းလန်းဆန်းဆန်း…နေခြည်နုနု မနက်ဦးစမှာ…သူတို့မျက်နှာတွေကို အစွမ်းကုန် ခြယ်သထားကြသည့် ကောင်မလေးတွေကို ကြည့်ရတာ ဘယ်လောက် အရသာရှိသနည်း။

သရဖီက ပိုလာဝက်ဝံရုပ် ကျောပိုးအိတ်ကလေးကို ပခုံးတစ်ဖက်တွင်သာ တစောင်းချိတ်ကာ မျက်နှာပေး တည်တည်နှင့် ဖြတ်လျှောက်သွားသည်။ တင်မေလှိုင်က တစ်အိမ်သားလုံးနှင့် ရန်ဖြစ်ကာ အိမ်ပေါ်မှ ဆင်းလာသောပုံစံမျိုးနှင့် မျက်ဝန်းမာမာ နှုတ်ခမ်းခပ်စေ့စေ့နှင့် ခြေကို ဆောင့်ကာဆောင့်ကာ ဖြတ်သွားသည့်အခါ ကျွန်တော်တို့က "ဘယ်ညာ ဘယ်ညာ" "ဒေါ်ပဲစတလာ" ဟု အော်ပေးရ၏။

ယဉ်ယဉ်မျိုးကတော့ တစ်ညလုံး ဝမ်းလျှောထားသည့်ပုံ၊ သူ့မျက်

www.linhtet.com



ဝန်းတွေက "အားလုံးကို ကြောက်ပါတယ်ရှင်…" ဟု အသံထွက်နေသလို ရီတီတီ၊ ဝေတေတေ၊ ဖျော့တော့တော့နှင့်။ လမ်းလျှောက်တော့လည်း သူ ခြေလှမ်းတစ်လှမ်း လှမ်းလိုက်လျှင် ရှေ့က ကမ္ဘာမြေကြီး ကျွံများဝင်သွားမလား…ဟု စိုးရိမ်နေသလို မဝံ့မရဲ တုံ့ဆိုင်းဆိုင်းနှင့်။ သူ့ကိုတော့ ကျွန်တော်တို့ မစ,ပါ။ သူ့ပုံစံက စ,ချင်စရာမကောင်း၊ တစ်ခါတည်း ကုန်းပိုးပြီး ကျောင်းကိုသာ ပြေးပို့ပေးလိုက်ချင်သည်။

ဧပရယ်ကျတော့ တစ်မျိုး…သူ့ကို ကျွန်တော်တို့အားလုံးက "ဆွဲလဲ" ဟု အမည်ပေးထား၏။ သူက ခေါင်းကိုငုံ့ကာ လျှောက်တတ်သည်။ ငုံ့ထားသည့်ခေါင်းက ခြေလှမ်းနှင့် စည်းချက်မှန်မှန် ဘယ်ညာ လွဲကာနေ၏။ ခေါင်းက ဘယ်ကိုဝဲလျှင် ပခုံးက ညာဘက် မြင့်တက်လာ၏။ ခေါင်း ညာဆို ပခုံးက ဘယ်၊ ခါးကလည်း ငှက်ပျောရွက် လေတိုက်သလိုကို နွဲ့၏။ အောက်ပိုင်းတွေကတော့ မပြောနှင့်တော့၊ သူလာလျှင် ကျွန်တော်တို့က "တုံ…တုံ…ချမ်ချမ်…ချွင်ချွင်…ခွပ်ခွပ်…" စသည်ဖြင့် အော်ပေးကြသည်။ သူကလည်း ဒါကို သဘောကျပုံရပါသည်။ ကျွန်တော်တို့ရှေ့ရောက်လျှင် ပိုအသံမြည်အောင် ခြေကို ဆောင့်ကာ သွားတတ်သည်။

သက်နှင်းရီကျတော့ ရန်သူ့နယ်မြေကို တိုက်ကင်းရှေ့ ပြေးထွက်ရသည့် စစ်သားတစ်ယောက်နှင့်တူသည်။ ခေါင်းကိုမော့ကာ ဘယ်ညာ ယမ်းရင်း တွေ့သမျှကို ကျီးကန်းတောင်းမှောက် ကြည့်သွားတတ်သည်။ လမ်းလျှောက်အရှိန်နှုန်းကလည်း မပြေးရုံတမယ်သာရှိ၏။ သူ့ စကတ် (Three quarter) ဝတ်သည့်နေ့ဆိုလျှင် ကြည့်ရပိုဆိုးသည်။ ဆတ်တောက်ဆတ်တောက် ဂလောက်ဂလောက်နှင့် ကျွန်တော်တို့ရှေ့မှ တရှိန်

www.linhtet.com



ထိုးဖြတ်သွားတတ်၏။ သူ့ကို ကျွန်တော်တို့က ''မီးဘယ်မှာလောင်နေတာလဲဟင်…!'' ဟု လှမ်းအော်ကာ စ,တတ်ကြသည်။ သူ့ကို ရည်းစားစကားလိုက်ပြောမည်ဆိုလျှင် အပြေးအရင်ကျင့်ထားမှ တော်ကာကျမည်ထင်သည်။

နော်ဇန်ဘိုဘိုကျတော့ ဘာကိုမှ ဂရုမစိုက်နိုင်၊ ဘယ်ဂရုစိုက်နိုင်ပါ့မတုန်း၊ သူ့လက်ထဲမှာက စားစရာတစ်ခုခု အမြဲပါသည်။ လမ်းထိပ်မှာရောင်းတဲ့ မုန့်ပစ်စလက်ပဲဖြစ်ဖြစ်၊ ဘိန်းမုန့်၊ တိုရှည်၊ ကော်ပြန့်ကြော်၊ ကောက်ညှင်းပေါင်း၊ လက်ဖက်ရည်ဆိုင်က ပေါင်မုန့်ကြက်ဥကြော်…စသည်ဖြင့် တစ်ခုခုကို စားရင်းဝါးရင်း သွားတတ်သည်။ တစ်ခါတစ်ရံ ကျွန်တော်တို့ရှေ့မှာ မုန့်က ပါးစပ်နား ရောက်ခါနီးမှ ခလုတ်တိုက်ကာ ပြုတ်ကျတတ်သည်။ ကျွန်တော်တို့ ဝိုင်းဟားလျှင်လည်း လှည့်ပြီး စပ်ဖြီးဖြီးနှင့် ပြုံးပြကာ လစ်တတ်၏။ စိတ်ဆိုးပုံ ဘာပုံလည်း မရ၊ ခပ်လှမ်းလှမ်းရောက်တော့ နောက်တစ်ခု ထုတ်ကာ စားပြန်၏။ သူ့ကို ကြိုက်မည်ဆိုလျှင်တော့ အဖြေမရခင် အရင်းအနှီးက နှစ်သောင်းနှင့် သုံးသောင်းကြားလောက်မှာ ရှိနိုင်သည်။

ကျန်သည့် မိန်းကလေးတွေကတော့ သိပ်ထူးထူးခြားခြား မရှိလှ။ (၉)နာရီလောက်တွင် မမကြီးတွေလာတတ်သည်။ သူတို့ကတော့ အတွေ့အကြုံ ကြွယ်ဝခဲ့ဟန်တူသည်။ ခြေလှမ်းမှန်မှန်…မျက်နှာထားအေးအေး၊ ဘာကိုမှလည်း မကြောက်၊ ဘာကိုမှလည်း မရှက်၊ သူတို့ခန္ဓာကိုယ်အလှကို သက်သက်သာသာ ထိန်းရင်း လျှောက်သွားတတ်ကြသည်။ သူတို့ကို ကြည့်ရတာ အလှမွေးမြင်းတစ်ကောင် လျှောက်သွားသလို အေးအေးသက်သက် ကြွားကြွားရွှားရွှားရှိလှ၏။ ဒါမျိုးကတော့ ကျွန်တော်တို့အုပ်စုက

ငြိမ်သက်စွာ အားပေးကြသည်။

သံဃာတော်တွေ ကြွချိန်ဆိုလျှင်တော့ ကျွန်တော်တို့အုပ်စု လက်ဖက်ရည်ဆိုင်ရောက်ကာ နေ့စဉ်ပြောမကုန်သော သတင်း၊ အတင်း၊ အငြင်းများကို စတင်ကြသည်။ ကျွန်တော်တို့အုပ်စုက ခုံတန်းက ထိုင်ကာ နေ့စဉ် ကောင်မလေးတွေကို ကြည့်တတ် စတတ်သော်လည်း လိုက်စကားပြောဖို့ဘာဖို့တော့ သိပ်မရှိလှပါ။ မြင့်စိုးနှင့် ထွန်းသိန်းကတော့ တစ်ယောက်နှစ်ယောက်ကို လိုက်ကြဖူးသည်။ သို့သော် မစွံ။ အကြောင်းသိတွေ၊ တစ်ရပ်ကွက်ထဲ နေတွေဆိုတော့ ဟိုဘက်လည်း ဟောက်လွှတ်ချင်လွှတ်၊ လောင်လိုလောင်…"အိမ်လာတိုင်မှာနော်" ဟု သတိပေးသူပေးနှင့်ပဲ ပြီးကြသည်။ ဒီကောင်တွေကလည်း အသည်းကွဲတာတွေဘာတွေ သိပ်မရှိပါ။ စပ်ဖြဲဖြဲသာရှိ၏။

ညနေခင်းကျတော့ ကျွန်တော်တို့ ထိုင်ကြည့်ကြပေမယ့် မနက်ခင်းလောက် ကြည့်မကောင်းတော့၊ မိတ်ကပ်လည်း အရောင်လွင့်ပြီ၊ သနပ်ခါးစလည်း ပြယ်ပြီ၊ ကားကြပ်ကြပ် တိုးစီးခဲ့ကြရသဖြင့် ဝယ်သူမရှိဘဲ ကျန်ခဲ့သည့် ငှက်ပျောသီးလို ပျော့ဖတ် နွမ်းကြေနေကြပြီ။ တစ်ရက်စာလည်း အသက်ကြီးသွားပြီ မဟုတ်လား!။

www.linhtet.com



www.linhtet.com



# အခန်း(၂)

တစ်မနက် ကျွန်တော် မျက်နှာသစ်နေတုန်း ခင်မောင် ရောက်လာသည်။

သူက ခုံတန်းမှာ အရင်မထိုင်ဘဲ ခြံထဲ တန်းဝင်လာပြီး ကျွန်တော့်ကို ကြည့်ကာ ပြုံးပြသည်။ ကျွန်တော်က သွားတိုက် လျက်တန်းလန်းမို့ သူ့ကို ပြန်ပြုံးမပြနိုင်။

"ခိုင်မင်း…အုန်းနှဲကိုင်းတစ်ကိုင်းလောက် ပေးကွာ"

ပြောပြီးသည်နှင့် တစ်ပြိုင်နက် သူက အုန်းနှဲပင်က သင့်တော်သည့် ကိုင်းတစ်ကိုင်းကို လိမ်ချိုးနေပြီဖြစ်သည်။

www.linhtet.com



ကျွန်တော် သွားပွတ်တံကို ထုတ်ကာ သွားတိုက်ဆေးတွေ ထွေးထုတ်ရင်း မေးရ၏။

"ဘာလဲ…မင်း အပင်စိုက်မလို့လား!"

"သွားတိုက်မလို့ကွ!"

ကျွန်တော့်စိတ်ထဲ ထူးဆန်းသွားသော်လည်း ဘာမှထပ်မမေးဘဲ သွားပြီးအောင်တိုက်ကာ လည်ဂုတ်ကို ရေရိုက်ပြီး ထုံးစံအတိုင်း မျက်နှာမသုတ်ဘဲ ထိုင်ခုံတွင် ဝင်ထိုင်သည်။ ခင်မောင်က ဟိန္ဒူလူမျိုးဖြစ်သည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း၊ သွားတွေလှသည်။ အသားမဲတာနှင့် ပါးသိုင်းမွေးတွေ ခဏခဏ ရိတ်ရတာကိုပဲ သူက စိတ်အကြီးအကျယ် ပျက်နေ၏။

"မင်းက သွားတိုက်မလာဘူးလား!"

"တိုက်တာပေါ့ကွ…မုန့်တောင် စားပြီးပြီ"

ခင်မောင်က အုန်းနံ့ရွက်တွေကို ရှင်းရင်း ပြန်ဖြေသည်။ ပြီးတော့ လက်ညှိုးခန့်အရှည်ရှိသော အုန်းနံ့ရိုးကို လိမ်ဖြတ်ကာ ထိပ်ဖက်ကို ဖွဖွကလေးကိုက်ရင်း ဖွာသွားအောင်လုပ်ကာ သူ့ရှေ့သွားတွေကို တကျွိကျွိနှင့် ပွတ်သည်။

ခင်မောင်သည် အသားမဲသော်လည်း သွားကလေးတွေက ဖွေး နေသည်။ ပြီးတော့ သူ့သွားတွေက ရှည်ရှည်သွယ်သွယ်၊ ညီညီညာညာ ရှိ၏။ ပြုံးလိုက်လျှင် အတော်ကြည့်၍ကောင်းသည်။ ကုလားလူမျိုးဆိုလျှင် ဘယ်သူပဲဖြစ်ဖြစ် သွားတွေ ဖွေးကာ လှလှပပရှိသည်ကို ကျွန်တော် သတိထားမိသည်။

"မင်း ပက်ဆိုးဒင့်တို့ ဘာတို့နဲ့ မတိုက်ဘူးလား!"

www.linhtet.com



"တိုက်တယ်၊ ဒါပေမယ့် အုန်းနဲ့ရိုးနဲ့လည်း ဒီလိုပဲ အားရင် တိုက်တာပဲ..."

ကျွန်တော် ဘာမှပြန်မပြောဘဲ ငြိမ်နေမိသည်။ ကျွန်တော့်သွား တွေက မကောင်းပါ။ ငယ်စဉ်က သွားဖုံးတွေ ရေစီးကမ်းပြိုလိုက်ဖူးသည်။ အတော်အခံရဆိုးသော ဝေဒနာဟု ကျွန်တော်မှတ်မိနေသည်။ ဘာမှလည်း စား၍မရ။ သွားရည်တမျှားမျှားနှင့် ငိုနေရတာကို မှတ်မိသည်။ နောက် အဖေက ဗမာဆေးတွေနှင့် သွားဖုံးတွေကို သိပ်ပေးသည်။ လေးရက် လောက်ကြာတော့ ကောင်းသွား၏။

ထို့နောက် ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်အရွယ်လောက်မှာ ကျွန် တော် သွားကိုက်ဝေဒနာကို စတင်ခံစားရသည်။ သွားကိုက်သည့်ဝေဒနာ ဆိုသည်မှာ လူအသနားမခံရဘဲ အလွန်ခံစားရခက်သော ဝေဒနာတစ်မျိုး ဖြစ်၏။ လူက အကောင်းပကတိနှင့် တအားအား အော်နေရသော၊ ဘာကိုမှ မဝါးနိုင်မမြိုနိုင်နှင့်ရှိသော၊ ခံတွင်းတစ်ခုလုံး ပူလောင်ကာ နားထင်ကို တူဖြင့် မှန်မှန်နှက်နေသလို တဒုတ်ဒုတ်နှင့် အသားနုကို အပ်ဖြင့်ဆွသလို တဆစ်ဆစ်နှင့် ဝေဒနာကို စာနှင့်ရေးပြ၍လည်းမရ၊ ခံစားရဖူးသူသာ ကိုယ်ချင်းစာနိုင်ပေလိမ့်မည်။

ထိုစဉ်က ကျွန်တော်တို့ သင်္ကန်းကျွန်းမြို့နယ်တွင် သွားနှင့် ပတ် သက်သောဆေးခန်း တစ်ခုမှမရှိ။ မခံနိုင်သည့်အဆုံး ရိုးရိုးအထွေထွေကု ဆရာဝန်ထံ သွားပြသည့်အခါ ဆရာဝန်က ခဏအကိုက်သက်သာအောင် သာ တတ်နိုင်ပြီး "သွား" ဆေးရုံသို့သွားရန် လမ်းညွှန်သည်။ ပုဏ္ဏရိပ်ရွက် ပြုတ်သောက်ခြင်း၊ သွားကိုက်ပျောက်ဆေးဆိုသော ဗမာဆေးများ သိပ် ခြင်း၊ ငုံခြင်းတို့ကို တားမြစ်ပြီး ရေကျက်အေး ခပ်နွေးနွေးတွင် ဆားခပ်

www.linhtet.com



ကာ ငုံပြီးထွေးပေးပါဟုဆိုသည်။

ထိုဆရာ့ဆေးကလည်း နာရီဝက်ထက် ပိုမခံ၊ တစ်ညလုံး အော်နေရ၏။ မနက်မိုးလင်းတော့မှ မြို့ထဲသွားကာ ဆေးခန်းပြရသည်။ ဒီတော့ ဆရာဝန်က "ကြွေလွှာပေါက်သွားပြီ..."ဟုဆိုကာ နှုတ်ပေးလိုက်သည်။

သွားနှုတ်ရသည့် ဝေဒနာကလည်း မသက်သာပါ။ တင်ပါးကို ဆေးထိုးလျှင်ပင် အသည်းထိတ်တတ်သော ကျွန်တော်သည် ကိုယ့်မျက်စိရှေ့မှာ ကိုယ့်ပါးစပ်ထဲကို အပ်ကြီးနှင့် ထိုးမည်ဆိုသောအခါ ကုတင်ပေါ်မှ ထကာ ထွက်ပြေးသည်။ အဖေက လိုက်ဖမ်းကာ လူနှစ်ယောက်လောက် ချုပ်ကာ ထိုးရ၏။

ဆေးထိုးပြီး သုံးလေးမိနစ်ကြာတော့ သွားကိုက်တာ ပျောက်သွားသည်။ သို့သော် ကျွန်တော့်အပေါ် နှုတ်ခမ်းနှင့် ပါးတစ်ခြမ်းမှာ ပူဖောင်းကို လေမှုတ်ထားသလို ဖောင်းကားလာသည်။ လျှာတစ်ခြမ်းလဲ လေးကာလာ၏။ ကျွန်တော် အတော်တုန်လှုပ်သွားသည်။ ပြောပြတော့ ဆရာက ထုံဆေးကြောင့်...ဟုဆိုသည်။ ပြီးတော့ ကျွန်တော့်သွားကို ဘာတွေလုပ်မှန်းမသိ၊ ကျွန်တော် ဘာမှမခံစားရ၊ လေးရက်တိတိ တအားအား အော်နေရသော သွားကိုက်ဝေဒနာ ပျောက်ကင်းသွားသည့် အချိန်သည် ကျွန်တော့်ဘဝအတွက် နိဗ္ဗာန်ပင်ဖြစ်သည်။

ပြန်လာတော့ ကျွန်တော့်နှုတ်ခမ်းနှင့်ပါးကိုစမ်းကာ အိမ်က မှန်ကိုကြည့်ရသည်။ မှန်ထဲမှာ မြင်ရတာ ဒီအတိုင်း၊ သို့သော် ကျွန်တော့် စိတ်ထဲမှာ ဖောင်းကာနေသည်။ ထုံဆေးပြယ်သွားတော့ သွားနှုတ်သည့် ဒဏ်က နာလာသည်။ သွားကိုက်ဝေဒနာထက်စာလျှင်တော့ အများကြီး

www.linhtet.com



သက်သာပါသည်။

ဒီလိုနှင့် ဒုတိယတစ်ချောင်း၊ တတိယတစ်ချောင်း…။ ကျွန်တော် သွားသုံးချောင်းတိတိ နှုတ်ခဲ့ရသည်။ သွားကိုက် ဖြုန်းစားကြီး ဖြစ်တတ်သော ဝေဒနာမျိုးမဟုတ်ပါ။ သူက သတိပေးတတ်သည်။ ပထမ သွားတွေက ရေသောက်လျှင် ကျင်မည်။ ဒုတိယ နာမည်။ တတိယ အစာဝင်လျှင် ထိုသွားသည် တဆစ်ဆစ် ဖြစ်လာမည်။ ထိုအချိန်တွင် ကုလျှင်ကု၊ မကုလျှင်…"သွား" သည် "သွား" ပြီ။

သွားကိုက်တော့သာ အမလေး အဘလေး အော်တတ်သည်။ ပျောက်သွားပြန်တော့လည်း ကျွန်တော်တို့သည် သွားတွေကို ဂရုမစိုက်ဘဲ ဒီအတိုင်း ပစ်ထားတာက များသည်။

အခုလည်း ကျွန်တော့်၏ ဘယ်ဘက်အံသွားတစ်ချောင်းက နာနေသည်။ သို့သော် ညဘက်ကျလျှင်သာ ခဏနာခြင်းဖြစ်ပြီး ဟိုလိုဒီလိုနှင့်ပင် ပျောက်သွားသဖြင့် ကျွန်တော် သိပ်အရေးမစိုက်ခဲ့။ နှစ်ကြိမ် သုံးကြိမ် ခံပြီးသည့်တိုင် သွားကို ကျွန်တော် ဂရုစိုက်ရမှန်း မသိခဲ့။ သွားနာခြင်းသည် နေမကောင်း ဖြစ်တာလောက် အရေးမကြီးဟု ကျွန်တော်တို့ သဘောထားခဲ့ကြသည်။

ထိုနာနေသောသွားသည် ကျွန်တော့်နှလုံးသားကို နှုတ်ပစ်ရအောင်အထိ မကြီးကျယ်ဟု ကျွန်တော် ထင်သောကြောင့်လည်း ဖြစ်ပါသည်။

www.linhtet.com



ထိုနေ့ညနေ အိပ်ရာကနိုးတော့ ကျွန်တော့်သွားတစ်ချောင်းနှင့် သွားဖုံးတွေ နာနေသည်။ သွားနာခြင်းကတော့ ယခင်နေ့တွေက နာထားသောသွားက ထပ်နာခြင်းဖြစ်ပြီး သွားဖုံးနာခြင်းကတော့ ခင်မောင်၏ အုန်းနဲ့ကိုင်း တံပူတံကြောင့်ဖြစ်သည်။

ခင်မောင် အုန်းနဲ့ကိုင်း ချိုးပြီးနောက် ကျွန်တော်တို့ လက်ဖက်ရည်ဆိုင် စကားဝိုင်းမှာ အုန်းနဲ့ကိုင်းကိစ္စက ပါလာသည်။ မဖြစ်နိုင်ဟု ဆိုသူရှိသလို…ဖြစ်နိုင်သည်ဟု ထောက်ခံသူလည်း ပါသည်။ နောက်ဆုံး လှဦးက ဆုံးဖြတ်ပေးသည်။

"ဖြစ်နိုင်တယ်ကွ၊ ဟိုးရှေးခေတ်တုန်းက ဆရာတော်ကြီးတွေမှာ တံပူတံဆိုတာရှိတယ်၊ အဲဒါနဲ့ပဲ သွားကိစ္စ ပြီးတာပဲ၊ အဲဒီတံပူတံကို အုန်းနဲ့ကိုင်းတို့ မြယာကိုင်းတို့နဲ့ လုပ်တယ်လို့ စာထဲမှာ ငါဖတ်ဖူးတယ်"

www.linhtet.com



လှဦးက စာနှင့်ပေနှင့် အကိုးအကားနှင့် ဆိုသဖြင့် ကျွန်တော်တို့ ငြင်းခုံပွဲ ရပ်ကာသွား၏။ ခင်မောင်က သူ့ဘက်မှ အနိုင်ရသဖြင့် သူ၏ ဖြူဖွေးသော သွားများကိုပေါ်အောင် နှစ်ခြိုက်ကာ ပြုံးသည်။

ည အိမ်ကိုရောက်တော့ အုန်းနှဲကိုင်းတစ်ကိုင်းကို ချိုးကာ ခင်မောင့်လို ဖြူဖွေးသောသွားများ ဖြစ်စေရန် ကျွန်တော် အုန်းနှဲကိုင်းဖြင့် သွားကိုပွတ်သည်။ သွားတင်မက သွားဖုံးများကိုပါ ထိသည့်အတွက် သွားဖုံးတွေပါ နာနေခြင်းဖြစ်သည်။

ညနေရီ ဗာဒံပင်ဝိုင်းကို ထွန်းသိန်းနှင့် ခင်မောင်တို့ ရောက်လာကြသည်။ သူတို့နှစ်ယောက်က ကမ္ဘာကျော် နာမည်ကြီးတွေ ရှိပါရက်နှင့် မိုက်ကယ်အိုဝင်ကို ထယ်ဝယ်သော ရီးရယ်မက်ဒရစ်အကြောင်း ပြောကာ ငြင်းနေကြသည်။ ထွန်းသိန်းက မိုက်ကယ်အိုဝင်ကို ဝယ်ရန်မလိုကြောင်း၊ လူကောင်းတွေများလျှင် ဟုမ်သွားတတ်ကြောင်းကို ပြောပြီး ခင်မောင်က နာမည်ကြီးတွေများတော့ ဘောလုံးပွဲကြည့်ရတာ အလှအပ ပိုရှိကြောင်း ပြောသည်။

ကျွန်တော်ကတော့ ဘာမှဝင်မပြောမိ။ သွားနာသောနေရာ တစ်ဝိုက်မှာ ပူကာနေသည်။ သွားဖုံးတွေကလည်း ဘာမှစားလို့မရအောင် ကို နာပြီးကျိန်းကာနေ၏။

“ရာအူး ရှိနေတာပဲကွာ၊ အိုဝင်ကို ဘာမှထပ်ဝယ်စရာမလိုဘူး”

“မင်းရာအူးလ်က မနှစ်က တစ်နှစ်လုံး ဂိုးပေါက်ပျောက်နေတာ မဟုတ်လား!”

ကျွန်တော် အုတ်ကန်သို့ ထသွားကာ ရေခပ်ပြီးငုံထားလိုက်တော့ အာခေါင်နှင့် သွားဖုံးတွေ ပူနေတာ နည်းနည်းသက်သာကာ သွား၏။

www.linhtet.com



ထိုအချိန်တွင် လှဦးနှင့် မြင့်စိုးတို့ ရောက်လာသည်။ ကျွန်တော်က ရေကို ငုံကာ သွားနှင့်သွားဖုံး၏ဝေဒနာ အတိုးအလျှော့ကို ခံစားကြည့်နေသည်။

“ဟေ့ကောင်တွေ…မင်းတို့ ကြားပြီးပြီလား!”

မြင့်စိုးက အရေးတကြီးပုံစံဖြင့် လေသံကို နှိမ့်ကာပြောသည်။ မြင့်စိုးအကျင့်က ထိုအတိုင်းပင်ဖြစ်သည်။ သူ တစ်ခုခုသိလာလျှင် အရေးတကြီးပုံစံဖြင့် အခုလို စကားစ,လေ့ရှိသည်။ ပြီးတော့လည်း သူပြောသည့်ကိစ္စက ဘာမှမဟုတ်။ ဘာမျှအရေးမကြီး၊ သိပ်စိတ်ဝင်စားစရာမကောင်း တတ်။ သို့သော် မြင့်စိုးကတော့ ထိုအကျင့်ကို ဘယ်တော့မှ မစွန့်လွှတ်ဘဲ ကျင့်သုံးလေ့ရှိမြဲဖြစ်သည်။

ရာအူးလ်နှင့် မိုက်ကယ်အိုဝင်တို့ကိစ္စ ရပ်သွားသည်မှအပ ကျွန်တော်တို့အားလုံး ဘာမှမထူးခြားကြပါ။ ကျွန်တော်က အာခေါင်ထဲမှာ တဖြည်းဖြည်း စေးပျစ်ကာ ပူလာသောရေနှင့် ဝေဒနာ အတိုးအလျှော့ကို ငြိမ်ပြီးခံစားကြည့်နေမိသည်။

“မင်းတို့ မသိကြသေးဘူးမဟုတ်လား!”

မြင့်စိုးက ဥရောပတိုက်ကို သိမ်းနိုင်ခဲ့သော နပိုလီယံအပြုံးဖြင့် ပြုံးကာ ဝင်ထိုင်သည်။ ကျွန်တော်တို့အားလုံး ဘာမျှ ထူးခြားဟန်မပြကြ၊ ကျွန်တော်တို့ မမေးလည်း သူပြောကိုပြောမည်ဆိုတာကို သိနေသော ကြောင့်ဖြစ်သည်။

“ဒီလိုကွ!…ဟေ့ကောင် ခိုင်မင်း၊ မင်းတို့မျက်စောင်းထိုး လမ်းထိပ်ကအိမ်ကို လူတွေ ပြောင်းလာကြပြီ”

ဘာရယ်ကြောင့်တော့ မဟုတ်၊ မြင့်စိုးစကားကြောင့် ကျွန်တော်တို့အားလုံး ထိုအိမ်ကို လှမ်းကြည့်မိကြသည်။ အရင်တုန်းက ထိုအိမ်က

www.linhtet.com



ခနော်ခနဲ့ ခနိမိုး ထရံကာဖြစ်ပြီး အဖိုးကြီးအဖွားကြီးနှစ်ယောက် နေကြသည်။ အဖိုးကြီးဆုံးတော့ အဖွားကြီးက ထိုအိမ်ကလေးကို ရောင်းကာ ဒဂုံမြို့သစ်ရှိ သူ့သားနှင့် သွားနေ၏။

ထိုအိမ်ကလေးကိုဖျက်ကာ အောက်ခံတိုက်အပေါ်သစ်သားနှင့် နှစ်ထပ်အိမ်ကလေး ဆောက်သည်။ ဝရံတာလည်းပါ၏။ ဆေးတွေဘာတွေ သုတ်ပြီးသည်အထိ မည်သူမှ ပြောင်းမလာကြသေး။ ထိုအိမ်၏ ရာဇဝင်က ဒါလောက်ပဲဖြစ်သည်။

"ငါတို့ထဲမှာ လူဝင်မှုကြီးကြပ်ရေးက တစ်ယောက်မှမပါဘူး"

ထွန်းသိန်း ဟာသကလည်း ရီးလွန်းအားကြီးသဖြင့် မည်သူမျှ မရယ်ကြပါ။

"မင်းတို့ အဲဒါခက်တာပေါ့ကွ၊ ပြောင်းလာတဲ့အိမ်မှာ ကောင်မလေးနှစ်ယောက် ပါတယ်ကွ၊ နှစ်ယောက်တည်းပဲ၊ လှတယ်ကွာ… အကြီးမကလေးက တော်တော့်ကိုလှတယ်၊ မေမီစိုးနဲ့ မေမီမိုးတဲ့…"

"နေစမ်းပါဦး…မနေ့ကမှ ပြောင်းလာတာကို မင်းက ဘယ်လိုလုပ် နာမည်တွေဘာတွေ သိနေရတာလဲ!"

လှဦးက စိတ်ဝင်စားခြင်းကို မယုံကြည်ခြင်းနှင့် ဖုံးကာ မေးသည်။ မြင့်စိုး၏ နပိုလီယံအပြုံးက ပို၍ထင်ရှားလာ၏။ ဘာမှဆက်မပြောသေးဘဲ ဆေးပေါ့လိပ်ကို မီးညှိကာ ဖွာရှိုက်ရင်း တမင်အချိန်ဆွဲထား၏။ မျက်လုံးခြောက်လုံးစလုံး သူ့ကို ကြည့်နေသည်ဆိုတာကို မြင့်စိုးက သိတော်မူပြီး အရသာခံနေခြင်းဖြစ်သည်။

"ကံတရားပဲ ခေါ်မလား! မနေ့ညက ငါတို့အိမ်ကို ဧည့်သည်လာတယ်ကွ၊ ငါ ရပ်ကွက်ရုံးခန်းမှာ ဧည့်စာရင်း သွားတိုင်ရင်း တွေ့ခဲ့တာ"

www.linhtet.com



"ဧည့်စာရင်း တိုင်ရင်းနဲ့!!"

ခင်မောင်က တအံ့တသြမေးသည်။ မြင့်စိုးက ပြုံးကာ ခေါင်း ငြိမ့်ရင်း…ဆေးပေါ့လိပ်ကို ဖွာပြန်သည်။ နပိုလီယံသည် တတိယ အကြိမ် ပြုံးပြန်သည်။

"ဟုတ်တယ်ကွ! သူတို့လည်း ဧည့်စာရင်းတိုင်ရင်းနဲ့ သန်းခေါင် စာရင်းပြောင်းဖို့ကိစ္စပါ လာကြတာ၊ ပြီးတော့ သူတို့ဖားသားကြီးက သူ့ သမီးတွေနဲ့ ဇနီးကို ရပ်ကွက်လူကြီးတွေနဲ့ မိတ်ဆက်ပေးပြီး စောင့်ရှောက်ဖို့ အပ်တယ်၊ သူပ ပုဂံလေယာဉ်ရုံးမှာ လုပ်တာတဲ့၊ ခွင့်စေ့တာနဲ့ ပြန်ရမှာ ဆိုတော့ မိန်းမသားချည်းပဲ ကျန်ခဲ့တဲ့ သူတို့ကို စောင့်ရှောက်ပါပေါ့ကွာ"

"နာမည်တွေက ဘယ်သူ!!"

ထွန်းသိန်းကိုယ်တိုင် သိလိုဇောနှင့် ထပ်ကာမေးသည်။

"မေမီစိုးနဲ့ မေမီမိုး…မေမီစိုးက အကြီး…တော်တော်လှတာ ကွာ၊ မျက်လုံးကလေးတွေက ဝိုင်းနေတာပဲ…နှုတ်ခမ်းကလဲ ဖူးဖူး ကလေး၊ နှာတံက စင်းလို့…ကိုယ်လုံးကိုယ်ပေါက်ကလည်း မင်းတို့ အကြိုက်ပဲ…ငါကွာ…ဧည့်စာရင်းစာရွက်ကိုင်ပြီး တော်တော်ကြာကြာ ငေးနေမိတာ၊ ဥက္ကဋ္ဌက…ဟေ့ကောင် မင်း တိုင်ပြီးပြီမဟုတ်လား! ဆိုတော့မှပဲ သတိဝင်တော့တာ၊ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်ကွာ… ကံတရားပါပဲ"

မြင့်စိုးက သူနှင့် စတွေ့ပုံကို ကံတရားကို ဆွဲသုံးရင်း…မသိ မသာ နေရာဦးလိုက်မှန်း အားလုံးက ရိပ်မိကြသည်။

"ဟေ့ကောင် ခိုင်မင်း…မြင့်စိုးပြောတာ ဟုတ်လား!"

ကျွန်တော့်အိမ်နှင့် အနီးဆုံးဖြစ်သဖြင့် ခင်မောင်က လှမ်းမေး

www.linhtet.com



သည်။ သို့သော် ကျွန်တော် ဘာကိုမှမသိ၊ သတိမထားမိ။ ကျွန်တော် သွားနာနေသည်။ အခုလည်း ပါးစပ်ထဲမှာ ရေငုံထားရသဖြင့် သူတို့ အမေးကို ရုတ်တရက် ပြန်မဖြေနိုင်။ ခေါင်းခါပြလိုက်လျှင် “မဟုတ်ဘူး” ဆိုသော အဓိပ္ပာယ်ရောက်သွားနိုင်သည်။ ကျွန်တော် ဖြေချင်တာက “မသိဘူး”ဆိုသည့် စကားဖြစ်၏။ ပါးစပ်ထဲက ရေကိုထွေးကာ ဖြေမည် ကြံ့တုန်း…

“ဟော…တွေ့လား! ဟိုမှာ ဝရံတာမှာ…အဲဒါ မေမီစိုးပဲ!”

ကျွန်တော်တို့အားလုံး လှမ်းကြည့်မိကြသည်။

ကျွန်တော် ယောင်ကာ ပါးစပ်ထဲက ရေတွေကို မြိုချမိလိုက်လေ သည်။

www.linhtet.com



လောကမှာ အငြိမ်နှင့်အလှုပ်ဆိုလျှင် အလှုပ်ကို ပို၍ သတိထားမိ၊ အာရုံစိုက်မိကြသည်မှာ သဘာဝပင်ဖြစ်သည်။ ထိုသဘာဝကို ကျွန်တော်တို့အားလုံး မလွန်ဆန်နိုင်ကြ။

မေမီစိုးက သွက်လက်သည်။ ရွှင်ပြသည်။ လွတ်လွတ်လပ်လပ်လည်း နေတတ်ပုံရသည်။ သူ့ကိုယ်သူ လှသည်ဆိုတာကို ကောင်းကောင်းကြီးသိထားသော မိန်းကလေးတွေနေသလို နေတတ်သည်။

အိမ်မှာနေရင်းပင် မေမီစိုးသည် ခပ်ပါးပါးအလှပြင်ထားတတ်သည်။ Three quarter ဂျင်းဘောင်းဘီကလေးဝတ်ကာ ခြံထဲမှာ တယ်လီယာခွေးကလေးနှင့် ကစားနေတတ်သည်။ ခြံရှေ့သံတံခါးအပေါ်ဘောင်ကို လှမ်းကိုင်ကာ ကိုယ်ခန္ဓာကို လခြမ်းကွေးလေးလို ကွေးရင်း ခေါင်းကိုထုတ်ကာ လမ်းဘယ်ဘက် ညာဘက်ကို ကြည့်တတ်သည်။

www.linhtet.com



ဝရံတာကိုထွက်ကာ တံတောင်ဆစ်ကလေးထောက်ရင်း ညနေခင်း လမ်းသွားလမ်းလာတွေကို ငေးတတ်သည်။ Walk man ကက်ဆက်က လေးတပ်ကာ အိမ်ရှေ့ပန်းခြံထဲမှ ဒန်းကလေးပေါ်တွင် မျက်လုံးများ မှိတ်ကာ ဒန်းစီးနေသည်ကိုလည်း တွေ့ရတတ်သည်။

မေမီစိုးက Company တစ်ခုမှာ ငွေစာရင်းဘက်မှာ လုပ် သည်။ သူက Eco နှင့် ဘွဲ့ရထားသူဖြစ်၏။ မနက် (8:30) ဆိုလျှင် Company ဝတ်စုံ စကတ်အတိုကလေးနှင့် File ကလေးတွေ ပိုက်ကာ ကျောပိုးအိတ်ကိုလွယ်ရင်း လမ်းထိပ်မှာ မေမီစိုး ဖယ်ရီထွက်စောင့်တတ် သည်။ ထိုလမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ နေ့တွင်းချင်း ရောင်းအား တက်ကာသွား၏။ အရင်တုန်းက ထိုဆိုင်သည် စုတ်ကလည်းစုတ်၊ လက် ဖက်ရည်ကလည်း သိပ်မဟုတ်သဖြင့် ဆိုက်ကားဆရာများနှင့် လမ်းကြုံ ဝင်သောက်သူမှအပ လူငယ်တွေ ထိုင်လေ့မရှိကြ၊ အခုတော့ ကျွန်တော် တို့ပါ ရောက်နေရပြီ၊ အလှအပသည်…စီးပွားရေး၊ လူမှုရေးတို့ကို ပြောင်းလဲစေတတ်ကြောင်း ကျွန်တော် ကောင်းကောင်းသဘောပေါက် ကာသွား၏။

နေ့ခင်းဘက် ကျွန်တော်တို့ဝိုင်းမှာ ဘောလုံးကို လေဖြင့် ကန် တတ်သည့်အစား မေမီစိုးကို ကန်ကြသည်။ Chess ထိုးချိန်မှာ မေမီစိုးကို ထိုးကြ၏။ ထူးအိမ်သင်နှင့် လေးဖြူတို့ သီချင်းများကလည်း မေမီစိုးကိုပင် စောင်းဆိုနေကြသလို ထင်ရသည်။

ကျွန်တော်တို့အုပ်စုမှာလည်း အပြောင်းအလဲတွေ ခဏတွင်းချင်း ဖြစ်ကာလာသည်။ ထွန်းသိန်းက ဂျင်းဘောင်းဘီကို ခါးက မချတော့။ ကျွန်တော်တို့အိမ်ရှေ့ခုံကို မလာခင် ရေအရင်ချိုးသည်ဟု သိရသည်။ ဆံပင်

www.linhtet.com



ကိုလည်း ဂျယ်လီတွေဘာတွေ လိမ်းကာ သပ်သပ်ရပ်ရပ် ထောင်ကာထား သည်။

မြင့်စိုးကတော့ ကော်လံ လည်ကတုံးနှင့် ဆိတ်ခွဲပုဆိုးဖြစ်ကာ သွား၏။ စနိုးခပ်ပါးပါးကိုလည်း လိမ်းသည်ဟု သိရသည်။ ခင်မောင်က တော့တစ်မျိုး၊ သူ့ပါးသိုင်းမွေး မုတ်ဆိတ်မွေးတွေကို ခပ်ဆဆထားလာ သည်။ ဂျင်းဘောင်းဘီ ခပ်နွမ်းနွမ်း အင်္ကျီရင်ဘတ်ကို ကြယ်သီးနှစ်လုံး ဖြုတ်ကာ ရင်ဘတ်က အမွေးများကို လူမြင်စေပြီး cow boy တွေ ဆောင်းလေ့ရှိသော ဦးထုပ်ကိုဆောင်းသည်။ ပုံစံကလည်း မှုန်ကုပ်ကုပ်၊ ဂျစ်ကန်ကန် ဖြစ်ကာလာ၏။ "မိန်းကလေးဆိုတာ သူတို့မှာ မရှိတာကို စိတ်ဝင်စားတတ်တယ်ကွ၊ ပါးသိုင်းမွေးတို့ နှုတ်ခမ်းမွေးတို့ပေါ့ကွာ…" ဟု သူကဆိုသည်။

ကျွန်တော်ကတော့ မူလအတိုင်းနေရုံနှင့်ပင် သူတို့နှင့် ကွဲပြား စေသည်။ မေမီစိုးတို့ပြောင်းလာပြီး တစ်လအတွင်း ရန်ပွဲ(၂)ပွဲဖြစ်သည်။ တစ်ပွဲက မေမီစိုး မနက်ဖယ်ရီစောင့်ရာ လက်ဖက်ရည်ဆိုင်မှာဖြစ်ပြီး တစ်ပွဲက မေမီစိုးတို့လမ်းထိပ်က အုတ်ခုံတွင် ညဘက်ဂစ်တာတီးရင်း ဖြစ်ကြခြင်းဖြစ်သည်။

ကျွန်တော်တို့အဖွဲ့ကတော့ ကျွန်တော့်အိမ်ရှေ့ ဗာဒံပင်အောက်ခုံ ကပင် တီးကြဆိုကြသည်။ ကျွန်တော်တို့က လေးဖြူ၏ "အသုံးမကျတဲ့ နှင်းဆီ" ဖြင့် ဝိုင်းကိုစဖွင့်သည်။ ပြီးလျှင် ထူးအိမ်သင်၏ ချစ်တယ်ဟေ့!၊ ရက်စက်လိုက်တာ၊ တစ်နေ့နေ့တော့ ချစ်၍လာလိမ့်မည်၊ နတ်မိမယ်၊ တူးတူး၏ "မိဆိုး"၊ နောက်ဆုံးသီချင်းက စိုင်းထီးဆိုင်၏ "ချစ်တာ တစ်ခုတည်း သိတယ်" "ကျေနပ်ပါတော့" "အချစ်ကို ဦးစားပေးခဲ့

www.linhtet.com



သူ…”။ ဝိုင်းတိုင်း မဖြစ်မနေ ဆိုကြသောသီချင်းက တူးတူး၏ “မိဆိုး”သီဖြစ်သည်။

အဲဒီနေ့ညက ကျွန်တော် သွားတော်တော်နာနေသဖြင့် သီချင်း လိုက်မဆိုနိုင်။ သို့သော် ကျွန်တော် ဝမ်းနည်းမနေခဲ့ပါ။ ကျွန်တော်က မေမီစိုးကို သိပ်စိတ်မဝင်စားသောကြောင့်ဖြစ်သည်။ အခုနေ ကျွန်တော် အဖြစ်ချင်ဆုံးဆန္ဒမှာ သွားနာနေတာ ပျောက်ချင်တာပဲရှိသည်။ ပြီးတော့ ကျွန်တော် ဒီညကို ကောင်းကောင်းအိပ်ပျော်ဖို့ပင်ဖြစ်သည်။

“ဟေ့ကောင် ခိုင်မင်း…ဘာဖြစ်နေတာလဲ!”

ထွန်းသိန်းက မေးသည်။

“သွားနာနေတယ်ကွာ၊ အာခေါင်တွေလည်း ပူနေတာပဲ…”

“ဒါများကွာ၊ ပုဏ္ဏရိပ်ရွက်ချူးပြီး သုံးခွက်တစ်ခွက်တင် ကြို… ခပ်နွေးနွေးမှာ ဆားခပ်ပြီးငုံလိုက်၊ ပျောက်သွားလိမ့်မယ်”

“လုပ်ဖူးတယ်ကွ!…မရဘူး…”

“ဒါဆိုရင်လည်း…စိန်သော့သာ ဝယ်သောက်လိုက်ကွာ!”

“စိန်သော့…!”

ကျွန်တော် နားမလည်နိုင်စွာမေးတော့ လှဦးက စိတ်ပျက်သလို မျက်နှာပေးနှင့် ကျွန်တော့်ကိုကြည့်သည်။

“တရုတ်ဆေးကွ…တော်တော်ကောင်းတယ်လို့ ပြောတာပဲ၊ ငါ့အစ်မကတော့ သွားကိုက်ရင် အဲဒါပဲ သောက်တာ…ဒါမှမဟုတ်ရင် လည်း အင်နာဂျက်ဆင် သောက်ကွာ”

“သွားကိုက်တယ်ဆိုတာ အပူပဲကွ…အပူတွေ ကြွလို့ဖြစ်တာ၊ မင်း မနက်စောစောထပြီး မန်ကျီးသီးနဲ့ ထန်းလျက်ခဲစိမ်ပြီး ဆားနည်း

www.linhtet.com



နည်း ခပ်သောက်လိုက်"

စကားဆုံးသည်နှင့် အရေးပေါ် သွားဆရာဝန်များမှ အတီး အဆိုသမားတွေ ပြန်ဖြစ်သွားကြသည်။ ကျွန်တော်ကတော့ နာနေသော သွားနှင့် ပူနေသောသွားဖုံးကို လျှာဖြင့်ထိုးကာ ဝေဒနာသက်သာလို သက်သက်ငြား ကြိုးစားနေမိသည်။

ထိုနေ့ညက ကျွန်တော် အန်နာဂျက်ဆင်ရော...စိန်သော့ပါ ဝယ်လာခဲ့သည်။ အိပ်ခါနီးတော့ ဘာသောက်ရမှန်းမသိ။ နောက်ဆုံး ကျွန်တော် အန်နာဂျက်ဆင်ကို ရွေးလိုက်သည်။ သောက်ပြီး (၁၀) မိနစ် ခန့်ကြာတော့ သွားဖုံးနာ နည်းနည်းသက်သာကာသွား၏။ နောက်ထပ် ငါးမိနစ်ခန့်ကြာတော့ သွားနာပါ ကျကာသွားသည်။ ကျွန်တော် တော် တော် ပျော်ကာသွား၏။

သွားကိုက်သွားနာနေသူအဖို့ ထိုဝေဒနာသက်သာသွားခြင်းသည် စကားလုံးဖြင့် ရေးပြ၍မရသော နိဗ္ဗာန်ပင်ဖြစ်သည်။

www.linhtet.com



## အခန်း(၃)

နောက် နေ့မနက် ကျွန်တော် လက်ဖက်ရည် မသောက်ပါ။

သွား…ထပ်နာမှာစိုး၍ဖြစ်သည်။ သူငယ်ချင်းတွေနှင့်တော့ အတူဆိုင်ထိုင်ဖြစ်၏။ 8:30 မှာ မေမီစိုး လမ်းထိပ်ကို ရောက်လာသည်။ သို့သော် သူတစ်ယောက်တည်းတော့ မဟုတ်၊ သူ့ညီမ မေမီမိုးနှင့်အတူဖြစ်၏။ ကျွန်တော် ရင်တစ်ချက် "ဖျပ်"ခနဲ ခုန်သည်။ မေမီစိုးကို မဟုတ်။

www.linhtet.com



မေမီမိုးကို ကျွန်တော် တွေ့ရခဲ့ပါသည်။

တစ်ခါတစ်ရံ အစ်မဖြစ်သူနှင့် ဝရံတာမှာ ခဏထွက်ရပ်လေ့ရှိပြီး လှစ်ခနဲ ပြန်ပျောက်သွားတတ်သည်။ ခြံထဲကို ပန်းပင်တွေ ရေလောင်းတာ ကလွဲပြီး ဆင်းလေ့မရှိ၊ သူကျောင်းသွားသည့်အချိန်က ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်ကထပြီး အိမ်ပြန်ရေချိုး ထမင်းစားသည့်အချိန်ဖြစ်နေသည်။

မေမီမိုးသည် တည်ငြိမ်စွာ ရပ်နေသည်။ ခေါင်းမော့ထားခြင်း လည်းမဟုတ်၊ ခေါင်းငုံ့ထားခြင်းဟုလည်း ပြော၍မရ။ မေမီမိုး၏ မျက်ဝန်း များက တည်ငြိမ်အေးချမ်းသည်။ ငြိမ်သက်စူးရှသည်။ မေမီစိုးက လက် ဖက်ရည်ဆိုင်ဘက်သို့ မျက်ဝန်းတွေ ခဏခဏ လွှင့်လွှင့်လာတတ်သော် လည်း မေမီမိုးကတော့ လုံးဝမကြည့်ပါ။

မေမီမိုးသည် သူ့အစ်မလောက် အသားမဖြူ၊ ကိုယ်လုံးမတောင့် သော်လည်း သူ့မျက်နှာ သူ့ပုံစံနှင့် အချိုးကျလိုက်ဖက်သည်ဟု ကျွန်တော် ထင်သည်။ နံနက်ခင်းနေရောင်ခြည်ထဲတွင် မေမီမိုး၏ ဆေးဖြင့်ဆွဲဖြောင့် မထားသော ဆံပင်များမှ ဆံစကလေးတွေ ထိုးထွက်နေကြသည်ကို ကျွန် တော် ငေးနေမိသည်။

"ရန်ဖြစ်တယ်ဆိုလို့ လိုက်ပို့တာ ထင်တယ်ကွ!"

"အေး...ဖြစ်နိုင်တယ်ကွ..."

"ဟော့ကောင်...ဟိုနေ့က သိန်းဇော် လိုက်မယ်ဆိုတာ အဆင် ပြေလား!"

"လိုက်တာ မဟုတ်ပါဘူးကွာ...ကိုဖိုးလုံး ကကကို ငှားပြီး ဖယ်ရီနောက်ကို လိုက်ကြည့်တာပါ၊ သူဘယ်မှာလုပ်တာလဲ သိချင်လို့တဲ့"

www.linhtet.com



"ဘယ်မှာလဲ! သိခဲ့လား!"

"ခြောက်မိုင်ခွဲဘက်မှာတဲ့"

"ဘာ Company လဲ!"

"အင်္ဂလိပ်လို ရေးထားလို့ သူမဖတ်တတ်ဘူးတဲ့၊ အသံမထွက်တတ်တာ နေမှာပေါ့"

"မထင်နဲ့နော်၊ ရှိထားတာလဲ ဖြစ်ချင်ဖြစ်မှာ…"

ထိုစဉ် ဖယ်ရီကား ရောက်ကာလာသည်။ စကတ်အတိုကြပ်ကြပ်ကလေးနှင့် ဖယ်ရီကားပေါ် လှမ်းတက်သော မေမီစိုးကို အားလုံးဝိုင်းကြည့်နေကြလိမ့်မည်။ ထိုအထဲတွင် ကျွန်တော်တော့ မပါ။ ကျွန်တော်ကတော့ မေမီမိုးကိုသာ ကြည့်နေခဲ့သည်။ ဖယ်ရီကားထွက်သွားတော့မှ မေမီမိုးက လှည့်ထွက်သွားသည်။ သူလမ်းလျှောက်ပုံက ညင်သာသည်။ သို့သော်…လွတ်လပ်မှုလည်းရှိသည်။ လမ်းကလေး ဆုံးသည်အထိ ကျွန်တော် လိုက်ငေးနေမိပြီး သူ မြင်ကွင်းထဲက ပျောက်သွားတော့မှ ဆူညံနေသော ကျွန်တော်တို့ဝိုင်းထဲတွင် ကျွန်တော် ပြန်ရောက်သည်။

ကျွန်တော် ဘာစကားမှ လိုက်မပြောဘဲ ငြိမ်ငြိမ်ကလေး ထိုင်ကာ ရင်ခုန်သံကို နားထောင်နေသည်။ ခဏကြာတော့ ကျွန်တော့်ရင်ခုန်သံက အရမ်းကျယ်လောင်စွာ မြည်နေသည်ကို အသေအချာကြီးကို ကြားရ၏။ ဟိုကောင်တွေ စကားသံတွေကိုပင် ဖုံးကာသွားသည်။

"ငါပြန်တော့မယ်ကွာ…"

"သွားကိုက်လို့လား!"

"အင်း…"

ကျွန်တော် ဆိုင်ထဲက ထွက်လာခဲ့သည်။ ကျွန်တော် ပျော်နေ

www.linhtet.com



သည်။ ပေါ့ပါးနေသည်။ ဘာကိုမှန်းမသိ ရှက်လည်းနေပြန်၏။ ဘယ်တုန်းကမှ မဖြစ်ဖူးခဲ့သော အမည်မဖော်တတ်သည့် ခံစားမှုသည်… ကျွန်တော့်ဝိညာဉ်ထဲမှာ ဟိုဟိုဒီဒီ လွန့်လူးရုန်းကန်လျက်ရှိ၏။

ကျွန်တော် နှုတ်မှ…"မိုး"ဟု တိုးတိုးကလေး ခေါ်ကြည့်သည့်အခါ ထိုအသံသည် နှလုံးသားထဲမှ အားအင်နှင့် ခုန်ထွက်လာကာ ကျွန်တော့်ခန္ဓာကိုယ်ထဲရှိ သွေးကြောများအနှံ့ စီးဝင်ဖြာကျသွားလေသည်။

အံ့သြဖို့ကောင်းစွာ ကျွန်တော့်သွားကိုက်ဝေဒနာသည် မနက်ကထက် လုံးဝသက်သာကာသွားသည်။

နောက်နေ့ စနေနေ့မှာ ကျွန်တော် အစောကြီးနိုးကာ ဗာဒံပင်ရိပ်ခုံမှာ ထိုင်နေမိသည်။ ဒီတစ်ကြိမ်တော့ ကျွန်တော့်မှာ မျှော်လင့်ချက်ရှိသည်။ စိတ်ကူးယဉ်စရာရှိသည်။ နူးညံ့သော ဆုတောင်းနှင့် ပြင်းထန်သော အာသာဆန္ဒရှိသည်။ ထိုအရာများကို ရင်ခုန်သံက တလှည့်စီ ရှင်သန်စေသည်။

"ခိုင်မင်း အစောကြီးနိုးလို့…အဟား…အေးပေါ့လေ၊ မင်းက ငါတို့ထက် ဒါကျတော့ သာသွားတာပေါ့၊ ဘယ်လိုလဲ! တွေ့သေးလား!"

"မတွေ့သေးဘူး…"

မနက်စောစောစီးစီး ကော်လံလည်ကတုံး မီးပူတိုက်နှင့် ဆိတ်ခွံပုဆိုးအသစ်ကို ဝတ်ကာ ခေါင်းကို ကြော့နေအောင် ဖီးထားသော မြင့်စိုးကို ကြည့်ရတာ အလှူအိမ်ရနံ့ကိုပင် ရလိုက်သလို ထင်မိသည်။

သူတို့က ကျွန်တော့်ကို မေမီစိုးအတွက် ထိုင်နေသည်ဟု ထင်နေကြသည်။ ကျွန်တော် ဘာမှရှင်းမပြခဲ့။ မေမီစိုးကို လက်လျှော့ချင်သူတွေ

www.linhtet.com



““မိုး””ဘက်ကို ရောက်လာမှာကို ကျွန်တော် အလိုမရှိပါ။

ကျွန်တော်တို့ လူစုံချိန်မှာ မေမီစိုးက သူ့တယ်လီယာခွေးကလေးနှင့် ခြံထဲဆင်းကာ ကစားသည်။ မိုးကိုတော့ လုံးဝမတွေ့ရ။ ကျွန်တော်ရင်မောရင်း ““စိုး”” ကစားနေသော ခွေးကလေးကို အဓိပ္ပာယ်မဲ့ ငေးကာနေမိသည်။

ခဏနေတော့...““စိုး””က ခွေးကလေးကို ထားခဲ့ကာ လမ်းထဲမှ စတိုးဆိုင်သို့သွားသည်။ ထွန်းသိန်းက ခုံပေါ်မှဆင်းကာ လက်ဖျောက်တစ်ချက်တီးရင်း ““စိုး”” သွားသည့်နောက်သို့ မခိုးမခန့်ပုံစံဖြင့် လိုက်ကာသွား၏။

““ဒီပုံမျိုးနဲ့ ရမယ်ဆိုရင် ဇက်အဖြတ်ခံတယ်ကွာ၊ မိန်းကလေးဆိုတာ သူတို့ကို ဂရုစိုက်လွန်းတဲ့သူဆိုရင် ဘယ်တော့မှ တန်ဖိုးမထားတတ်ဘူးကွ၊ လွယ်လွန်းတာကိုး...””

ခင်မောင်က မှုန်တေတေ မျက်နှာပေးနှင့် ဆိုသည်။

““အေး...သူတို့ကို ဂရုမစိုက်တဲ့လူဆိုရင်လည်း အရေးကို မလုပ်တာတွေ၊ တကယ်တော့ အချစ်ဆိုတာ ကံတရားရဲ့ဆုံစည်းမှုပဲ...””

မြင့်စိုးက ခင်မောင့်ကို နှိပ်ကွပ်ရင်း သူ့ကံတရားကို ဆွဲကာထည့်သည်။ ထိုစဉ် ““စိုး”” ပြန်ထွက်ကာလာ၏။ လက်ထဲမှာ ပုဇွန်ငါးမုန့်ထုပ်ကလေးနှစ်ထုပ်ကိုင်လို့။ ထွန်းသိန်းလည်း ထိုမုန့်နှစ်ထုပ်ကို ကိုင်ကာရောက်လာသည်။

““ငါက ခပ်တည်တည်ပဲ...သူ ပုဇွန်ငါးမုန့်နှစ်ထုပ်ဝယ်တော့ ငါလိုက်ဝယ်တယ်၊ ငါ့ကို တစ်ချက်ကြည့်ပြီးပြုံးတယ်ကွ...ငါလည်း ပိုက်ဆံအမ်းတာကိုစောင့်ရင်း စိုးက ပုဇွန်ငါးမုန့်ကြိုက်လား! ဆိုတော့

www.linhtet.com



ထပ်ပြုံးပြတယ်ကွ…စိုးက တခြားမိန်းကလေးတွေလို အိုက်တင်ဘာညာ သိပ်မခံဘူး၊ ပွင့်လင်းတယ်…အကြိုက်ချင်းတူတာကို စိတ်မဆိုးပြဘူး"

ထွန်းသိန်းက ပြောရင်း သူ့အထုပ်ကို ဖောက်သည်။ ကျွန်တော်က သွားအခေါင်းပေါက်ထဲဝင်လျှင် သွားကိုက်မှာစိုး၍ ငြင်းလိုက်သည်။ ဟိုကောင်တွေကလည်း ထွန်းသိန်း အောင်မြင်မှုကို မနာလို၍လားမသိ၊ ငြင်းကြသည်။ ထွန်းသိန်းက ပြုံးကာ သူ့အောင်မြင်မှုကို သူ့ဘာသာ အရသာခံပြီးစားသည်။

ခဏကြာတော့ စိုးတို့ခြံထဲက ရယ်သံမောသံနှင့် တယ်လီယာခွေးကလေးဟောင်သံကို ကြားရသည်။ စိုးက ပုဇွန်ငါးမုန့်ကို မြှောက်ကာပစ်သည်။ ခွေးကလေးက ဟောင်ရင်းပြေးရင်း ခုန်ကာဟပ်၏။ ဟိုနှစ်ကောင်ရယ်သံ ဆူညံကာသွားသည်။ ကျွန်တော်ကတော့ အားနာကာ ပြုံးပဲပြုံးဖြစ်သည်။ ထွန်းသိန်းပါးစပ်ထဲမှာ ငါးမုန့်တွေ နင်နေလိမ့်မည် ထင်သည်။

ထိုအချိန်မှာပင် မိုးနှင့်သူ့မိခင် ဈေးမှ ပြန်လာကြဟန်တူသည်။ မိုးက ဈေးခြင်းတောင်းကလေးကိုင်လို့…။ သူတို့ဘက်ကိုတော့ တစ်ချက်မှ လှည့်မကြည့်သော်လည်း သူ့ရင်ထဲမှာ…နွေးကာသွား၏။

တစ်ယောက်ယောက်ကို တစ်ဖတ်သတ် ချစ်ရသောဝေဒနာသည် သွားကိုက်ဝေဒနာနှင့် တော်တော်တူသည်ဟု ကျွန်တော်ထင်သည်။

ကြည့်လိုက်လျှင် လူက အကောင်းပကတိ။ ခံစားနေရသော ဝေဒနာက စက္ကန့်မလပ်ရှိလှသည်။ မခံရပ်နိုင်သည့်အဆုံး ကိုယ့်ဝေဒနာကို ကိုယ်ထုတ်ပြောပြတော့လည်း "သြော်…ဟုတ်လား!" ဆိုသည့် ဝတ်ကျေတန်းကျေ မျက်ဝန်းများကိုသာရမည်။ မည်သူ့ထံကမှ စေနာ

www.linhtet.com



သနားခြင်း၊ မျှဝေခံစားခြင်းကို ရလိမ့်မည်မဟုတ်…။

ကျွန်တော် မိုးကို အရမ်းကြီးကို ချစ်နေပါသည်ဟု ဖွင့်ပြောလျှင် သွားကိုက်နေတယ်…ပြောတုန်းကလိုသာ ကြည့်ကြလိမ့်မည်။ ထို့ကြောင့် ကျွန်တော် ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့။ အသွားအလာ အဝင်အထွက် နည်းလှသော ကာယကံရှင် မိုးသည်ပင်လျှင် မသိခဲ့။

တစ်နေ့တော့ မြင့်စိုးပြောသည့် ကံတရားဆိုတာကို ကျွန်တော် ကိုယ်တိုင် တွေ့ကြုံခံစားရလေသည်။

ထိုနေ့က ကျွန်တော် သွားကိုက် တော်တော်သက်သာနေသည်။ မိုးကို ထွက်စောင့်ဖို့ လမ်းထိပ်ရောက်တော့…ဒေါ်ခင်မြင့်၏ မုန့်တီဆိုင်က မုန့်တီအိုးကို မွှေလိုက်သဖြင့်…ပူပူစပ်စပ်ကြိုက်သော ကျွန်တော့်အာရုံ က ရခိုင်မုန့်တီဆိုင်ထဲ ရောက်ကာသွားသည်။ သွားနာနေသဖြင့် ဒီလို အစားအစာတွေနဲ့ ဝေးနေတာလဲ ကြာလှပြီ။

"ရခိုင်မုန့်တီတစ်ပွဲ…"

ရခိုင်မုန့်တီပူပူကိုသောက်ရင်း ကျွန်တော် စဉ်းစားနေမိသည်။ ခဏကြာလျှင်…ကျောင်းကားတွေ ရောက်လာတော့မည်။ ဒေါ်ခင်မြ ဆိုင်မှာ လူကြပ်တော့မည်။ မိုးတို့ ကျောင်းကားက နောက်ကျတတ်သည် ထားဦး…မိန်းကလေးတွေ တရုန်းရုန်းနှင့် ဒီဆိုင်ထဲမှာ ကျွန်တော့်ကို မိုးတွေ့မသွားစေချင်ပါ။

"မုန့်ဖက်သုတ် ရတယ်မဟုတ်လားဟင်! "

စကားသံကြောင့် မော့ကြည့်တော့…သူ့ရင်ထဲ အေးခနဲ ဖြစ် ကာသွားသည်။ မိုး…။ သို့သော်…ချက်ချင်းပင် သူ့ပါးစပ်နှင့် လည် ချောင်းတစ်လျှောက်လုံး ပူလောင်ကာသွားသည်။ သတိမေ့ကာ ရခိုင်

www.linhtet.com



မုန့်တီပုပုကြီးကို သောက်မိသည့်အတွက်ဖြစ်သည်။ လျှာပူသွားကာ ရေပ်သီးစိမ်းတောင့် အစပ်ကြောင့် ဦးနှောက်ထဲအထိ မွှန်ထူကာသွားသော်လည်း ပါးစပ်ထဲက ငုံထားသမျှကိုတော့ ပြန်ထွက်မသွားအောင် ထိန်းသိမ်းနိုင်ခဲ့ပါသည်။

ကျွန်တော် စက္ကန့်သုံးဆယ်လောက် ကမ္ဘာပျက်မတတ် ဒုက္ခရောက်သွားရသဖြင့် တုန်လှုပ်စိတ်နှင့် လှမ်းကြည့်တော့ ''မိုး''က ဒေါ်ခင်မြ လှမ်းပေးသော…မုန့်ဖက်သုတ်ကို လှမ်းယူကာစပင်ဖြစ်သည်။ ''မိုး''ဘာမှသတိထားမိဟန်မတူပါ။ သူ့လက်ထဲ ရောက်လာသော မုန့်ပန်းကန်ကိုသာ အာရုံစိုက်နေဟန်တူပါသည်။

ကျွန်တော် မုန့်တီဆက်မသောက်ရဲသေးဘဲ မိုးကို ခိုးငေးကာ ရေတစ်ခွက်ကို သောက်ရသည်။ ကျွန်တော့်ပါးစပ်ထဲက လျှာကျက်သွားသည်။ လည်ချောင်းထဲမှာ စပ်နေသည်။ မိုးကတော့ မုန့်ဖတ်သုပ်ကို ခပ်သွက်သွက် စားနေ၏။ မိုး…ဒီနေ့ ကျောင်းအစောကြီး ဘာဖြစ်လို့ ဆင်းလာတာလဲ! ကျောင်းမတက်ဘဲ တစ်နေရာကို လစ်တာလား! တစ်နေရာကို သူငယ်ချင်းတွေနဲ့ သွားတာလား! ဒါမှမဟုတ် ချစ်သူနဲ့လား! မိုးက အသားမဖြူပေမယ့် လက်ချောင်းကလေးတွေကျတော့ ရှည်ရှည်သွယ်သွယ်လေးပါလား!။

''ဘယ်လောက်ကျလဲဟင်! ''

''အကြော်နဲ့ဆိုတော့ ခုနစ်ဆယ်…''

ကျွန်တော် သတိဝင်တော့ မိုးက ပိုက်ဆံထုတ်နေပြီ။ ကျွန်တော် တစ်ဝက်ကျန်နေသော မုန့်တီကို မနမြောစွာ ထားပစ်ခဲ့ဖို့ စိတ်ကူးလိုက်သည်။

www.linhtet.com



"ဟင်! အကြွေမပါဘူးလား ညီမ..."

မိုးက ပိုက်ဆံအိတ်သေးသေးကို ဖွင့်ကာရှာသည်။ မိုးသည် ပိုက်ဆံတွေကို သေးသေးကလေးခေါက်ကာ ထည့်ထားတတ်မှန်း သတိထားမိလိုက်သည်။

"မပါတော့ဘူး အန်တီ...အဲဒါပဲ ရှိတယ်..."

မိုးပေးသောပိုက်ဆံက တစ်ထောင်တန်ဖြစ်သည်။ အခုမှ ဆိုင်စဖွင့်သော ဒေါ်ခင်မြဆီမှာ တစ်ထောင်တန် အမ်းစရာအကြွေရှိပုံမရ။ ဘေးက အကြော်ဆိုင်ကို လှမ်းအော်တော့လည်း အကြွေမရှိ။ မိုးက တစ်ထောင်တန်ကလေးကိုင်ကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ ဒေါ်ခင်မြကလည်း ဈေးဦးပေါက်ငွေကို အလွတ်ခံချင်ဟန်မတူ။ ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်သည်။

"ကျွန်တော် ဘယ်လောက်ကျလဲ! "

"ငါးဆယ်..."

"နှစ်ယောက်ပေါင်း ယူလိုက် အန်တီမြ...တစ်ရာ့နှစ်ဆယ် ယူလိုက်ပါ"

မိုးက ကျွန်တော့်ဘက် လှည့်ကာကြည့်သည်။ ကျွန်တော် မိုးကို တစ်ချက်ပြုံးပြလိုက်သည်။ မိုးက တစ်ထောင်တန်ကလေးကိုင်ကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေပုံရသည်။ ကျွန်တော့်ကို ပြန်ပြုံးမပြဘဲ တစ်ချက်စိုက်ကြည့်ကာ ဆိုင်ထဲမှ ထွက်သွားသည်။

ကျွန်တော် မိုးနှင့် ခပ်လှမ်းလှမ်းမှ လမ်းလျှောက်ကာ လိုက်လာခဲ့ပါသည်။ ကျွန်တော် မိုးကို သွားစကားပြောဖို့ မကြိုးစားပါ။ မိုး စိုက်ကြည့်သွားသော အကြည့်တစ်ချက်နှင့်ပင် ကျွန်တော် ကျေနပ်လိုက်ပါ

www.linhtet.com



သည်။ ထိုအကြည့်တစ်ချက်ကို အဓိပ္ပာယ်ဖော်ရင်း ကျွန်တော် ဘယ်သူ့ကိုမှ မပြောဘဲ တိတ်တိတ်ကလေး ချစ်ခဲ့သောအချစ်သည် ပြီးဆုံးသွားပြီး မိုး ကျွန်တော့်ကို သတိထားမိသွားပြီဆိုတာကို ကျွန်တော် အလေးအနက် ထားလိုက်သည်။

www.linhtet.com



"သွားကိုက်နေပြန်ပြီလား! "

ခင်မောင်က ဘာစကားမှမပြောဘဲ တိတ်တိတ်ကလေး ထိုင်နေသော ကျွန်တော့်ကိုကြည့်ကာ မေးသည်။

ကျွန်တော် မျက်လုံးကလေးနှစ်လုံးကို ဖမ်းနေတာ သူတို့မသိ။ မေမီစိုးက ဝရံတာမှာ Walk man ကက်ဆက်ကလေး နားမှာတပ်ကာ လူလုံးပြရင်း လှုဦးတို့အတွက် ပြိုင်ဘက်အသစ်များကို ထပ်မံစုဆောင်း လျက်ရှိသည်။

"မြင့်မောင် မနေ့က စာလိုက်ပေးတော့ စိုးက မဖတ်ချင်ဘူး၊ ရည်စားစာ ဖတ်ရတာ ပျင်းတယ်လို့ ပြောတယ်တဲ့ကွ"

ထွန်းသိန်းက သူကြားလာသောသတင်းကို ဖောက်သည်ချသည်။

"အဲဒီတော့ ဒီကောင် ဘာလုပ်လဲ! "

www.linhtet.com



"ဘာလုပ်ရမှန်းမသိတာနဲ့ လှည့်ပြန်လာခဲ့တယ်တဲ့"

"ငတုံးပဲ…စိုးက နှုတ်နဲ့ပြောလို့ အထာပေးတာကွ"

ခင်မောင်က မကျေမနပ်နှင့်ဆိုသည်။ မေမီစိုးသည် မည်သည့် ယောက်ျားလေးကိုမှ ရှက်ရွံ့တတ်သော ကြောက်လန့်တတ်သော မိန်းက လေးမျိုးမဟုတ်။ သူ့ကို စကားလိုက်ပြောလျှင် အေးအေးပင် ပြန်ပြော မည်။ သူ့ကို စာပေးသည့်အခါ ယူချင်လျှင်ယူမည်။ မယူချင်လျှင် ငြင်း မည်။ ပြဿနာရှာတာမရှိ။ ရန်တွေ့တာ သူ့ကို လိုက်နှောင့်ယှက်တယ်လို့ ယူဆတာမျိုးမရှိ။ သူလုပ်ပုံက သူ့ကို စိတ်ဝင်စားသူချင်း ရန်ဖြစ်ရမည့် ကိန်းမျိုးဟု ကျွန်တော်ထင်သည်။

ဒီတော့လည်း ကျွန်တော်တို့ယောက်ျားလေးချင်းက ကိုယ်ပိုင်ရင် ကိုယ်လိုက်၊ ကိုယ့်ကြိုက်ရင်ကိုယ်ယူ သဘောတူထားကြရ၏။ အခု ကျွန်တော်တို့အုပ်စုမှာပင်…ကျွန်တော်ကလွဲ၍ အားလုံး မေမီစိုးကို ကြိုးစားနေကြသူချည်းဖြစ်သည်။ သို့သော် အချင်းချင်းတော့ ပြဿနာ မရှိလှ။ တိုင်တိုင်ပင်ပင်ရှိကြသည်။

ကျွန်တော်လည်း ကျွန်တော့်အချစ်အကြောင်းကို သူတို့လိုပင် တိုင် ပင်ချင်သည်။ သို့သော် မည်သူ့ကို ထုတ်ပြောပြရမှန်းမသိ ဖြစ်နေသည်။ ကျွန်တော်ပြာပြမှ မေမီစိုးကို လက်လျှော့ကာ မေမီမိုးဘက် ပြောင်းလာ မည့်သူ ရှိလာနိုင်သဖြင့် စိတ်မချ ဖြစ်နေခဲ့သည်။

"ဟော့ကောင်…သွားကိုက်နေတာလားလို့ မေးနေတာ"

"အေး…နည်းနည်းနာနေတယ်"

"ပုဏ္ဏရိပ်ရှက်ပြုတ် မငုံဘူးလား! "

"လုပ်တာပဲကွ…မရဘူး၊ အင်နာဂျက်ဆင် သောက်ရင်တော့

www.linhtet.com



နည်းနည်းသက်သာတယ်"

"နေဦးကွ၊ မဂ္ဂဇင်းကွာ…ဟိုမဂ္ဂဇင်း၊ ဗမာဆေးတွေအကြောင်း ပါတဲ့ မဂ္ဂဇင်းထဲမှာ သွားကိုက်ပျောက်တဲ့ဂါထာ ပါတယ်ကွ၊ ငါ့အဒေါ် ကူးထားတာရှိတယ်"

"ဟုတ်လား! "

"ဟာ…မေမီစိုး၊ ဟော့ကောင် မေမီစိုး…"

ခင်မောင် အလန့်တကြား အော်သံကြောင့် အားလုံး လှမ်းကြည့် တော့ မေမီစိုးက ခြံထဲက ပန်းကမ္ဘာစက်ဘီးကို ထုတ်ကာ ထွက်လာ သည်။ ဂျင်းဘောင်းဘီအတို၊ တီရှပ်နှင့် ပန်းကမ္ဘာ စက်ဘီးအနီရောင် သည် ခဏချင်း အားလုံးကို ဖမ်းစားသွား၏။ အားလုံး ခုံတန်းပေါ်က ဆင်းလိုက်ကြသည်။

ထိုစဉ်မှာပင် ဝရံတာက ခေါ်သံတစ်ချက်ကို ကြားရသည်။ လှမ်းကြည့်တော့…"မိုး"။ မေမီစိုးကို တစ်ခုခု လှမ်းမှာဟန်တူသည်။ ပြီးတော့ ကျွန်တော့်ဘက် တစ်ချက်စိုက်ကာကြည့်သည်။ ပြီးတော့… ဝရံတာမှာ ခဏရပ်ကာ အိမ်ထဲပြန်ဝင်သွား၏။ ကျွန်တော့်ရင်ထဲ နွေး ကာသွားသည်။

"လာလေ…ဟော့ကောင် မလိုက်ဘူးလား! "

လှဦးက ကြောင်ငေးနေသော ကျွန်တော့်ကိုခေါ်သည်။

"သူက စက်ဘီးနဲ့…"

"အခွေဆိုင် သွားမှာထင်တယ်ကွ၊ လိုက်သွားရအောင်…"

"ငါနေခဲ့တော့မယ်ကွာ…"

ကျွန်တော် မိုး ပြန်အထွက်လာကို ထပ်တွေ့ရအောင် စောင့်နေ

www.linhtet.com



ခဲ့သည်။ ကျွန်တော့်ရည်ရွယ်ချက်က မိုးကို ကျွန်တော်က ဒီအိမ်ကလူ ဆိုတာ သိစေချင်သည်။ ပြီးတော့ ကျွန်တော် ဒီခုံမှာ ထိုင်တာ…မေမီစိုး အတွက်မဟုတ်။ သူ့အတွက်ဆိုတာကို သိစေချင်သည်။

သို့သော် ထုံးစံအတိုင်း မိုးက နောက်တစ်ခေါက် ပြန်ထွက်မလာ တော့ပါ။ ခုနက ဟိုကောင်တွေကို စကားအပိုအဖြစ် ပြောခဲ့သော… ကျွန်တော့်သွားကသာ နည်းနည်းနာစပြုလာ၏။ ကျွန်တော် အပျင်းပြေ လျှာနှင့်ထိုးကာ နေမိသည်။

www.linhtet.com



ဘတ်စ်ကားပေါ် ရောက်ကတည်းက မိုးက သူ့ခန္ဓာကိုယ်ကို လုံခြုံမှုရအောင်…ထောင့်ကလေးမှာ ကပ်နေသည်။ ကျွန်တော်က မိုးနှင့် သုံးယောက်လောက်အကြားမှာ ရပ်နေပြီး မိုး ကျွန်တော့်ကို မမြင်ပါ။

"အားလုံး ရှစ်ယောက်၊ ဟိုဘက်က လှမ်းမယ်…"

ကျွန်တော် ပိုက်ဆံနှစ်ဆယ် ထုတ်ပေးလိုက်သည်။

"ဟိုဘက်က…ကားခလှမ်းပါ၊ ဟိုဘက်က…ဟာ… အကြွေမပါဘူးလားခင်ဗျ"

"ဟုတ်ကဲ့! "

"စောစောစီးစီး သူဌေးနဲ့ တွေ့နေပါလား! အကြွေရှိရင်လုပ်ဗျာ"

ကျွန်တော် စိတ်ထင်လို့ လှမ်းကြည့်တော့ ရှက်နေသော မိုးကို

www.linhtet.com



တွေ့ရ၏။ ကျွန်တော် အိတ်ထဲက အကြွေနှစ်ဆယ်ထုတ်ကာ…"ကျွန်တော် ပေးလိုက်မယ်…" ပြောကာ လှမ်းပေးလိုက်သည်။

ထုံးစံအတိုင်း မိုးက တစ်ချက်စိုက်ကြည့်ကာ လှည့်သွားသည်။ မိုး သူ့ကို ကောင်းကောင်းမှတ်မိပုံပေါ်ပါသည်။ တစ်ထောင်တန်ကလေးကို ကိုင်ထားသော မိုးကို ကျွန်တော် ပြုံးကာကြည့်နေမိသည်။ တစ်ထောင်တန်တွေ ပေါ်ကာစက ကျွန်တော့်သူငယ်ချင်းတစ်ယောက်က အိတ်ထဲ တစ်ထောင်တန်ထည့်ကာ…လက်ဖက်ရည်သောက်လည်း အကြွေမရှိလို့၊ ကားစီးလည်း အကြွေမရှိလို့ဆိုပြီး လုပ်ဖူးတာကို သွားသတိရသောကြောင့်ဖြစ်သည်။

ကျွန်တော် မိုးကို အဲဒီလိုထင်သည့်အတွက် မဟုတ်ပါ။ ဖြစ်နိုင်လျှင် မိုးကို တစ်ထောင်တန်တွေ များများကိုင်စေချင်ပါသည်။ ဒါမှ ကျွန်တော် ကူညီလို့ရမှာမဟုတ်လား❗။ မိုးလက်ထဲမှာ ကိုင်ထားသော တစ်ထောင်တန်ကို စိတ်ကူးထဲက အာပွားပေးပစ်လိုက်၏။

ကားပေါ်က ဆင်းကတည်းက ကျွန်တော် နောက်ကပါလာမှန်း မိုး သိပါလိမ့်မည်။ ကားမှတ်တိုင်နှင့် မိုး ကျောင်းတက်ရမည့်အခန်းက ဘယ်လောက်ဝေးသလဲတော့ ကျွန်တော်မသိ။ မိုးကတော့ သူ့ခြေလှမ်းကို ပုံမှန်သာ လျှောက်ပါသည်။ ကျွန်တော် မိုးအနားကို ကပ်တော့ ရင်ခုန်သံကြောင့် လေထဲမှာ လမ်းလျှောက်နေသလို ထင်ရ၏။

"အကြွေးလိုက်တောင်းတာ မဟုတ်ဘူးနော်…"

ကျွန်တော့်ကို မိုးက တစ်ချက်ငဲ့ကြည့်ရင်း ခပ်ယဲ့ယဲ့ ပြုံးပြသည်။ မိုးနဲ့အတူယှဉ်တွဲလျှောက်ရင်း ကျွန်တော့်ကိုယ်ကျွန်တော် အံ့သြနေမိသည်။

ကျွန်တော်သည် ကိုယ်က ချစ်သည်ဟု ယူဆထားသော မိန်းက

www.linhtet.com



လေးတစ်ယောက် နောက်ကို အခုလို အလွယ်တကူ ဝင်ကပ်နိုင်လောက်အောင် သွေးအေးသူတစ်ယောက် မဟုတ်ခဲ့။ ယခင်…တစ်ကြိမ်နှစ်ကြိမ် အတွေ့အကြုံအရ ထိုစာမေးပွဲမှာပင် ကျွန်တော်ကျကာ နောက်ဆုတ်ခဲ့ရဖူးသည်။ အခုတော့ ကျွန်တော်သည် ထိုတုန်လှုပ်မှုကြီးမပါဘဲ ရင်ခုန်သံတစ်ခုတည်းနှင့်ပင် မိုး၏အနားကို ရောက်သွားခဲ့သည်။ လိပ်ပြာက ပန်းတစ်ပွင့်၏ဝတ်ဆံအိမ်ကို ခပ်တင်းတင်းပင် ချဉ်းကပ်ပုံမျိုးနှင့်တူသည်။

"ဟုတ်တယ်…ညက အကြွေအမ်းဖို့ မေ့တာ…"

"တစ်ခါတလေ ဒီလိုပဲ…ဘာမှမဟုတ်ဘဲ ဖြစ်တတ်ပါတယ်.."

"စပယ်ယာကလည်း အသံကိုပြဲနေတာပဲ၊ ဟုတ်တယ်…"

မိုးစကားဆုံးတော့ ကျွန်တော်တို့နှစ်ယောက် ပြိုင်တူရယ်ချလိုက်ကြသည်။ ဘာကိုရယ်တာလဲဆိုတာတော့ ကျွန်တော်လည်း သေသေချာချာ မသိခဲ့။

"ဒီကျောင်းကပဲလား! "

"မဟုတ်ဘူး၊ ကိုယ့်သူငယ်ချင်းက ဒီကျောင်းမှာ ကျူတာ၊ သူ့ဆီ ခဏလာတာ…"

"ဘယ်မေဂျာကလဲဟင်! "

"အရှေ့တိုင်းက! "

မိုးက မျက်လုံးကလေးပြူးကာ ပခုံးကိုတွန့်သည်။ သူ့မေဂျာနှင့် မတူ၍ဟု ကျွန်တော်ထင်သည်။ ကျွန်တော့်သူငယ်ချင်း ဒီကျောင်းမှာ မရှိပါ။ သူ့နောက်ကို ကျွန်တော် တမင်လိုက်တာ မဟုတ်ဟု မိုးကို သက်တောင့်သက်သာ ရှိစေရန်နှင့် ကျွန်တော့်ကိုယ်ကျွန်တော် သတ္တိမွေးရန်အတွက်သာ ဖြစ်ပါသည်။

www.linhtet.com



လျှောက်လာကြရင်း ကန်တင်းတစ်ခုရှေ့ကိုရောက်တော့ မိုးက ခဏရပ်ကာ ကန်တင်းထဲကိုကြည့်သည်။ ပြီးတော့…“ဘယ်သူမှ မရှိဘူး”ဟု တိုးတိုးရွတ်သည်။ မိုး…ပုံစံက ကန်တင်းထဲ ဝင်ရတော့မလိုလို၊ သူရှိနေသဖြင့် သူလိုက်လာမှာကို စိုးရိမ်နေသလို ထင်ရသည်။ ကျွန်တော် မိုး…စိတ်ညစ်သွားတာကို မကြည့်ချင်ပါ၊ ဒီနေ့၏ ကြိုးစားမှုက ထင်ထားတာထက် ခရီးပိုရောက်နေသဖြင့်…ကျေနပ်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်သည်။

“သူငယ်ချင်းတွေ စောင့်ချင်ရင်စောင့်လေ…ကျွန်တော် လိုက်မထိုင်ပါဘူး…မိုး…လွတ်လွတ်လပ်လပ် နေပါ”

မိုးက ကျွန်တော့်ကို အားနာသလို တစ်ချက်ကြည့်သည်။ ပြီးတော့ ခေါင်းကိုခါသည်။ ဘာအဓိပ္ပာယ်လဲဆိုတာတော့ ကျွန်တော်လည်း မသိ။

“ရပါတယ်…လက်ဖက်ရည် သောက်ချင်သောက်ပါလား! ”

ကျွန်တော် ဘယ်လောက် ဝမ်းသာသွားသည်ဆိုတာ ပြောစရာမလို။ ကျွန်တော့်ရင်ထဲမှာ လှိုက်ခနဲ တစ်ချက်ဖြစ်သည်။ ထိုခဏသည် လျှပ်စီးလက်လိုက်သလို ကျွန်တော့်စိတ်ထဲမှာ ထင်သွားသည်။ ပြီးတော့… မိုးကို လေးလေးစားစားလည်း ချစ်မိသွားလေသည်။

“နောက်ဆုံးကျတော့ အဲဒီတစ်ထောင်တန်ကို ဘယ်လိုလုပ်သလဲ!”

မိုးက စိတ်ဝင်တစားမေးသည်။ ကျွန်တော်က ခုနက ကားပေါ်မှာ စဉ်းစားမိသော သူငယ်ချင်းအကြောင်း ပြောပြခြင်းဖြစ်၏။

“နောက်ဆုံးကျတော့…သူငယ်ချင်းတစ်ယောက်က သူထုတ်ပြ

www.linhtet.com



တဲ့ တစ်ထောင်တန်ကို ခဏကြည့်မယ်ဆို ယူပြီး နံပါတ်ကို မှတ်ထားလိုက်တယ်၊ နောက်နေ့ တစ်ထောင်တန်ကိုထုတ်တော့ နံပါတ်ရွှတ်ပြပြီး သူ့ကို ဝိုင်းချွတ်ကြတာပေါ့ . . .''

မိုးက . . . ခေါင်းကလေးငုံ့ကာ ရယ်သည်။ ထိုအချိန်တွင် စားပွဲထိုးကလေးက ထမင်းသုပ်နှစ်ပွဲ လာကာချသည်။ မိုးက . . . ''ဒီဆိုင်က ထမင်းသုပ်က အရမ်းကောင်းတယ် . . .''ဟုပြောတော့ ကျွန်တော် ပြုံးကာပြလိုက်သည်။ စားစရာမှာတုန်းက ဘာရယ်မဟုတ်၊ မိုးမှာသော ထမင်းသုပ်ကိုပင် ကျွန်တော် လိုက်မှာခဲ့သည်။ ထိုစဉ်ကလည်း မိုးက ဒီလိုပင်ပြောခဲ့သည်။

စားကြည့်တော့ ထမင်းသုပ်က မိုးပြောသလိုပင် ကောင်းပါသည်။ မန်ကျည်းမှည့်ကလေးနှင့် သုတ်ထားသဖြင့် ပိုကောင်းသည်။ အာလူး၊ ပဲကြာဇံ၊ ငါးဖယ်၊ မြေပဲ၊ ကြက်သွန်ကြော်၊ နှမ်းတို့ပါပြီး ဆီချက်ရွှဲရွှဲကလေးနှင့်ဆိုတော့ စားရ အတော်အဆင်ပြေသည်။

ထမင်းသုပ်စားနေရင်း ကျွန်တော့်တစ်ကိုယ်လုံး မီးစနှင့် အထိုးခံလိုက်ရသလို ခံစားလိုက်ရသည်။ ကျွန်တော် ပါးစပ်ကို ဟ,ကာ ဝေဒနာကို စက္ကန့်နှစ်ဆယ်လောက် ခံစားလိုက်ရသည်။ ထိုစက္ကန့်နှစ်ဆယ်အတွင်း လောကကြီးရော မိုးပါ ကျွန်တော့်ရှေ့က ပျောက်ကွယ်သွားလောက်အောင် ဆိုးဝါးသော ဝေဒနာဖြစ်ပါသည်။ ကျွန်တော့်ညာဘက်အောက်အံသွားအခေါင်းပေါက်ထဲကို ထမင်းသုပ်မှ မြေပဲစ ထိုးဝင်သွားခြင်းဖြစ်၏။

စက္ကန့်နှစ်ဆယ်ခန့် အပြင်းအထန် နာကျင်ပြီးနောက် ဝေဒနာက ရုတ်တရက် ငြိမ်ကျသွား၏။ ကဲန်တင်း၏ဆူညံသံ၊ ပူလောင်အိုက်စပ်ခြင်း

www.linhtet.com



နှင့် ထမင်းသုပ်ကို ခေါင်းငုံ့ကာစားနေသော မိုး…စသည့် မြင်ကွင်းများသည် ကျွန်တော့်အသိစိတ်ထဲသို့ ခပ်ဝါးဝါး ပြန်ဝင်လာကြသည်။

အမှန်ဆိုလျှင် ထိုသွားအခေါင်းပေါက်ထဲဝင်သွားသော မြေပဲစ၊ ကို ကျွန်တော် ချက်ချင်း ထုတ်ပစ်သင့်မှန်း သိပါသည်။ (ကျွန်တော့်အိတ်ထဲတွင် သွားကြားထိုးတံ သုံးချောင်းတိတိ ပါလာပါသည်။) သို့သော်…မိုးရှေ့တွင် ပါးစပ်ကြီးဖြဲကာ သွားကြားထိုးရုံတင်မက သွားခေါင်းပေါက်ထဲက ကော်ထုတ်ရမှာကို မဖြစ်သင့်ဟု ကျွန်တော် ဆုံးဖြတ်လိုက်သည်။

ပြီးတော့ စက္ကန့်နှစ်ဆယ်လောက် ကျွန်တော့်အသည်းကို ဓားနှင့်မွှေသွားသလို နာကျင်သွားသော…ကျွန်တော့်ပါးစပ်ထဲက သွားကို အာရုံပြုကြည့်တော့ ပကတိ ဝေဒနာမရှိ ဖြစ်နေတာ တွေ့ရ၏။

"စပ်သွားလားဟင်! မိုးက ပုံမှန်မှာလိုက်တော့ သူ့အတွက် ငြုပ်သီးမှုန့် များသွားတယ်ထင်တယ်…"

မိုး…စကားကြောင့် ကျွန်တော် စက္ကန့်နှစ်ဆယ်အတွင်း ချွေးဘယ်လောက်ထွက်သွားသည်ဆိုတာကို သိရသည်။ ကျွန်တော် ရှက်ကာ နဖူးက ချွေးကိုသုတ်ရင်း ပြောရသည်။

"မစပ်ပါဘူး၊ မိုး အစပ်စားတယ်ဆိုတာ ရခိုင်မုန့်တီဆိုင်မှာကတည်းက သိသားပဲ၊ ပြီးတော့ ကိုယ်ကလည်း ရခိုင်မုန့်တီဆိုရင်…ငြုပ်သီး ထည့်စားနေကျလေ…"

မိုးက ပြုံးကာ ခေါင်းကိုငြိမ့်သည်။ ပြီးတော့…"ထမင်းသုပ်ကို မကြိုက်ဘူးလားဟင်…!" ဟုမေး၏။ ကျွန်တော့်ရင်ထဲ ကြည်နူးသွားပြီး ကျွန်တော့်ပန်းကန်ထဲမှာ တစ်ဝက်ကျော်ကျော် ကျန်နေသော ထမင်းသုပ်တွေကိုကြည့်ကာ…တစ်ချက်စဉ်းစားပြီးပြောရသည်။

www.linhtet.com



"ကြိုက်တာပေါ့…မိုးအရင်ကုန်သွားရင်…ဘေးလူတွေ မြင်မကောင်းမှာစိုးလို့ တမင်နှောက်ကျပြီးစားနေတာ…"

မိုးက အသံထွက်အောင်ပင် ဟက်ဟက်ပက်ပက် ရယ်သည်။

ဘာအဓိပ္ပာယ်မှန်း ကျွန်တော် မသိပါ။ ပန်းကန်ထဲက ထမင်းသုပ်တွေကို ကျွန်တော့်စကားအရ အကုန်စားသင့်သော တာဝန်ရှိသွားသဖြင့် စားရသည်။ ကျွန်တော် သတိထားပြီး ဘယ်ဘက်သွားနှင့် ဝါးရန်ကြိုးစားသော်လည်း အလေ့အကျင့်မရှိသည်ကတစ်ကြောင်း…မိုးရှေ့မှာဖြစ်နေတာက တစ်ကြောင်း…ကြောင့် ညာဘက်နှင့်သာ ဝါးမိတာများပါသည်။

ဒါပေမယ့် ထမင်းသုပ် ကုန်သွားသည်အထိ ကိုရွှေသွားက ထပ်မနာတော့။ အဲဒီနေ့က မိုးရဲ့စာသင်ခန်းရှေ့အထိ လိုက်ပို့ခဲ့ပြီး အိမ်ကို ပျော်ရွှင်စွာ ပြန်ရောက်ခဲ့ပါသည်။

၄ ၄ ၄ ၄

www.linhtet.com



www.linhtet.com



## အခန်း(၄)

နောက် တစ်နေ့မနက်မှာ ကျွန်တော် သွားနာနေသဖြင့် အိမ်ရှေ့ခုံကို မထွက်ဖြစ်ပါ။ သွားက ကိုက်သည့်အဆင့် မဟုတ်သေးသော်လည်း ခံတွင်းတစ်ခုလုံး မီးစနှင့်ထိုးခံထားရသလို နာနေတာတော့ အမှန်ပင်ဖြစ်သည်။ သွားနာတော့မှ သွားဆေးခန်းကိုသွားဖို့ သတိရသော်လည်း ကိုရွှေသွားက နေ့ခင်း(၁)နာရီလောက်မှာ အနာသက်သာသွားသည်။ ဒီတော့မှ···သွားနာစဉ်က ဘာတစ်ခုမှ အရေး

www.linhtet.com



မကြီးသော ကျွန်တော့်ပတ်ဝန်းကျင်က ပြန်လည်လှုပလာကာ ကျွန်တော့် ဘဝကို အဆက်အသွယ်တွေ ပြန်လာပေးသည်။

ကျွန်တော် လက်ဖက်ရည်ဆိုင်ကိုရောက်တော့…ဟိုကောင် တွေအားလုံး နှလုံးသား နာနေကြ၏။ သူတို့ပြောစကားအရဆိုလျှင် မေမီ စိုးက ကားနှင့်ဘာနှင့် လာခေါ်သော ငနဲတစ်ကောင်၏လက်ကို တွဲကာ ရယ်ရယ်မောမောနှင့် ထိုကားပေါ် ပါသွားသည်ဟု အစီရင်ခံရပါသည်။

“သူ့အစ်ကိုဝမ်းကွဲတွေ ဘာတွေ ဖြစ်ချင်ဖြစ်မှာပေါ့ကွာ…”

ခင်မောင်က ကျန်သည့်လူတွေကို နှစ်သိမ့်သလိုလို ဘာလိုလိုနှင့် သူ့ကိုယ်သူ အားပေးစကားဆိုသည်။ လှဦးနှင့် ထွန်းသိန်းက ငြင်း၏။

“ဟေ့ကောင်…ညီမကို ဘယ်အစ်ကိုမှ လက်တွဲပြီး အရှက်မရှိ မသွားဘူးကွ”

“ဟုတ်တယ်…ငယ်ငယ်တုန်းကဆို ထားတော့…အပျိုလူပျို အရွယ်ရောက်မှ ကိုယ့်နှမကို ဘယ်အစ်ကိုကမှ လက်တွဲပြီး မသွားဘူး၊ ဒါဟာ…သူ့ဘဲ ဖြစ်ကိုဖြစ်ရမယ်…”

ထွန်းသိန်းစကားဆုံးတော့ စကားဝိုင်းက တိတ်ကာသွားသည်။ ထွန်းသိန်းဆီမှာက နှစ်ယောက်တောင် ရှိတာဆိုတော့ သူ့စကားကို အ တည်ယူလိုက်ကြရ၏။ ကျွန်တော်ကတော့…သွားကလည်း မနာ၊ နှလုံး သားကလည်း မနာဆိုတော့ အေးအေးလူလူပင်ရှိသည်။

“သူက ပညာပြလွန်းအားကြီးတယ်ကွာ…သူ့မှာ ရှိနေရင်… ငါတို့ကို ဘာဖြစ်လို့ အိပ်မက်ပေးရတာလဲ! ”

မြင့်စိုးက ဒေါသတကြီးပြောသည်။ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်တဲ့အိပ်မက်ဆိုတာ သူက ပေးတာလား! ကျွန်တော်တို့ကပဲ

www.linhtet.com



ဖန်တီးယူတာလား! ကျွန်တော် စဉ်းစားနေမိသည်။ ဥပမာ မေမီမိုးမှာ ချစ်သူတစ်ယောက် ရှိပြီးသားဆိုပါတော့၊ သူနှင့်ပတ်သက်သော အိပ်မက်ကို ကျွန်တော်က ကိုယ့်ဘာသာ ယူမိခြင်းပဲ ဖြစ်ပါလိမ့်မည်။ ဒီလို တွေးမိတော့ ကျွန်တော် အရမ်းစိတ်ပူကာသွား၏။ ရင်ခုန်သံနှင့် စ,သော အိပ်မက်ဆိုတာကို ကျွန်တော်တို့က ကိုယ့်ဘာသာ ဖန်တီးယူဖြစ်တာများပါသည်။ ဒါကြောင့်...မိန်းကလေးတွေကို အိပ်မက်နတ်သမီးဟု တင်စားကြပုံရ၏။

"ဟုတ်တယ်ကွာ...ပညာပြန်ပေးဖို့တော့ ကောင်းတယ်၊ ငါကတော့ လုံးဝမကျေလည်ဘူး၊ Opening မှာတင် ဘုရင်မ အစားခံလိုက်ရတဲ့ ကလေးအကွက်နဲ့ ခံရတာမျိုးကွ...!! "

လှဦးက Chess စကားနှင့်ပြောတော့ အားလုံး တော်တော်ပေါက်ကွဲကုန်ကြသည်။ ကျွန်တော်ကတော့ အေးဆေးပေါ့။ ကျွန်တော်နဲ့ ဘာမှ,မှ မဆိုင်တာကိုး။

"ဟေ့ကောင် ခိုင်မင်း...မင်း ဘာပြောချင်လဲ! "

"ဘာမှမပြောချင်ဘူး၊ ငါမှ မတွေ့လိုက်ရတာ..."

"ငါတို့အားလုံး တွေ့တယ်ကွ၊ မင်းက ဘာကိစ္စ မနက်က ဆင်းမလာတာလဲ! "

"သွားနာနေလို့...!! "

"သေလိုက်ပါလား...မင်းသွားနာတာကလည်း..."

"မင်းမနာဖူးလို့ ပြောတာ...ခင်မောင်...သွားနာရင် သေသွားတာမှ ကောင်းသေးတယ်၊ ငါဖတ်ဖူးတဲ့ ဘာသာပြန်စာအုပ်တစ်အုပ်ထဲမှာ...သေဒဏ်ကျထားတဲ့ ရာဇဝတ်သားတစ်ယောက်က သွား

www.linhtet.com



မကိုက်၊ကိုက်အောင် အချိုတွေချည်းပဲ ဖိစားထားတဲ့…သူ့သွားကိုက်တဲ့ အချိန်ကျမှ လူဆယ်ယောက်က သေနတ်နဲ့ ပစ်သတ်တာကို ပြုံးပြုံးကြီး ခံသွားတာ…ဝေဒနာချင်း လဲတဲ့နေရာမှာ သွားကိုက်ဝေဒနာက… အဆိုးဆုံးပဲ…မင်းမှတ်ထား…!! ”

အမှန်တော့ ကျွန်တော့်ပါးစပ်ထဲရှိတာကို လျှောက်ပြောခြင်း ဖြစ်သည်။ သွားကိုက်ဝေဒနာကို အပြင်းအထန် ခံစားရချိန်တွင် ကျွန်တော် စိတ်ကူးမိတာကို ပြောချလိုက်ခြင်းဆိုလျှင် ပိုမှန်မည်ဖြစ်သည်။ ခင်မောင်လည်း စာနှင့်ပေနှင့်ဆိုတော့ ပါးစပ်ပိတ်ကာသွား၏။ လှဦးက တောက်တစ်ချက်ခတ်ကာ အံကိုကြိတ်ရင်း ပြောသည်။

“ဒါဆိုရင်…လက်စားချေမယ်ကွာ…”

“ဘယ်လိုချေမှာလဲ! ”

ထွန်းသိန်းက အားတက်သရော မေးသည်။

“သူ့ညီမရှိတာပဲ၊ မေမီမိုးလေ…ရအောင်လိုက်ပြီးမှ ဖြတ်ပစ်မယ်ကွာ…”

ကျွန်တော့်နှလုံးသား တစ်ချက်တော့ လှိုက်ခနဲ ဖြစ်ကာသွား၏။

ဒါပေမယ့် ဣန္ဒြေကို ဆည်ထားလိုက်သည်။ မေမီမိုးက မေမီစိုးလိုမဟုတ်၊ အနေအထိုင် ပိရိပြီး အေးဆေးသည်။ ပြီးတော့ ဒီကောင်တွေက သူ့အစ်မကိုသာ စိတ်ဝင်စားသူတွေဆိုတာကို မေမီမိုး သိထားပြီး ဖြစ်သည်။ နောက်တစ်ချက်က မိုးကို ကျွန်တော်က သူတို့ထက်ပိုပြီး ရင်းနှီးဆုံစည်းပြီးသား ဖြစ်နေသည်။ မိုးက ဘယ်အတန်း၊ ဘယ်အခန်း၊ ဘယ်အချိန် ကျောင်းသွားတက်သည်ဆိုတာကို ဒီကောင်တွေ လုံးဝမသိဘူးဆိုတာကို ကျွန်တော်သိသည်။

www.linhtet.com



"ပြောစမ်းပါဦး…ဘယ်လိုနည်းနဲ့လဲ! "

ကျွန်တော်က စိတ်ဝင်တစားဟန်နှင့် မေးရသည်။ ခင်မောင်က နားရွက်ကို ကုတ်သည်။ ထွန်းသိန်းက နှပ်ချေးခြောက်ကို နှိုက်နေ၏။ လှဦးက ရှေ့က အေးစက်နေသော ရေနွေးကြမ်းကို ကောက်ကာ သောက်သည်။ မြင့်စိုးက စီးကရက်တစ်လိပ်ကို မီးညှိရင်း ခဏာစဉ်းစားကာ ပြောသည်။

"ဒီနေ့ကစပြီး ငါတို့အားလုံး သူ့ညီမကိုပဲ လိုက်မယ်ကွာ…သူ့ကို ဂရုမစိုက်နဲ့တော့…အဲဒါ လက်စားချေတာပဲ…"

အားလုံးက ထောက်ခံကြသဖြင့်…ကျွန်တော်လည်း ပြုံးပြုံးကြီး သဘောတူပစ်လိုက်၏။ ဖြစ်နိုင်လျှင် သူတို့ကို နှစ်တစ်သန်းလောက် အကြောပေးလိုက်ချင်ပါသည်။

www.linhtet.com



နောက်ရက်တွေမှာ ကျွန်တော်နှင့်မိုး နေ့တိုင်းနီးပါးတွေ့ကြသည်။ ကျွန်တော်နှင့်တွေ့တိုင်း မိုး ပျော်ရွှင်နေတာကို တွေ့ရသဖြင့် သူ့အစ်မ ကိစ္စကို မမေးရက်လို့ မမေးဘဲနေခဲ့သည်။ သူနှင့်ကျွန်တော် ရင်းနှီးမှုမှာ မျက်ဝန်းတွေရော…အပြန်အလှန် ဂရုစိုက်မှုတွေရော…စကားမပြော သော နားလည်မှုတွေကိုရော…ကျွန်တော် အကုန်ရခဲ့သည်။

မေမီမိုးထံမှ အကြင်နာနှင့် နားလည်မှုကို တဖြည်းဖြည်း ရသလို ကျွန်တော့်ပါးစပ်ထဲတွင်ရှိသော…ကျွန်တော်ပိုင်သည်ဟု ထင်ရသော "သွား"…ထံမှလည်း တစ်စတစ်စ ဝေဒနာကို ခံစားလာခဲ့ရသည်။ ကျွန်တောက်လည်း ကျွန်တော်ပါပဲ…။ "မိုး"ကို လိုက်မည်ဟု ကြိမ်းထား သော သူငယ်ချင်းတွေကို ရှောင်ရတာတစ်မျိုး…၊ "မိုး"နှင့် တွေ့မည့် အချိန်ကို ကြိုပြီးတွေ့ရန် စောင့်ရတာတစ်မျိုးနှင့် ကျွန်တော့်သွားတွေကို

www.linhtet.com



ဂရုမစိုက်နိုင်ခဲ့။

ထိုနေ့မနက်အစောကြီး မြင့်စိုး ကော်လံလည်ကတုံးအင်္ကျီအသစ်နှင့် ကျွန်တော့်အိမ်ရှေ့ရှိ ဗာဒံပင်၏ခုံသို့ ခပ်ပြုံးပြုံးနှင့် ရောက်လာသည်။ အဲဒီနေ့က ကျွန်တော် သွားကိုက်နေခဲ့သည်။ သို့ပေမယ့် သိပ်ကြီးတော့ မဆိုး၊ ဝေဒနာမှာ ကျွန်တော့်ကို ဒုက္ခပေးရုံလောက်သာရှိ၏။ တစ်ကိုယ်လုံး စမတ်ကျကျ ပြင်ဆင်ထားသော မြင့်စိုးက ကျွန်တော့်ကို ဒုတိယအကြိမ်နှင့် တတိယအကြိမ် နှစ်ခါပေါင်းကာ ပြုံးပြ၏။ ထိုအပြုံးကြောင့် ကျွန်တော် သူ့ကို လှမ်းမမေး၍မဖြစ်တော့။ ဒီတော့ ကျွန်တော် "သွား" နာနာနှင့်ပင် စကားစလိုက်သည်။

"ဘယ်သူ မင်္ဂလာဆောင်လို့လဲ"

မြင့်စိုး တစ်ချက်တွန့်ကာသွား၏။ သူဝတ်စားထားသော အဝတ်အစားများကို တစ်ချက်ငုံ့ကာကြည့်သည်။ ပြီးတော့ မျက်နှာလည်း ပျက်ကာသွားသည်။ ခပ်တည်တည် စတုတ္ထအကြိမ်အပြုံးနှင့် ကျွန်တော့်ကို လှမ်းကြည့်ရင်းပြောသည်။

"ဘယ်သူက မင်္ဂလာဆောင်ရမှာလဲ…ဒီနေ့ ငါ့အလှည့်လေကွာ၊ ငါ့အလှည့်၊ မေမီမိုးအတွက် ဒီနေ့ ငါ့အလှည့်…"

သူ့ကို မေးခွန်းမေးပြီး နည်းနည်းနာနေသောသွားကို ရေငုံထားရသဖြင့် ကျွန်တော် ရုတ်တရက် ဘာမှပြန်မပြောနိုင်။ ဩော်…ရေငုံနှုတ်ပိတ်ဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့။ ကျွန်တော့်ပါးစပ်ထဲက ငုံထားသောရေများကို အလျင်အမြန် ထွေးချပြီး ကျွန်တော့် မြင့်စိုးကို စကားတစ်ခွန်းမေးမိသည်။ သေချာတာတော့ မေမီမိုး နာမည်ပါသဖြင့် ထိုအချိန်တွင် ကျွန်တော် ရင်တွေခုန်နေသည်။

www.linhtet.com



"မေမီမိုး…မေမီမိုးကိုး မင်းက ဘာအလှည့်လဲ!"

မြင့်စိုးက ပဋ္ဌမအကြိမ် ပြုံးပြန်သည်။ ပြီးတော့မှ သူ့အင်္ကျီနှင့် ပုဆိုးကို သပ်ရပ်အောင်ပြင်ပြီး ခဏအချိန်ဆွဲကာ ကျွန်တော့်ကို စကားပြန်သည်။

"ငါတို့ရဲ့ လက်စားချေမှု အစီအစဉ်လေကွာ၊ မေမီစိုး ငါတို့ကို လှည့်စားခဲ့လို့ သူ့ညီမ မေမီမိုးကို စလိုက်ဖို့ ဒီနေ့ ငါအလှည့်ကျတယ်"

"အလှည့်…အဲဒီအလှည့်ဆိုတာ ဘာလဲ!"

မြင့်စိုးက ဆဋ္ဌမအကြိမ် ပြုံးပြန်သည်။ ပြီးတော့ သူ့အင်္ကျီနှင့် လုံချည်ကို ဒုတိယအကြိမ် သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်ပြန်၏။ ပြီးတော့မှ ပြုံးလည်းမပြုံး၊ တည်လည်း မတည်သောမျက်နှာဖြင့် ကျွန်တော့်ကိုကြည့်ကာ ပြောသည်။

"မေမီမိုးကို လိုက်ဖို့ လှဦးရယ်၊ ထွန်းသိန်းရယ်၊ ခင်မောင်ရယ်၊ ငါရယ် မဲနှိုက်ကြတယ်ကွာ၊ ပထမဆုံး မဲကို ငါပေါက်လို့ ဒီနေ့ မေမီမိုးကို စလိုက်ဖို့ ငါ့အလှည့်ရောက်လာတာ…"

ကျွန်တော် တစ်ခွန်းမှ ပြန်မပြောနိုင်။ သူတို့ အစီအစဉ်တွင် ဘာကြောင့် ကျွန်တော့်ကို မထည့်သလဲဟု မေးတော့ မေးချင်သည်။ ဒါပေမယ့် ကျွန်တော် မမေးဖြစ်။ ကျွန်တော် သွားကိုက်နေတာနှင့်ပဲ သူတို့က ကျွန်တော့်ကို ချန်ထားလိုက်ပုံပေါ်သည်။

ကျွန်တော်နှင့် မေမီမိုး၏ ရင်းနှီးခင်မင်မှုကိုလည်း သူတို့ သိပုံမရ။ ပြီးတော့ ကော်လံလည်ကတုံး ဆိတ်ခွန်ပုဆိုးနှင့် စနိုးပါးပါးလူးထားသော မြင့်စိုးကို မေမီမိုး၏စိတ်နှင့် မည်သို့မှ မတွေ့နိုင်ကြောင်း ကျွန်တော် ခန့်မှန်းကာ ပထမဦးဆုံးအကြိမ် ပြုံးလိုက်သည်။

☺ ဒေါပြဲမြဲ ☺

www.linhtet.com



"မေမီမိုးကို လိုက်မှာ ဘာဖြစ်လို့ ငါ့အိမ် အရင်လာရတာလဲ!"

"သူကျောင်းထွက်ဖို့ မင်းအိမ်ရှေ့က စောင့်ချင်လို့ပေါ့ ငတိရဲ့"

ကျွန်တော် သွားကိုက်နည်းနည်းပျောက်သွားသည်။ ထို့အတွက် မြင့်စိုးကို ကျေးဇူးတင်ရပါသည်။

"လာလေကွာ…မင်း ငါနဲ့အတူ စောင့်ပေးပါလား!"

ကျွန်တော်က ထုံးစံအတိုင်းပင် သစ်ပြီးသော မျက်နှာကို ရေမသုတ်ပဲ မြင့်စိုးနှင့်အတူ ကျွန်တော့်အိမ်ရှေ့ ဗာဒံပင်ခုံတွင် ထိုင်ချလိုက်၏။ မြင့်စိုးကလည်း ကျွန်တော့်နံဘေးတွင် ဝင်ထိုင်ရင်း တတိယအကြိမ် သူ၏အင်္ကျီနှင့် လုံချည်များကို ပြုပြင်ပြန်သည်။ ပြီးတော့ ကျွန်တော့်ဘက်ကို လှည့်ကာမေး၏။

"ငါအဆင်ပြေရဲ့လား"

"အင်း…စနိုးလူးထားတာ နည်းနည်းများနေတာ တစ်ခုပဲ"

"ဟိတ်ကောင် ခိုင်မင်း၊ ဟုတ်ရဲ့လားကွာ…ငါ ပါးပါးလေး လူးထားတာပါကွ"

"ဒါတော့ မသိဘူး၊ ငါမြင်တာ ငါပြောတာပဲ"

မြင့်စိုး အလန့်တကြားဖြင့် သူ့မျက်နှာကို သူပွတ်သည်။ ဒီတော့မှ သူ တော်တော် တင်ထားသော စနိုးတွေက ဘယ်ဘက်ပါးပေါ်တွင် အကုန်စုပုံသွား၏။ ကျွန်တော် ရယ်ချင်ပါသည်…ဒါပေမယ့် ကျွန်တော် မရယ်ရက်ပါ။ နှလုံးသားတစ်ခုကိုဖွင့်ဖို့ နှလုံးသားနှင့် ကြိုးစားနေသော လူတစ်ယောက်ကို ကျွန်တော် အားနာနာနှင့် အလွန်ကိုယ်ချင်းစာနေမိသည်။ ဒါပေမယ့် သူတို့က မေမီစိုးကို အနိုင်ရဖို့အတွက် မေမီမိုးကို လိုက်ဖို့ ကြိုးစားကြခြင်းဖြစ်သည်။ ကျွန်တော်ကတော့ ကျွန်တော့်နှလုံးသား

www.linhtet.com



၏ တစ်စင်းသောမြွားကိုပစ်ရန် ကြံစည်နေသူတစ်ဦးသာဖြစ်သည်။ ထို အချိန်မှာပင် မေမီမိုး အိမ်ထဲမှာ ဣန္ဒြေရရဖြင့် ထွက်လာသည်။ မြင့်စိုး ခေါင်းသည် ပါးပျဉ်းခွက်သော မြွေတစ်ကောင်လို ထောင်ကာသွား၏။ ပြီးတော့ ကျွန်တော့်ကိုပင် ပြုံးမပြနိုင်တော့ပဲ…“ခိုင်မင်းရေ ငါသွားပြီ ဟေ့” ဟု နောက်ကျောနှင့်သာ နှုတ်ဆက်သွားသည်။

ကျွန်တော်ငေးကြည့်တော့ မိုးက တည်တည်ငြိမ်ငြိမ်ပင် ရှေ့မှ သွားနေသည်။ မြင့်စိုးက မိုး၏နောက်မှ မတည်မငြိမ်ပုံစံဖြင့် ပါကာသွား သည်။ ကျွန်တော့်ရင်ထဲမှာ တစ်ခုခုဟာနေတာကို ကျွန်တော် တိတိကျကျ သေသေချာချာကို ခံစားလိုက်ရသည်။ ထိုအချိန်မှာပင် ကျွန်တော့်သွားက လည်း ပြန်ကာနာလာ၏။

လှလှပပ ဣန္ဒြေရှိရှိနှင့် “မိုး”ကို တွေ့လိုက်ရစဉ်တုန်းက ကျွန် တော့်သွားသည် မနာ၊ ဘာဝေဒနာ ခံစားမှုမှလည်းမရှိ…အခုကျမှ ဘာကြောင့် သွားသည် နာရသနည်း။ ရင်သည် ဘာကြောင့် ဟာသွားရ သနည်း။ တဒုတ်ဒုတ်နှင့် ရင်ခုန်နေသော နှလုံးသားသည်လည်း ဘာကြောင့် နာနေရသနည်း။ ထိုအရာသည် “အချစ်” ဖြစ်သည်ဟု ဆိုလျှင် ကျွန်တော် သွားကိုက်သည့်ဝေဒနာမှလွဲ၍ ကျန်ဝေဒနာအားလုံး ကို မခံစားချင်တော့ပါ။

www.linhtet.com

## အခန်း(၅)

"ကျွန်တော် စကားလေးတစ်ခွန်းလောက် ပြောပါရစေ…

မေမီမိုး လှည့်ကြည့်တော့ ကော်လံလည်ကတုံးနှင့် အဝါရောင် ပုဆိုးအကွက်စိပ်ကို ဝတ်ထားသော လူတစ်ယောက်ကို တွေ့ရသည်။ ရေမွှေးနံ့နှင့် မျက်နှာမှ စနိုးအနံ့ကိုလည်း…သူမ တစ်ကြိမ်တည်း ခံစားလိုက်ရသည်။

'ဟုတ်ကဲ့ …မင်္ဂလာဆောင် သွားမလို့လားရှင့်၊

www.linhtet.com



ကားမသိဘူးဆိုရင် ဒီမှတ်တိုင်က (၃၈)ကားက မြို့ထဲကို ရောက်ပါတယ်၊ (၅၆)ကားလည်း မြို့ထဲကို ရောက်ပါတယ်ရှင့်"

မေမီမိုးသည် ထိုစကားကို ပြောပြီးသည်နှင့် တည်တည်ငြိမ်ငြိမ် ပင် ရပ်နေသည်။ မြင့်စိုး အူကြောင်ကြောင်နှင့်…ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

"ဟုတ်ကဲ့…ကျွန်တော်သွားမှာက အဲဒီနေရာတွေ မဟုတ်ဘူး ခင်ဗျ…"

"ဟုတ်တယ်လေ၊ ဒီမှတ်တိုင်တွေက ဒဂုံဘက်ကို သွားတဲ့မှတ်တိုင် ပဲ၊ မြို့ထဲကိုဆိုရင် ရှင် ဟိုဘက်ကို သွားစီး"

စကားဆုံးသည်နှင့် မေမီမိုးသည် ဣန္ဒြေရရပင် မြင့်စိုး၏ နံဘေး မှ နည်းနည်းခွာကာရပ်သည်။ မှတ်တိုင်တွင် ရပ်နေသောလူများကလည်း ဝှံ့ဝှံ့စားစား တောက်တောက်ပြောင်ပြောင် ဝတ်စားလာသော မြင့်စိုးကို ကြည့်ကာ…တောသား မြို့ရောက်ဟု ထင်ကြပုံပေါ်၏။

"ဦးလေး…ဘယ်သွားမလို့လဲ၊ ဘာအခက်အခဲများရှိသလဲခင်ဗျ"

ဦးလေးဆိုသောစကားကြောင့် မြင့်စိုးသည် တွန့်ကနဲဖြစ်ကာ သွား၏။ သူ၏ဝတ်စားဆင်ယင်မှုကြောင့် ကူညီလိုသူတစ်ဦးက သူ့အား ဦးလေးဟု ယဉ်ကျေးစွာခေါ်ခြင်းသည် သေချာတာတော့ ထိုလူသည် သူ့ထက်…အသက်ဆယ်နှစ်လောက်ကြီးကြောင်း…ကျမ်းကျိန်၍ ပြောဝံ့ပါသည်။

"ဟို…ဒီလိုဗျ၊ ကျွန်တော်က ကျွန်တော့်ကိစ္စနဲ့ ကျွန်တော်ပါ၊ ဟို…ဟို…ဒဂုံဘက် သွားမလို့ဗျ"

စေတနာရှင် လူကြီးသည် ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

www.linhtet.com



“ဒါများ ဦးလေးရယ်၊ ဒဂုံဆိုတော့ တောင်လားမြောက်လား”

မြင့်စိုးစိတ်ထဲတွင် တော်တော် ခံပြင်းကာသွား၏။

“တောင်လား မြောက်လားဆိုတာ ခင်ဗျား ကျွန်တော့်ကို ဘာသဘောနဲ့ ပြောတာလဲ!…ခင်ဗျားက ကျွန်တော့်ကို ဘာမှမသိတဲ့ ကောင်လို့များ ထင်နေသလား!”

မြင့်စိုးသည် ခေါက်ရိုးမကျေအောင် မီးပူတိုက်ထားသော သူ၏ အသစ်စက်စက် ပုဆိုးကြီးအား နှစ်ကြိမ်သုံးကြိမ် ပြန်ဝတ်ကာ…ထိုလူကြီးကို ရန်တွေ့သည်။ ထိုလူကြီးက ခပ်အေးအေးပဲ ရယ်နေသည်။

“တောသား မြို့ရောက်ဆိုတာ ဒါမျိုးပေါ့ကွာ…ငါထင်တော့ ထင်သားပဲ…မင်း ဘယ်တောက ရန်ကုန်တက်လာတာလဲ…!”

မြင့်စိုး တော်တော် ဒေါသဖြစ်သွားသည်။ လှမ်းကြည့်တော့ မေမီမိုးက နှုတ်ခမ်းကလေး ကွေးရုံသာပြုံးပြီး…ခေါင်းကိုတော့ ငုံ့ထားသည်။ မှတ်တိုင်မှာ ရပ်နေသောလူများအားလုံးကတော့ သူ၏ ဒေါသကြောင့် ထိုလူကြီးနှင့် သူ့ကို ဝိုင်းကာ ငေးကြည့်နေကြသည်။

“ဟေ့လူ…ဟေ့လူကြီး၊ ကျုပ်က ရန်ကုန်သားဗျ၊ ရန်ကုန်သား၊ ခင်ဗျား ဘာတွေ လာပြောနေတာလဲ…!”

“ဦးလေးရာ…ရန်ကုန်သားလဲ ဆိုသေး၊ ဒဂုံကို သွားမယ်လို့ လည်းပြောသေး…အဝတ်အစားကလည်း တောဂိုက်နဲ့ ဝတ်လာသေး… ပြီးတော့ တောင်လားမြောက်လားလို့ မေးတာကိုလည်း…စိတ်ဆိုးသေး၊ ဒဂုံမှာ တောင်နဲ့မြောက် ရှိတယ်ဆိုတာ ဦးလေး မသိဘူးလား… ကျွန်တော်က ဦးလေး ဒီပုံစံကိုကြည့်ပြီး အဆင်မပြေမှန်းသိလို့ လာကူညီတာပါ”

www.linhtet.com



မြင့်စိုး တော်တော် အကျပ်တွေ့သွားသည်။ လူတွေကလည်း သူ့ကို ဝိုင်းကြည့်နေကြ၏။ အရှက်ကွဲခံရသဖြင့် နဖူးမှာ ချွေးတွေစို့နေ၏။ မေမီမိုးကိုကြည့်တော့ သူ့မျက်နှာကလေးကို ငုံ့သည်လည်းမဟုတ်၊ မော့သည်လည်းမဟုတ်၊ နှုတ်ခမ်းကတော့…ပြုံးကာနေသည်။

"ဟေ့လူကြီး…ခင်ဗျား သွားတော့ဗျာ၊ ကျုပ် ရန်ကုန်သားဗျ၊ ရန်ကုန်သား၊ ကျုပ် ဒဂုံတောင်ပဲဖြစ်ဖြစ်၊ မြောက်ပဲဖြစ်ဖြစ်၊ အရှေ့ပဲ ဖြစ်ဖြစ်၊ အနောက်ပဲဖြစ်ဖြစ်၊ ကြိုက်တဲ့နေရာ သွားလို့ရတယ်…ကျုပ် ကိစ္စရှိလို့ ကျုပ်ဘာကျုပ်မေးတာ လာမရှုပ်နဲ့ဗျာ"

"အော်…ဒါဆိုရင်လည်း ရပါတယ် ဦးလေးရယ်၊ ဝတ်ကောင်း စားလှကြီးနဲ့ လမ်းမှားမှာစိုးလို့ ဦးလေးကို ကျွန်တော်က သတိပေးတာပါ"

"တော်ပြီဗျာ၊ ကျုပ်ဘာကျုပ် လမ်းပဲမှားမှား၊ ဘာပဲမှားမှား ခင်ဗျားနဲ့မဆိုင်ဘူး"

"ရတယ် ရတယ်၊ ကားလာရင် ကျွန်တော်ပြောပါ့မယ်"

ထိုလူကြီး အနားမှ ခွာသွားသောအခါ မြင့်စိုး မေမီမိုးရှိရာဘက်သို့ လှမ်းကာကြည့်သည်။ သို့သော် မေမီမိုးကို မှတ်တိုင်တွင် မတွေ့ရတော့။ မှတ်တိုင်မှ ခပ်လှမ်းလှမ်းတွင် ဖြတ်သွားသော ကားတစ်စီးကိုသာ တွေ့ရ၏။ ကားသည် ထွက်ကာစမို့ အရှိန်က နှေးသေးသည်။ ဒီတော့ မြင့်စိုး ယောကျ်ားတို့၏အားဖြင့် ပြေးကာလိုက်သည်။ သို့သော် ကားက Second ဂီယာချိန်းပြီး မြန်မြန်မောင်းသွားသဖြင့် မြင့်စိုး ထိုကားကိုမမီ၊ မှတ်တိုင်မှလူများကလည်း မြင့်စိုးကို ဝိုင်းကြည့်ကာ ရယ်သူရယ် ပြုံးသူပြုံး နှင့် အားလုံး စိတ်ဝင်စားနေကြ၏။

ဟတ်ထိုးဟတ်ထိုး ဖြစ်နေသော မြင့်စိုးကို ခုနက လူကြီးက

www.linhtet.com



လာ၍ပွေ့သည်။

"ဦးလေးရယ်…ဒီကားမမှီလည်း (၂၀၃)ကား ရှိပါသေးတယ်၊ ဒဂုံကို အရှေ့ကော…အနောက်ကော…တောင်ကော…မြောက်ကော…သိတယ်ဆိုရင် အဲ့ဒီကားပဲ စီးသွားတော့"

သူ့ကို ဝိုင်းကြည့်နေသောမျက်လုံးများအောက်တွင် မြင့်စိုး တော်တော်ရှက်သွားလေသည်။ ထိုအရှက်ကို ခုခံရန်အတွက် မြင့်စိုး အသံကျယ်ကျယ်ဖြင့် အော်ကာ ပြောလိုက်သည်။

"ဟေ့လူကြီး…ဘာမှအော်မနေနဲ့ဗျာ၊ ကျုပ်ရန်ကုန်သားဗျ၊ ရန်ကုန်သား၊ ကျုပ်ဘာသာကျုပ် ကက ငှားပြီးသွားမယ်"

မြင့်စိုး ဒေါသတကြီးနှင့် လမ်းမပေါ်တွင် ခုန်ပေါက်ကာ ကက တစ်စင်းကို ငှားသည်။ မှတ်တိုင်ရှိ လူများက ထိုးဆိုက်လာသည့် ကားပေါ်ကိုပင် မတက်နိုင်ဘဲ မြင့်စိုး၏အဖြစ်ကိုကြည့်ပြီး ငေးနေကြသည်။ မြင့်စိုးကို ကူညီခဲ့သော ဦးလေးကြီးက မှတ်တိုင်အတွင်းသို့ ပြန်လာပြီး နားထင်ကို လက်ညှိုးနှင့်ထောက်ကာ လက်ခါပြ၏။

မှတ်တိုင်မှ လူတွေအားလုံး သဘောပေါက်သွားကြသည်။ "သြော်…ဝတ်ကောင်းစားလှနဲ့ သူဌေးသားလေးတစ်ယောက် စိတ်မနှံ့ဖြစ်နေတာ စိတ်မကောင်းစရာဘဲ…"ဟု သူတို့အချင်းချင်း တိုးတိုးတမျိုး ကျယ်ကျယ်တစ်မျိုး ပြောကြသည်။

ထိုအချိန်မှ ဘတ်စ်ကားမှတ်တိုင်တွင် လူအုပ်ထဲမှ ကိုယ့်ကိုယ်ကို ဝှက်ပြီးထိုင်နေသော မေမီမိုး မတ်တပ်ထရပ်သည်။ မနက်ကတည်းက ဒီလူ့ကို ခိုင်မင်းတို့အိမ်ရှေ့တွင် တွေ့ပါသည်။ တော်တော်ကြောင်စီစီနိုင်တဲ့လူပါလားဟု သူ့စိတ်ထဲမှ တွေးသည်။ ပြီးတော့ ခိုင်မင်း ဘာလို့

www.linhtet.com



ဒီနေ့ သူနောက်လိုက်မလာသလဲဟုလည်း တွေးသည်။ သူ့ကို ဘာဖြစ်လို့ ဒီနေ့လိုက်မလာတာလဲဟု စဉ်းစားသည်။ ဒါပေမယ့်...အဖြေက မပေါ်!! မေမီမိုး၏ နှလုံးသားသည် ခုန်နေ၏။ မကျေနပ်မှုဖြင့် ခုန်ရသော နှလုံးသားသည် တော်တော်ကြီးကို ခံစားရခက်ပါသည်။

www.linhtet.com



ခိုင်မင်း ဒီနေ့ သွားက တဆစ်ဆစ်ဖြင့် နာနေသည်။

ဒါပေမယ့်…သွားကိုက်တာထက် နှလုံးသားကိုက်သံက ပို၍ အသံမြည်နေသည်။ ဒါပေမယ့်…သူ လက်ဖက်ရည်ဆိုင်သို့ သူငယ်ချင်းများနှင့် ထွက်လာခဲ့သည်။ လှဦးက Chess သမားတို့၏ စကားဖြင့်… အဖွင့်စကားကိုဆိုသည်။

"မြင့်စိုးရဲ့အဖွင့်ကို တို့သိဖို့ သူ့ကို ကြည့်ဖို့မလိုဘူးလား…!"

"ဒီကောင်က Opening နဲ့တင် Ending ရောက်သွားပါပြီကွာ"

လှဦး၏စကားကို ထွန်းသိန်းက ပြုံးသည်။ ခင်မောင်က သူရိတ်ထားသော မုတ်ဆိတ်များကို တစ်ချက်သပ်ပြီးရယ်သည်။ ခိုင်မင်းကတော့ စကားတစ်ခွန်းမှ မပြော…။ သူ့စိတ်ထဲမှာ ဒီပွဲသည် ဘယ်သူရှုံးမလဲ ဆိုတာကို နှလုံးသားထဲက သိပြီးဖြစ်နေသည်။ အကြြင်နာတရားသည်

www.linhtet.com



လူတစ်ယောက်၏စိတ်ကို ယုံကြည်စေတတ်၏။ တစ်ခါတစ်ရံလည်း သံသယဖြစ်စေတတ်၏။ သို့သော် ခိုင်မင်းသည် ယုံကြည်မှုဘက်က ခိုင်ခိုင်မာမာပင် ရပ်လိုက်သည်။ သူ့နှလုံးသားသည် ယုံကြည်မှုဘက်သို့ ပြုတ်ကျသွားသည့်အတွက် သူ့ဦးနှောက်သည်…သူ့နှလုံးသားဘက်မှာ ခိုင်ခိုင်မြဲမြဲ ရပ်တည်ဟန်တူပါသည်။ ထွန်းသိန်းက စိတ်မချသလို မေးသည်။

"ဟိတ်ကောင်…ဒီကောင် ဒီအချိန်ထိ ပြန်မလာဘူးဆိုတော့ အဆင်များ ပြေနေပြီလား!"

လက်ဖက်ရည်ဆိုင်ရှိ သူငယ်ချင်းအားလုံး ဘာစကားသံမှ ပြန်မပေးကြ။ သူတို့သောက်ချင်သည့် လက်ဖက်ရည်အမျိုးမျိုးကို မှာပြီးမှပင် သူတို့ထိုင်ခုံသည် ကျနွေ့ရသွားသည်။ ထွန်းသိန်း၏စကားကို မည်သူမှ ပြန်မဖြေသည့်အတွက် ထွန်းသိန်းစိတ်ထဲတွင် တော်တော်ရှက်စိတ်ဝင်နေသည်။ ခိုင်မင်း၏စိတ်မှာပင် သူ့မျှော်လင့်ချက် ရင်ခုန်သံသည် အဖြေတစ်ခုခုကို လိုချင်လျက်ရှိ၏။

မေမီမိုးကို သူတို့ချစ်ခြင်းသည် သူတို့ရချင်ခြင်းသည် ရိုးသားသော ခံစားချက်မဟုတ်…။ သူ့အစ်မ မေမီစိုးကို လက်စားချေချင်ခြင်းသာဖြစ်ပါသည်။

မရိုးသားသောချစ်ခြင်းကို သူ ဘယ်တော့မှ ယုံကြည်လိမ့်မည် မဟုတ်ပါ။ သူ မေမီစိုးကို မချစ်ခဲ့၊ ချစ်လို့မရပါ။ သူ့နှလုံးသား စ,ခုန်လာခြင်းသည် မေမီမိုးနှင့် စတင်တွေ့ဆုံစဉ်ကပင်ဖြစ်သည်။ အရွယ်ရောက်လာကတည်းက ကိုယ်တမ်းတခဲ့သည့်ချစ်သူကို 'သူ'ပါလားဟု သူ့စိတ်ထဲမှာ အကြိမ်ကြိမ် အောက်မေ့မိသည်။

www.linhtet.com



"ဒီနေ့ မေမီမိုးကို မြင့်စိုး လိုက်လို့ အဆင်များ ပြေသွားမလား!"

လှဦးက ခပ်တည်တည်ဖြင့် မေးသည်။

"ဒီအချိန်ထိမှ ဒီကောင် ပြန်မလာရင်တော့…ဒီကောင့်ရဲ့ Opening အဖွင့်ကတော့ အဆင်ပြေပြီထင်တယ်ကွ…"

ထွန်းသိန်းက မကျေမနပ်စိတ်ဖြင့် ပြောသည်။

"မြင့်စိုးလို ခပ်ထူထူကောင်မျိုးကို မိုးလေးက ဘယ်တော့မှ မရွေးဘူးကွ…"

ခင်မောင်က ဒီနေ့မှ ရိတ်ထားသော သူ့နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးများကို သပ်ကာ…

"သေချာပြီလား…ဒီကောင် လုံချည်အသစ်၊ အင်္ကျီအသစ်နဲ့ ထွက်သွားတာနော်…ဒီကောင် ပုဆိုးကြီး မ,ပြီး အိမ်ပြန်ရောက်လာမှာ ပါကွာ"

စကားဝိုင်းသည် အတန်ငယ် တိတ်ဆိတ်သွား၏။ ခိုင်မင်း၏ ရင်ထဲတွင် စိုးရိမ်စိတ်တွေ ပိုကာသွားသည်။

"ဒီကောင်တွေ ပြောသလို မြင့်စိုးနှင့် မေမီမိုး အဆင်များ ပြေသွားကြပြီလား!"

ထိုအချိန်တွင် သူ့သွားက တစ်ချက်နာသည်။ နို့ဆီပါသော လက်ဖက်ရည်ကို သောက်မိ၍ဟုထင်သည်။ ဒါပေမယ့်…နှလုံးသားထဲက နာတာက စိုးရိမ်ကြောင့်ကြမှုများ၍ကြောင့်ဟု သူထင်သည်။ ထိုအချိန်မှာပင် ခင်မောင်၏ အားရဝမ်းသာအသံကြီးကို ကြားလိုက်ရသည်။

"ဟေ့…ဟိုမှာ မြင့်စိုးကွ…မြင့်စိုး…လုံချည်ကြီးကို မလို့…ခါးကလည်း ကိုင်းလို့…ဒီပုံစံဆိုရင် နောက်တစ်နေ့ ငါ့အလှည့်

www.linhtet.com



ပေါ့ကွာ…"

ခင်မောင်၏ အားရဝမ်းသာအသံကို သူငယ်ချင်းအားလုံး ဝိုင်းငေးကြသော်လည်း…ထိုငေးသည့်အထဲတွင် ခိုင်မင်း မပါ,ပါ။ သူ့'သွား' က…တော်တော်လေးနာလာသဖြင့်…"ပြန်မယ်ကွာ"ဟု…သူပြောပြီး ဆိုင်မှ ထထွက်ခဲ့သည်။

သူ့ဆီမှာ ရင်နာစရာမရှိတော့…။ 'သွား'နာသံပဲ ရှိပါတော့သည်။ ရင်နာတာကမှ ပိုကောင်းသေးသည်…'သွား'နာသံက နားထင်နှစ်ဖက်ကို တူနှစ်လက်နှင့် ထုနေသလိုရှိ၏။ သွားကိုက်ပုံစံနှင့် ပြန်လာသော သူ့ကို အိမ်ရောက်တော့ မေမေက ဆီးကြိုကာမေးသည်။ မေမေ့မျက်နှာတွင် ကြင်နာစိတ် စိုးရိမ်စိတ်တို့ တွေ့လိုက်ရ၏။

"သား…!! မျက်စိပျက်မျက်နှာပျက်နဲ့ ဘာဖြစ်လာတာလဲ"

" 'သွား'…မေမေ၊ 'သွား'…'သွား'…"

သူ့မေမေသည် တော်တော်အံ့အားသင့်သွားပုံရ၏။ ပြီးတော့ ဒေါသလည်း ဖြစ်သွားပုံရလေသည်။

"ဟဲ့…ခိုင်မင်း၊ နင် ငါ့ကို ဘယ်တုန်းက ဒီလိုပြောခဲ့ဖူးလို့လဲ၊ နင်က ငါ့ကို "သွား"လို့ ပြောရအောင် ငါက နင့်ကို စေတနာနဲ့ မေးတာ မဟုတ်ဘူးလား…ဟဲ့"

ခိုင်မင်းလည်း တော်တော် အူကြောင်ကြောင် ဖြစ်ကာသွား၏။ သူ့အမေကို ကြောင်ငေးကြည့်နေစဉ်ပင်…သူ့အမေ၏လက်က သူ့ခေါင်းကို နှစ်ချက်လောက် ခေါက်ပြီးဖြစ်နေပြီ။

"ကျွန်တော် 'သွား'ကိုက်လွန်းလို့…အိမ်ပြန်လာတာပါ အမေရာ…အဲ့ဒါကို ကျွန်တော် 'သွား' 'သွား'လို့ ပြောမိတာပါ၊ အမေ့ကို

www.linhtet.com



နှင်တာ မဟုတ်ပါဘူး…”

အမေသည် တွေခနဲ သူ့ကို တစ်ချက်လှမ်းကြည့်သည်။ ပြီးတော့မှ စိတ်လျှော့သွားသည့်ပုံစံဖြင့် သူ့ကို လှမ်းပြောသည်။

“အဲဒါဆိုလည်း…‘သွား’ကိုက်နေတယ်လို့ ပြောပါလား… ခိုင်မင်းရဲ့…နင်က ‘သွား’ ‘သွား’ဆိုတော့ စိတ်ကြီးတဲ့ ငါ့လက်က နင့်ခေါင်းပေါ် ရောက်တာပေါ့…ပုဏ္ဏရိပ်ပြုတ်ရေ သောက်မလား၊ ဆားရေငုံမလား…”

အမေ မေးတော့မှ သူ့ကိုယ်သူ ခံစားကြည့်သည်…။ သွားကိုက်ဝေဒနာသည် သူ့တွင်မရှိတော့…။ အမေ၏ နှစ်ချက်ခေါက်လိုက်သောခေါင်းကြောင့်လား…! စိတ်အပြောင်းအလဲကြောင့်လား! ရင်ခုန်သံကြောင့်လား…! သူလည်း မသိတော့…။

“ရပြီ အမေ…ရပြီ၊ ကျွန်တော် သွားကိုက် သက်သာသွားပြီ၊ ကျေးဇူးနော် မေမေ…”

ထိုနေ့တစ်ညနေခင်းလုံး ခိုင်မင်း အိမ်ထဲမှာ အိပ်နေသည်။ ‘သွား’ကိုက်ပျောက်သည့်အချိန်သည် သူ့အတွက် တော်တော် ဇိမ်ရှိသည့်အတွက် ထိုဇိမ်ကို သူ ယူနေခြင်းသာဖြစ်၏။ သူသည် မေမီမိုးအကြောင်းကို စဉ်းစားသည်။ ပြီးတော့ သူ့ရင်ခုန်သံကို သူနားထောင်သည်။ နောက်ဆုံးတော့…အေးအေးဆေးဆေးကလေး အိပ်ပျော်သွားခဲ့၏။

သူ့အမေ ဒေါ်မြကြည်ကတော့…သူ့သားကလေးကို သူ ခေါင်းနှစ်ချက်ခေါက်လိုက်သဖြင့်…သူ့သားကလေး မနက်စာပင် မစားကာ သူ့ကို စိတ်ကောက်ပြီး အိပ်သွားသည်ဟုထင်ပြီး…စိတ်မကောင်းဖြစ်နေသည်။

☺ ဒေါ်ဦးမြာ ☺

www.linhtet.com



ခိုင်မင်း၏ အိပ်မက်ထဲမှာတော့…မေမီမိုးသည် နှုတ်ခမ်းနီလည်းမဆိုး၊ ဘယ်သူ့ကိုမှလည်း မကြည့်ဘဲ…အိမ်ထဲက ထွက်လာပြီး ကျောင်းသို့ ထွက်သွားသည်ဟု…မြင်မက်နေသည်။

အချစ်ဆိုတာ…တစ်ခါတစ်ရံ ထိုသို့ဖြစ်တတ်ပါသည်။

www.linhtet.com



နောက်တစ်နေ့တွင် သူငယ်ချင်းငါးယောက် လက်ဖက်ရည်ဆိုင်တွင်ဆုံသည်။ ရှက်ရှက်နှင့် ပြောနေသော မြင့်စိုး၏အဖြစ်ကို သူငယ်ချင်းအားလုံးက မျက်ဝန်းထဲတွင် ဝမ်းသာသလို ပြုံးကြသည်။ သို့သော်…သူတို့ပြောကြသောစကားများကတော့…စိတ်မကောင်း စကားများသာ ဖြစ်၏။

“မင်းအင်္ကျီအဝတ်အစားတွေ တောက်တောက်ပြောင်ပြောင် ဝတ်သွားတယ်ဆိုတော့…ငါတို့က အဆင်ပြေပြီထင်တာပေါ့ကွာ..”

လှဦး၏စကားကြောင့် မြင့်စိုး နောက်သို့လှန်ကာသွားသည်။

“ဒီလောက်လည်း အချိန်အကြာကြီးဆိုတော့…မင်းနဲ့သူ အဆင်ပြေသွားပြီလို့…ငါတို့က တွေးနေတာ…”

ထွန်းသိန်းက စိတ်မကောင်းဖြစ်သည့်အသံ ပါသော်လည်း…

www.linhtet.com



ဟန်က ဝမ်းသာအားရ ဖြစ်နေသည်။ ခင်မောင်ကတော့…ဘာကိုမှ ဂရုမစိုက်သည့်ပုံနှင့် စကားခပ်ပြတ်ပြတ် ဝင်ကာမေးသည်။

"မင်းကို သူက…ဘာပြောလွှတ်လိုက်သလဲ…!"

မြင့်စိုး ခဏစဉ်းစားသည်။ ပြီးတော့…သူငယ်ချင်းတွေကို ကြည့်သည်…ပြီးတော့ အဝေးကြီးကို လှမ်းကာ ငေးသည်။ ပြီးတော့မှ စကားကို ဖြည်းဖြည်းပြောသည်။

"ငါဖြစ်ခဲ့တာတွေအားလုံး…မင်းတို့ကို အားလုံးပြောပြပြီးပြီပဲ၊ ခံစားလာရတဲ့ ငါ့နှလုံးသားကို…မင်းတူ့ ဆက်ပြီး မနှိပ်စက်ချင်ပါနဲ့တော့ကွာ…"

ခင်မောင်က မနေ့ကမှ ရိတ်ထားသော သူ့မုတ်ဆိတ်ကို သပ်ရင်း…ပြုံးကာနေသည်။ ပြီးတော့မှ…စကားတစ်ခွန်းကို ပြတ်ပြတ်သားသားပြောသည်။

"ဒါဆိုရင်…ငါ နောက်နေ့ 'မိုး'ကို ငါ မလိုက်သေးဘူး…တစ်ရက်လောက်တော့…သူ့နှလုံးသားကို ငါ စောင့်ကြည့်ချင်သေးတယ်ကွာ…"

ထိုအချိန်ကျမှ ခိုင်မင်းသည်…သူတို့ မဲဖောက်ထားသည့် အစီအစဉ်အတိုင်း ဒုတိယလူမှာ…ခင်မောင်ဖြစ်ကြောင်း သိလိုက်ရသည်။ ခိုင်မင်း…စကားတော့ မပြော…။ သို့သော်…သူ့ရင်သည် ခုန်နေ၏။ ထိုရင်ခုန်သံသည်…ခင်မောင့်အတွက်မဟုတ်…မေမီမိုးအတွက်…သီးသန့်ဖြစ်ကြောင်း…သူကိုယ်တိုင် သိလိုက်ရသည်။

"ဒါဆို မင်း ဘယ်နေ့လိုက်မှာလဲ…!"

လှဦး၏ အမေးကို ခင်မောင်က…ရိတ်ပြီးခါစ သူ့နှုတ်ခမ်းမွေး

www.linhtet.com



နှင့် မုတ်ဆိတ်မွေးများကို သ,ရင်း…ခပ်ပြုံးပြုံးဖြင့်ဖြေသည်။ ပြီးတော့ အင်္ကျီမှ ကြယ်သီးတစ်လုံးကို ဖြုတ်ပစ်လိုက်သည်။ ခင်မောင်သည်… သူ့ရင်ဘတ်မှာရှိသော ရင်ဘတ်မွေးကလေးများကို….တော်တော် ယုံကြည်သူဖြစ်သည်။ ဒါကြောင့်မို့…ခင်မောင် ဂျိမ်းစ်ဘွန်းကားကို… ကြိုက်တာပဲဟု…ခိုင်မင်း တွေးမိ၏။

"ငါ့နှုတ်ခမ်းမွေးနဲ့ မုတ်ဆိတ်မွေးတွေ ရှည်လာတဲ့နေ့ကျရင်… ငါ သူ့ကို လိုက်မယ်ကွာ…"

ထွန်းသိန်းက ဝင်ကာ ခနဲ့သည်။

"အေးလေ…မင်းပြောထားတာ…ငါတို့ကို တစ်ရက်လို့ ပြောထားတာမဟုတ်လား…! တတိယလူက ငါဆိုတော့…ငါလည်း စိုးရိမ်တာပေါ့ကွ…"

"ငါ့နှုတ်ခမ်းမွေးနဲ့ ပါးသိုင်းမွေးတွေ နည်းနည်းရှည်လာတဲ့နေ့ဟာ ငါ သူ့ကို စလိုက်တဲ့နေ့ပဲ…အားလုံးရှေ့မှာ ငါပြောတာနော်…"

တစ်ဝိုင်းလုံး ခေါင်းတညိတ်ညိတ်ဖြင့်…ငြိမ်သက်သွားကြသည်။ ခင်မောင်၏ကတိကို သူတို့ လက်ခံလိုက်ကြပုံပေါ်၏။ ခိုင်မင်းက တော့…တစ္ဆေတစ်ကောင်လိုပဲ ထိုဝိုင်းမှာ ထိုင်နေရသည်။ မေမီမိုးနှင့် ပတ်သက်၍…သူသည် ဘာမှအသုံးမဝင်သည့် လူတစ်ယောက်လို… ဖြစ်နေ၏။ သူ့အချစ်သည်…ချစ်ပြီးစကတည်းက…နှလုံးသားထဲမှာ ဝှက်ထားရသော…အချစ်ဖြစ်နေသည်။ ထွန်းသိန်းက ခပ်ပြုံးပြုံးနှင့် ပြောသည်။

"ဒါဆိုရင်…မင်းနှုတ်ခမ်းမွေးနဲ့ ပါးသိုင်းမွေးအတွက်… မေမီမိုးကို အချိန်သုံးရက် ပေးလိုက်တာလား…!"

www.linhtet.com



"ဟော့ကောင် ထွန်းသိန်း…ဒါ လက်စားချေတဲ့ကိစ္စကွ… ဒါပေမယ့် ချစ်သွားရင်တော့ ရည်းစားပဲ…"

လှဦးက ရယ်သည်။ မြင့်စိုးက မဲ့ရင်းပြော၏။

"အေးလေ…မင်းလဲ မင်းကျွမ်းကျင်သမျှနည်းလမ်းနဲ့ ပြော ကြည့်ပေါ့၊ ငါ့လို ဝတ်ကောင်းစားလှ ဝတ်သွားတဲ့သူကိုတောင် အဖက် မလုပ်တာ…မင်းလိုကောင်မျိုးကို ဟိုက ပါးချမလွှတ်ရင် ကံကောင်းပဲ"

မြင့်စိုးက…ဟက်ခနဲ တစ်ချက်ပြုံးသည်။ ပြီးတော့…သူ၏ ကောင်းဘွိုင်ဦးထုပ်ကို ဆွဲဆောင်းပြီး…ထ,ရပ်သည်။

"မိန်းကလေးဆိုတာ…အဝတ်အစားလှတဲ့လူကိုမှ ကြိုက်တာ မဟုတ်ဘူးကွ…ဆွဲဆောင်မှုရှိရင် အချစ်ဆိုတာ…ဘာမဆိုဖြစ်နိုင်တာ ချည်းပဲ…"

စကားဆုံးဆုံးချင်း…ခင်မောင်က လက်ဖျောက်တစ်ချက်တီး ကာ…သူတို့ဝိုင်းမှ ထ,သွားသည်။ ထွန်းသိန်းရော…လှဦးရော… မြင့်စိုးရော ဟက်ဟက်ပက်ပက် ရယ်ကာ ကျန်ခဲ့၏။

ခိုင်မင်းကတော့ မရယ်နိုင်…။ သူ မရသော အကယ်ဒမီပွဲကို တက်နေရသည်ဟု သူ့စိတ်ထဲမှာ ခံစားရသည်။ ခင်မောင်ပြောသလိုပင် မေမီမိုးသည်….ရင်ခုန်သံနှင့် နှလုံးသားကို လဲမည့်သူလား…! ဒါမှ မဟုတ်…မာနယုံကြည်ချက်ဖြင့် ကိုယ့်နှလုံးသားကိုကိုယ်…စောင့် ရှောက်မည့်သူလား…! ထိုမေးခွန်းနှစ်ခုကို 'သွား' နည်းနည်းနာလာ သဖြင့်…သူလည်း မဖြေနိုင်…။ သူထ,ရပ်တော့ သူငယ်ချင်းတွေက ဝိုင်းကြည့်ကြသည်။

"ဟော့ကောင် ခိုင်မင်း…မင်း ဘာဖြစ်လို့လဲ…သွားနာပြန်ပြီ

www.linhtet.com



လား…!"

လှဦး၏အမေးစကားကို သူ ခေါင်းပဲ ညိတ်ပြခဲ့သည်။ ပြန်ပြော ချင်တာကတော့…'သွား'ရော…နှလုံးသားရော နာသည်ဟု ပြော ချင်ပါသည်။

ခိုင်မင်း…ဒီနေ့ည ဘာအိပ်မက်,မက်မယ်မှန်း သူကိုယ်တိုင် မသိပါ။

ကိုယ့်အိပ်မက်ကိုပင် ကိုယ်မပိုင်သောဘဝမှာ…သူ့အိမ်တွင် သူအိပ်နေသော မိန်းကလေးတစ်ယောက်ကို…ချစ်ရတာ တော်တော် ပင်ပန်းလှပါကလားဟု…သူတွေးရင်း…အိမ်သို့ ပြန်လာခဲ့သည်။

www.linhtet.com



www.linhtet.com



# အခန်း(၆)

ထိုနေ့က တော်တော်စိတ်ညစ်ညစ်နှင့် ကျောင်းမှ ပြန်ခဲ့ရသည်။

ကိုယ်က မချစ်သော ယောကျ်ားတစ်ယောက်က… ကိုယ့်ကို ရည်းစားစကားလာပြောတာလောက်…အပျိုရွယ် ဘဝတွင် ဒုက္ခရောက်တာမရှိ။ ဒီနေ့ ဒီဒုက္ခကို သူခံစားလိုက် ရသည်။

သူ…စိတ်ဆိုးသည်။ ဒေါသလည်း နည်းနည်းတော့

www.linhtet.com



ဖြစ်မိ၏။ အဆိုးဝါးဆုံးကတော့ စိတ်ညစ်ခြင်းသာဖြစ်သည်။ ဒါပေမယ့် မိန်းမတို့၏ မာယာအတိုင်း…ကိုယ်လက်မခံချင်သူကို…ရှောင်နိုင်ခဲ့သည်။

ခပ်ပေပေ ဖြစ်နေသော သူ့မျက်နှာကိုကြည့်ပြီး…သူ့အစ်မ မေမီစိုးက…"နင် ဘာဖြစ်လာသလဲ" ဟု…တိုးတိုးမေး၏။ သူ အကြောင်းစုံ ဖွင့်ပြောပြလိုက်တော့…အစ်မဖြစ်သူက တော်တော် ပျော်ရွှင်သွားသည့်ပုံစံဖြင့် တဟားဟားရယ်သည်။ လက်ခုပ်ပင် နှစ်ချက် သုံးချက် တီးလိုက်သေး၏။ ပြီးတော့မှ သူ့အစ်မဖြစ်သူ မေမီစိုးက… သူ့ကို စကားပြောသည်။

"အင်း…ငါ့ညီမကိုလည်း ချစ်တဲ့သူတွေ ရှိသေးတာကိုး"

"ညီမလေးက…ဘယ်သူ ချစ်တာမှ မခံချင်ဘူး၊ ကိုယ်ကပဲ ချစ်ချင်တယ်"

"မိုး…ငါပြောမယ်…မိန်းကလေးဆိုတာ သူကပဲ ချစ်ချစ် ကိုယ်ကပဲ ချစ်ချစ် ဘာများကွာလို့လဲ…"

"နှလုံးသားတစ်ခုစာ ကွာတာပေါ့ မမရဲ့…ကျွန်မက မချစ်ပဲ ကျွန်မကို ချစ်တဲ့လူကျတော့ ကျွန်မက ဘယ်လိုလုပ် စကားပြောနိုင်မှာလဲ"

"ညီမလေးရယ်…ယောကျ်ားတွေဆိုတာ အလကားနေရင်း ချစ်ဖို့…ကြိုးစားနေကြတဲ့လူတွေပါကွာ…သူတို့ ချစ်တယ်ပြောရင် ကိုယ်က ရယ်ပြလိုက်…ပြုံးပြလိုက်…ပြီးတော့…သူတို့ကို… ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေပြောပြီး…ခပ်ကြောင်ကြောင် လုပ်လွှတ် လိုက်…ပြီးတဲ့အခါကျတော့…ပြီးသွားရော…ယောကျ်ားဆိုတာ

www.linhtet.com



ချစ်ဖို့ကောင်းတာ တစ်ခုတည်းလို့ ညီမလေး ထင်လား! မမ ရည်းစားတွေ အများကြီး ထားဖူးတယ်၊ ဒါပေမယ့်…တစ်ယောက်ကိုမှ မမ မချစ်ဘူး"

ထိုစကားအဆုံးတွင် မေမီမိုးသည် အဝတ်လဲနှင့်ပြီးသည် ဖြစ်သည်။ ပြီးတော့ သူ့ရင်ထဲတွင်ရှိသော စကားကို ခပ်အေးအေးပင် ပြန်ပြောသည်။

"မမရယ်…မချစ်တဲ့သူကို ရည်းစားလုပ်လို့ရမလား၊ ညီမလေး ကတော့…ချစ်တဲ့သူကိုပဲ ရည်းစားလုပ်ချင်တယ်"

ထိုစကားကြောင့်…မေမီစိုးသည် သူ့ညီမကို အကြောင်းသား ငေးကာ စိုက်ကြည့်နေ၏။ ရုတ်တရက် ဘာပြောရမှန်းလည်းမသိ။

"မိမိုး နင်က ငါ့ကို မျက်နှာများတယ်လို့ ပြောချင်တာလား"

မေမီမိုးသည် အေးအေးဆေးဆေးပင် ပြန်ကာပြော၏။

"မျက်နှာကတော့ တစ်ခုတည်းပေါ့ မမရယ်…ဒါပေမယ့် ဟိုလူ့ကို ကြည့်လိုက်…ဒီလူ့ကို ပြုံးပြလိုက်…ဘေးကလူကို မျက်လုံးလေးဆုံပြီး ရယ်ပြလိုက်ဆိုရင် မမရဲ့မျက်နှာ တစ်မျက်နှာက အဲဒီလူတွေဆီမှာ ကျန်ခဲ့မှာပေါ့…အဲဒါ မိန်းကလေးတစ်ယောက် မျက်နှာများတယ်လို့ မခေါ်ဘူးလား"

မေမီစိုးသည် သူ့ညီမကို ခပ်စိမ်းစိမ်း မျက်လုံးနှင့်ကြည့်ကာ အိပ်ခန်းထဲမှ ထွက်သွား၏။ သူ့စကားကြောင့် အစ်မဖြစ်သူ စိတ်မကောင်းများ ဖြစ်သွားပြီလားဟု…မေမီမိုး အခန်းထဲမှ ဆယ်မိနစ်ခန့် စဉ်းစားနေ၏။ အချစ်သည် ကစားစရာပစ္စည်းမဟုတ်မှန်း မိန်းကလေးတိုင်း သိသင့်ပါသည်။ "အချစ်" ကို ကိုယ်က ကစားလျှင်…"အချစ်" က ကိုယ့်ကို ပြန်ကစားလျှင်လည်း ခံနိုင်ရည် ရှိရလိမ့်မည်။

☺ ☺

www.linhtet.com



မိန်းကလေးတစ်ယောက်၏ အသည်းသည် ပါးပါးသည်။ 'အချစ်' ကိုလည်း မကစားရဲ၊ 'အချစ်'က ပြန်ကစားခြင်းကိုလည်း မခံရဲပါ။ ကိုယ့်ချစ်သူနှင့်ကိုယ်ဆိုရင်တော့ ကစားပဲ ကစားကစား၊ ဆော့ပဲဆော့ ဆော့၊ ရင်ကို မော့ကာ…ခပ်ပြုံးပြုံးဖြင့် နေလိုက်ချင်သည်။

ထိုအတွေးနှင့် သူ့အစ်မကို ပြောမိခြင်းဖြစ်၏။ စိတ်များ ဆိုး သွားသလားဆိုသော အတွေးဖြင့် အိမ်ရှေ့ကို ထွက်ကြည့်တော့…သူ့ အစ်မ 'စိုး'က အိမ်ရှေ့ကွက်လပ်ကလေးထဲမှာ တယ်လီယာခွေးကလေး နှင့် ဘောလုံးပုတ်တမ်းကစားနေ၏။ ထိုသို့ကစားနေသည်ကို အိမ်ရှေ့ အုတ်ခုံရော ဗာဒံပင်ဝိုင်းရှိ လူများကော…ငေးကာကြည့်နေကြ၏။ ထိုအုပ်စုနှစ်စုထဲမှာ…မနက်က သူ့ကို လိုက်ခဲ့သောလူကို တွေ့ရ၏။

မျက်လုံးက ပြူးနေသည်။ ပါးစပ်ကို နည်းနည်းဟထား၏။ သူ တော်တော်ဒေါသဖြစ်သွားသည်။ ထိုဒေါသစိတ်နှင့်ပင် မျက်ဝန်းလွှဲကာ ကြည့်လိုက်တော့ တယ်လီယာခွေးကလေးနှင့် ကစားနေသော မမကို မကြည့်ဘဲ သူ့ထံသို့သာ စူးစူးစိုက်စိုက်ကြည့်နေသော မျက်ဝန်းတစ်စုံကို မြင်ရသည်။

ထိုမျက်ဝန်းမှတစ်ပါး သူ့ထံသို့ မျက်ဝန်းတစ်စုံမှ မရောက်ဆိုတာ သူသိသည်။ သူ့ကို ကားပေါ်မှာ ကားခပေးခဲ့သူဟု သူလည်း မှတ်မိသည်။ မျက်ဝန်းချင်း ခဏဆုံချိန်မှာပင် အလွန်လျင်မြန်သောစိတ်သည် ချက်ချင်း အလုပ်လုပ်သွား၏။

ရင်ခုန်သည်။

ရှက်သည်။

ပြီးတော့ မိန်းကလေးတို့၏ဗီဇအတိုင်း သူ့အခန်းထဲသို့ လှစ်ခနဲ

www.linhtet.com



ပြေးဝင်လာခဲ့သည်။ သူ့အိမ်နှင့် သူ့အခန်းမှာ ပေနှစ်ဆယ်ပင် မပြည့်၊ ဒါပေမယ့် ဘာကြောင့် သူ့နှလုံးသားသည် တဒုတ်ဒုတ် မြည်နေရသနည်း!။

စဉ်းစား၍မရလျှင် မိန်းကလေးများဘဝမှာ···အိပ်ပစ်လိုက်ဖို့သာ ကောင်းပါသည်။ သို့သော် သူ···အိပ်၍မပျော်၊ ရင်ခုန်သံသည် နိဗ္ဗာန်ဆော်ထက် ဆော်၏နက်၏။ ရင်တခုန်ခုန်နှင့် အိပ်ရမည့်အချိန်များကို သူ ထိုစဉ်ထဲက စတင်ကြောက်သွားသည်။

မေမီမိုးသည်···ရိုးရိုးကလေး နေချင်သူသာဖြစ်ပါသည်။ သို့သော်···သူ့ဘဝတွင် ပထမဦးဆုံး ရင်ခုန်သံကို ရရှိသွားပြီဖြစ်သည်။ ထိုရင်ခုန်သံအတွက် သူ ဆန်းဆန်းပြားပြား ဖြစ်သွားမလား! ရိုးရိုးသားသားပဲ ရှိနေမလားဆိုတာကတော့ သူ့အပေါ်မှာပဲ မူတည်ပါသည်။

www.linhtet.com



ထိုနေ့က ခိုင်မင်း 'သွား' နည်းနည်းကိုက်နေသည်။ သူ့ညီမ ဝမ်းကွဲကလေးက သွားကိုက်ပျောက်သည်ဟုဆိုကာ လာပေးသော ဗမာ ဆေးမှုန့်ကိုလည်း သိပ်သည်။ သူ့သူငယ်ချင်း လှဦးပေးသော ရထားပေါ် မှာ ရောင်းသည်ဆိုသည့် ကချင်ကြီး၏ သွားကိုက်ပျောက်ဆေးတောင့်ကို လည်း…သူနာနေသည့် ညာဘက်အောက်သွားနံပါတ်(၇)ကို သိပ်သည်။ ဆေးနှစ်ခုလုံးက တော်တော်ပူပါသည်။ ပူတော့…သက်သာသလိုရှိ၏။ သို့သော်…သွားကိုက်သည့်ဝေဒနာကတော့…မပျောက်…။

ဒီနေ့ သူ…သွားကိုက်မပျောက်၍မရ…သူသာ သွားဆက် ကိုက်နေလျှင်…မေမီမိုးကို ရင်ထဲမှာရှိသော စကားများကို… ဒီနှုတ်ဖျားမှာ ဘယ်လိုလုပ် ထွက်နိုင်တော့မည်နည်း။

နလုံးသား၏အားသည် 'သွား' ထက်တော့ အများကြီး သာပါ

www.linhtet.com



သည်။ နှလုံးသား၏အနာသည် 'သွား' နာတာထက်တော့ အများကြီး ခံစားရပါသည်။ လှဦးကတော့…သူ့ကို ပြောသည်။

"ဟော့ကောင်…ဒီဆေးလိမ်း၊ မင်းသွားကိုက်နေတဲ့ ဝေဒနာ ဒိတ္ထကို ပျောက်ရမယ်"

သူ တအံ့တသြနှင့် လှဦးကို ကြည့်သည်။

"ဟုတ်လို့လားကွာ…ငါ့ 'သွား' က အခေါင်းပေါက်ကြီးနော်"

"ဒီမှာ…ခိုင်မင်း…ရထားပေါ်မှာ ကချင်ကြီးတစ်ယောက်က သူ့သွားတွေကို ကျောက်ခဲနဲ့ ထုထုပြပြီး သူတို့ တိုင်းရင်းဆေးလို့ ကြော်ငြာတော့ ငါက သွားမကိုက်တတ်ပေမယ့် မင်းအတွက် သတိရပြီးဝယ်ခဲ့တာ…အဲ့ဒီဆေးတောင့်ကို ခြစ်ချပြီး မင်းကိုက်နေတဲ့…သွားအခေါင်းပေါက်ထဲမှာ သိပ်ထားတဲ့နော်…ငါးမိနစ်အတွင်း မင်း…သွားကိုက်ပျောက်သွားစေရမယ်"

"ဟုတ်ရဲ့လားကွာ…တော်ရုံ ဗမာဆေးဆိုရင် ငါမသုံးရဲဘူးကွ"

ခိုင်မင်းက အားလည်းအားနာ…သူငယ်ချင်း၏ စေတနာကို ပြန်လည်လွန်ဆန်ရန်လည်း မတတ်နိုင်သဖြင့် သူ့သွားကိုက်နေသည့်အပေါ် သူက ဆေးမမှာပါပဲ လှဦး ဝယ်လာကြောင်းကိုလည်း သူသိပါသည်။ စေတနာသည် ငြင်းဆန်ရခက်သည့် နားလည်မှုတစ်မျိုးသာဖြစ်၏။ လှဦးက ခပ်ဆတ်ဆတ်မေးသည်။

"ကဲ…မင်း အခု သွားကိုက်နေသလား"

ခိုင်မင်း ခေါင်းကို ငြိမ့်သည်။

"အေး…အဲ့ဒါဆို မင်း…ဒီဆေးကို မင်းကိုက်နေတဲ့သွားပေါ် သိပ်ထားလိုက်၊ ငါးမိနစ်ပဲကွာ…ငါးမိနစ်ပဲ"

☺ ☺

www.linhtet.com



ပြောရင်းဆိုရင်း လှဦးက ဗာဒံပင်ခုံနံဘေးမှ ထကာသွားသည်။ သူ့ဆေးကို မယုံကြည်သဖြင့် နည်းနည်းစိတ်တိုသွားဟန်လည်းရှိ၏။ မျှော်လင့်ချက်ဆိုသည်မှာ…တစ်ခါတရံ နေရောင်နှင့် ထိသောပန်းလို ပွင့်လာတတ်သည့်အတွက်…ခိုင်မင်းပါးစပ်ထဲက ဆေးတွေကို ပလုပ်ကျင်းကာ ထွေးသည်။ ပြီးတော့ လှဦး ပေးသွားသောဆေးကို သိပ်သည်။ ပထမဆေးလိုပင် ပူ၏။ သို့သော်…သွားကိုက်ဝေဒနာကတော့ မပျောက်။

နောက်ဆုံး အင်နာဂျက်ဆင်တစ်ပြားသောက်ပြီး သူ့အိမ်ရှေ့ ဗာဒံပင်ခုံသို့…ပြန်ထွက်ကာ ထိုင်သည်။ ဆယ်မိနစ်ခန့် ကြာတော့ သွားကိုက်ဝေဒနာသည် သက်သာသွား၏။ လောကကြီးသည် ပြန်လည် လှပ၍လာသည်။ ငှက်ကလေးများ အော်သံ၊ ဈေးခေါ်သံနှင့် လူသွားလူလာများ၏ အချင်းချင်း စကားပြောသွားသံများကလည်း…သူ့အတွက် အဓိပ္ပာယ်ရှိလာသည်။

"သွား"ဝေဒနာမှ ခဏတာ ကင်းလွတ်သော လောကကြီးသည် ဘယ်လောက် လှလိုက်ပါသနည်း။ ဆရာတော်ဘုရားကြီးတစ်ဦး ပြောသည့်…ရိုးရိုးနေ နိဗ္ဗာန်ဆိုတာ ဒါပဲ ဖြစ်လိမ့်မည်ထင်သည်။

လမ်းထိပ်ရောက်ရင်တော့…ကွမ်းယာဆိုင်မှာ…အင်နာဂျက်ဆင် နောက်ထပ်တစ်ပြားလောက် ထပ်ဝယ်သွားဖို့ ခိုင်မင်း စိတ်ကူးသည်။ သို့သော်…ထိုအချိန်မှာပင် မေမီမိုး ထွက်လာသဖြင့် သူ မတ်တတ်ထရပ်မိသည်။ ထုံးစံအတိုင်း…မေမီမိုးကတော့…သူ့ကို မကြည့်။ သူရှိမှန်းတော့ သိကောင်း သိနေပါလိမ့်မည်။ ထိုစိတ်ကူးလေးနဲ့ပင် ကိုယ့်ကိုယ်ကို အားပေးကာ…ခိုင်မင်းသည် နှလုံးသားတစ်ခုကို နှလုံးသားနှင့်ရင်းရန် အရှုံးအမြတ် မသေချာသော တိုက်ပွဲအတွက်…

www.linhtet.com



မေမီမိုးနောက်မှ…လိုက်လာခဲ့မိသည်။

လမ်းထိပ်ရောက်တော့…မေမီမိုးသည်…တစ်ဖက်ကား လမ်းကို လှစ်ကနဲ ကူးကာသွား၏။ ခိုင်မင်းလည်း ဆေးဝယ်ရန် သတိမရ တော့ဘဲ ကားလမ်းကို…မေမီမိုးလိုပင် လှစ်ကနဲ ကူးသည်။

ကားပေါ်ရောက်တော့ ခိုင်မင်းသည် မေမီမိုးနှင့် ခပ်ခွာခွာနေရာ တွင် ရပ်ပါသည်။ ဒီတစ်ခါတော့ မေမီမိုး၏လက်ထဲတွင် နှစ်ဆယ်တန် တစ်ရွက်ကိုင်ထားတာကို ခိုင်မင်း လှမ်းတွေ့လိုက်သည်။ မေမီမိုးကလည်း နှစ်ဆယ်တန်နှစ်ရွက် ကိုင်ထားသော သူ့ကို လှမ်းတွေ့ပါသည်။ ဒါပေ မယ့် တစ်ဦးနဲ့တစ်ဦး ဘာစကားမျှ မပြောဖြစ်ကြ။ ဒဂုံတက္ကသိုလ်ကျောင်း ထိပ်ကိုရောက်တော့ မေမီမိုး ကားပေါ်က ဆင်းသည်။ မိန်းကလေးတို့၏ ဝိညာဉ်သည် တစ်ခါတရံ တစ္ဆေနှင့်တူသည်။ မကြည့်ပဲလည်း သိတတ်၏။ မြင်ပြီးတော့လည်း မမြင်ချင်ယောင်ဆောင်တတ်သည်။ သည်ဝိညာဉ်နှင့် ပင် မေမီမိုးသည် အိမ်မှ စထွက်ကတည်းကပင် ခိုင်မင်းဆိုသော ငတိ သူ့နောက်သို့ လိုက်လာမည်ဟု အတပ်သိပြီးဖြစ်သည်။

မိန်းကလေးဆိုတာ…ဝိညာဉ်က တစ္ဆေဖြစ်သော်လည်း နှလုံး သားကတော့ ပါးသည်။ ထိုခပ်ပါးပါး နှလုံးသားကလေးကို…ဣန္ဒြေထဲ တွင် သော့ခတ်ထားရ၏။ ထိုသော့သည် ထိုမိန်းကလေး၏ ရင်ခုန်သံနှင့်မှ ဖွင့်၍ရသော သော့ဖြစ်ပါသည်။

ထိုသော့ကို မည်သည့်မိန်းကလေးက မည်သည့်နေရာမှာ သိမ်း ဆည်းထားမှန်း ဘယ်ယောကျ်ားကလေးမှ…မသိရှိနိုင်ပါ။ တစ်ခါတရံ ကိုယ့်သော့ကို ကိုယ်အဖွက်လွန်ပြီး ဘယ်နားမှာ ထားမိမှန်း မသိသော မိန်းကလေးမျိုးလည်း ရှိတတ်ပါသည်။

☺ အောင်မြင်စွာရေ ☺

www.linhtet.com



မေမီမိုးကတော့…သူ့သော့ကို ဘယ်နေရာမှာ ဖွက်ထားသည်ဆိုတာ သူသိပါသည်။

ခိုင်မင်း…သူ့အနားသို့ ကပ်လာသည်။ ကပ်လာမှန်းသိသည်။ သို့သော် ခတ်ထားသော သူ့သော့က သူ့ကို ဖွင့်မပေး။ ထို့ကြောင့် သူ လှည့်မကြည့်…။

"မိုး…"

သူ၏သော့သည် သူ့နားကိုပါ ခတ်ပစ်လိုက်ဟန်တူ၏။ မေမီမိုး ပြန်မထူး။ သူ့အကြားအာရုံတွင် 'မိုး' ဆိုသည့် ခပ်တိုးတိုးအသံသည် စကြာဝဠာကြီးထဲတွင် တစ်ဦးကမှ မခေါ်သလို ခပ်တည်တည်ပင် နေလိုက်၏။

ခိုင်မင်းလည်း တစ်မိနစ်လောက်တော့ ဘာပြောရမှန်းမသိဘဲ နောက်က လိုက်လာမိသည်။ ရိုးရိုးပဲ တွေးသဖြင့် သူခေါ်သည့်အသံကို မေမီမိုး မကြားဟုသာ သူ့စိတ်ထဲတွင် ထင်နေသည်။ ထိုဆုံးဖြတ်ချက်ကို တစ်မိနစ်ကျော်ကြာကြာ မေမီမိုးနောက်က ကပ်လိုက်ပြီးမှ သူဆုံးဖြတ်ခဲ့သည်။

"ကျွန်တော် မေမီမိုးကို ပြောစရာရှိလို့ပါ၊ အဲဒီစကားကလည်း ကျွန်တော့်အတွက် မဟုတ်ပါဘူး…မိုးအတွက်ပါ"

မေမီမိုး၏ဝိညာဉ်ထဲတွင် သော့ကျပျောက်သွားသဖြင့်… ဒုတိယစကားကိုလည်း ဘာမှပြန်မပြောခဲ့။

"ဒီလိုဗျာ၊ ကျွန်တော်ဆိုလိုတာက 'မိုး' ကို နောက်တစ်ရက်နှစ်ရက်နေရင် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေနဲ့ လူတစ်ယောက် လိုက်လိမ့်မယ်"

မိုးသည် ဒီတော့မှ ပခုံးကလေးကို တွန့်၏။ အသံကလေး ထွက်

အောင်လည်း ရယ်သည်။ ပြီးတော့ ခိုင်မင်းဘက်ကို တစ်ချက်လှည့်ကြည့်၏။ ခိုင်မင်းက ခေါင်းကိုငုံ့ထား၏။ ဒီတော့ မေမီမိုး နှာခေါင်းကို ရှုံ့သည်။ ကိုယ်က အကြည့်ပေးပါလျက်နဲ့ ကိုယ့်အကြည့်ကို…လက်မခံရဲသော ယောက်ျားကို သူ ဘာစကားမှ ပြန်ပြောစရာအကြောင်းမရှိ။

"ကျွန်တော်က 'မိုး'အတွက် စေတနာနဲ့ ပြောတာပါဗျာ၊ သူလည်း ကျွန်တော့်သူငယ်ချင်းပါပဲ၊ ပုံစံက မိုက်တိမိုက်ကန်းမျိုးနဲ့ပေမယ့် စိတ်နှလုံးတော့ ကောင်းပါတယ်…သူ့ပုံစံကြည့်ပြီး မိုးလန့်သွားမှာစိုးလို့ ကျွန်တော်က ကြိုပြီးသတိပေးတာပါ…"

ခေါင်းကိုငုံ့ကာ ပြောနေသော ခိုင်မင်းကို သူ တစ်ချက်ကြည့်ပြီး စိတ်ထဲမှာ ရယ်ချင်သွားသည်။ ပြီးတော့ နည်းနည်းလည်း သနားသွား၏။

"အဲဒီလူကလည်း ရှင့်သူငယ်ချင်းပဲလား! ရှင် ကျွန်မကို…ကြော်ငြာလုပ်ပေးနေတာလား!"

"ဟာ…မဟုတ်ဘူးခင်ဗျ…ကျွန်တော်က သတိလာပေးတာပါ၊ ဒါပေမယ့် မိုးဘက်က ထင်ချင်သလို ထင်နိုင်ပါတယ်…"

"အဲဒီလူတွေအားလုံးက ရှင့်အိမ်ရှေ့ကပဲ ကျွန်မကို စောင့်မှာ မဟုတ်လား…!"

"အဲ…ဒါတော့ ဟုတ်တယ်ဗျ၊ သူတို့နဲ့ ကျွန်တော်က သူငယ်ချင်းလည်းဖြစ်၊ မိုးတို့ကလည်း ကျွန်တော်တို့ အိမ်ရှေ့နားမှာ နေဆိုတော့ ဘယ်တတ်နိုင်မလဲဗျာ"

မေမီမိုး တစ်ချက်ပြုံးသည်။ နံဘေးမှ ဖြတ်သွားဖြတ်လာ ကျောင်းသူတစ်ချို့လည်း သူ့ကို ပြုံးကြ၏။ ထိုအပြုံးသည် ဒီကောင်မလေး…ရည်းစားစကား လိုက်ပြောခံနေရပြီဟူသော အပြုံးမျိုးဖြစ်သည်။

www.linhtet.com



သို့သော် မေမီမိုး ရှက်၍မသွားပါ။ မျက်နှာပျက်၍ မသွားပါ။ ခိုင်မင်းဆိုသူက သူ့ကို ရည်းစားစကားပြောနေတာမှ မဟုတ်တာ…သူရထားသည့် သတင်းကို လာပေးတာ မဟုတ်ပါလား! ဒီတော့ ရဲရဲဝံ့ဝံ့ပင် အပြုံးနှင့် စကားစလိုက်သည်။

"ရှင် Canteen မှာ တစ်ခုခု လိုက်စားပါလား!"

"ဗျာ…!!"

ခိုင်မင်း တော်တော်အံ့သြသွားသည်။ သူ့ကို ဒီလောက်အထိ အခွင့်အရေးပေးမယ်မှန်း သူမျှော်လင့်မထားခဲ့။ ထို့ကြောင့်လည်း နှလုံးခုန်သံသည် "ဗျာ…"ဆိုသော စကားလုံးကို ကန်ထုတ်လိုက်ဟန်တူ၏။ တအံ့တသြ ဖြစ်သွားသော ခိုင်မင်း၏မျက်နှာကိုကြည့်ကာ မေမီမိုးက တသိမ့်သိမ့်ရယ်သည်။

ထိုခဏသည် အိပ်မက်မက်နေတာနှင့် တော်တော်တူပါသည်။

"မုန့်တီဆိုင်က အကြွေးရယ် ကားခမပေးခဲ့တဲ့အကြွေးရယ် အဲ့ဒီနှစ်ခုအတွက် ရှင့်ကို ကျွေးချင်လို့ပါ"

"ဟာ…မဟုတ်တာပဲ…ကျွန်တော်က အဲ့ဒီကိစ္စတွေကို အကြွေးလို့မှ သဘောမထားတာ…ကျွန်တော်က ကူညီတာပါ"

မေမီမိုးက တစ်ချက်ပြုံးပြန်သည်။

"ကျွန်မကလည်း အကြွေးလို့ သဘောမထားဘဲ ကျွန်မကျောင်းကို စေတနာနဲ့ လိုက်တာတဲ့သူကို စေတနာနဲ့ ကျွေးတယ်ဆိုရင် ငြင်းအုံးမလား"

"အဲ့ဒါဆိုရင်လည်း"ဆိုသော စကားမဆုံးခင် မေမီမိုးသည် Canteen ထဲသို့ ချိုးကာဝင်သွား၏။ ပြီးတော့ သူ့ကို ပြုံးကာ ချထား

www.linhtet.com



သော ခုံတစ်ခုံကို ဆွဲပြီးနေရာပေးသည်။ သူဝင်ထိုင်သည်။ မေမီမိုးက မုန့်ဖက်သုတ်နှစ်ပွဲ…ဟု စားပွဲထိုးကလေးကိုမှာသည်။ ခိုင်မင်း ဘာပြောရမှန်းမသိဘဲ ခေါင်းကို ငုံ့ကာထား၏။ သူနဲ့ စတင်တွေ့တုန်းက လည်း ထိုမုန့်ဖက်သုတ်ဖြင့် တွေ့ခဲ့ခြင်းဖြစ်သည်။ အခုလည်း သူ့ကို မုန့်ဖက်သုတ် ဝယ်ကျွေးနေသဖြင့် တမင် လက်စားချေတာလားဟု တွေး နေမိသည်။

"စားနော်၊ ဒီဆိုင်က ရောင်းတဲ့ မုန့်တီနဲ့…မုန့်ဖက်သုတ်က ကျောင်းမှာ နာမည်ကြီးပဲ"

"ဟုတ်ကဲ့…"

"ရှင်လည်း မုန့်တီတို့ မုန့်ဖက်သုတ်တို့ ကြိုက်တယ်မဟုတ်လား!"

"ဟုတ်ကဲ့…"

ခိုင်မင်းသည် "ဟုတ်ကဲ့"နှစ်လုံးဖြင့် အလုပ်ရှုပ်နေသည်။ သူ့ကို ဘေးမှ လှမ်းလှမ်းကြည့်ကြသော ကျောင်းသူကျောင်းသားများ၏ မျက်လုံး ကိုလည်း သူရင်မဆိုင်ရဲ။ ရှက်လည်း နည်းနည်းရှက်နေသည်။ ရင်က လည်း တော်တော်ခုန်နေသည်။ ထို့ကြောင့် သူ့"ဟုတ်ကဲ့" သည် အရှက် နှင့် ရင်ခုန်သံက နားရင်းတီးလွှတ်လိုက်သော အသံမျိုးဖြစ်နေသည်။

ထိုအချိန်မှာပင် မုန့်တီသုတ်နှစ်ပွဲ လာချသည်။ ခိုင်မင်းက ခပ်ပြာပြာဖြင့် ဟင်းရည်နှင့် အသုတ်ကို မေမီမိုးဘက်သို့ ဆွဲကာချပေး သဖြင့် မေမီမိုးက…"ကျေးဇူးပဲ"ဟုပြောကာ မုန့်တီသုတ်ကို စတင်စား သည်။ ဒီတော့ ခိုင်မင်းလည်း လိုက်ကာစား၏။ တစ်ယောက်နှင့် တစ်ယောက် စကားမပြောမိကြ။ သူ့အရှက်နှင့်ကိုယ့်အရှက် နှစ်ခုစလုံးကို မုန့်တီစားရင်းဖြင့် ခဏအနားပေးထားလိုက်သည်။

☺ ဧရာပြည်ဘာေမ ☺

www.linhtet.com



သူတို့ မုန့်တီ စတင်စားပြီး Canteen ထဲတွင်…

"အား"

မေမီမိုး လန့်ကာသွား၏။ Canteen ထဲမှ လူတွေ ဝိုင်းကာကြည့်ကြသည်။ အားပါးတရ ကျူးအော်လိုက်သော ခိုင်မင်း၏အသံကို မည်သို့မှ နားမလည်နိုင်သောအကြည့်နှင့်ကြည့်ကာ မေမီမိုးက ကမန်းကတန်း မေးသည်။

"ဘာ…!ဘာ…!! ဘာဖြစ်တာလဲဟင်…!"

မေမီမိုး စကားဆုံးတော့ ခိုင်မင်းက အသံပြဲကြီးဖြင့် ကျူးကာအော်သည်။

" 'သွား'…'သွား'…'သွား' ခင်ဗျ…'သွား'ပါ…"

Canteen ရှိ လူတွေအားလုံး၏အကြည့်အောက်မှာ…မေမီမိုး၏အရုက်သည် သူ့ကို ကုတ်မှ ဆွဲမ,လိုက်သလို "ရုတ်"ခနဲ ထရပ်သည်။

"ဒါဆိုလည်း ပြီးတာပဲ"

မေမီမိုး Canteen ထဲမှ ထွက်သွားသည်။ ခိုင်မင်းကတော့ သူ့ပါးစပ်ကို လက်ဝါးနှင့်အုပ်ကာ ကျန်ခဲ့သည်။ Canteen က လူတွေ တစ်ဦးနှင့်တစ်ဦး တီးတိုးမေးနေကြ၏။ "သနားပါတယ်" သနားပါတယ်ဟယ်"ဆိုသော အသံသုံးလေးသံကို ကြားလိုက်ရသည်။

အမှန်တော့ ခိုင်မင်း၏ နာနေသောသွားထဲသို့ မုန့်တီသုတ်ထဲမှ ဆီချက်ဖတ်တစ်စ ဝင်သွားခြင်းသာဖြစ်သည်။ ထိုးဆောင့်၍ နာသွားသော "သွား"ကြောင့် သူရုတ်တရက် အော်လိုက်ခြင်းသာဖြစ်ပါသည်။ သို့သော် Canteen ထဲရှိ ကျောင်းသားများ၏ အမြင်ကတော့ ဘယ်လိုလဲဟု သူ မပြောတတ်…။

☺ ဒေါ်ပြုံးစာပေ ☺

www.linhtet.com



မုန့်တီနှစ်ပန်းကန်ဖိုး ပိုက်ဆံရှင်းတော့…စားပွဲထိုးကလေးက စစနောက်နောက်နှင့်။ ခိုင်မင်း ပြန်အမ်းငွေကို မယူဘဲ ထွက်ခဲ့၏။

အခုအချိန်မှာ….သူအလိုချင်ဆုံးက သူ့ကို ဝိုင်းကြည့်နေသော မျက်လုံးများအောက်က လွတ်ရန်နှင့် အင်နာဂျက်ဆင်တစ်လုံးသာ ဖြစ်ပါသည်။

သွားကိုက်နေသည့်အချိန်တွင် ကိုယ့်ရင်ခုန်သံကိုလည်း ကိုယ်မကြားနိုင်တော့။ အရက်နှင့်သိကြာကိုလည်းး မငဲ့နိုင်၊ သူ့ပါးစပ်ထဲတွင်ရှိသော သုံးဆယ့်နှစ်ချောင်းသော သွားတို့သည် စက္ကန့်ပိုင်းအတွင်း…သူ့နှလုံးသားကို ဝါးစားပစ်လိုက်ကြပြီဖြစ်သည်။

၄ ၄ ၄ ၄

www.linhtet.com



www.linhtet.com



# အခန်း(၇)

ထိုနေ့က ဂျင်းဘောင်းဘီ ခပ်ဟောင်းဟောင်း‥ အင်္ကျီကလည်း ခပ်ညစ်ညစ်ဖြင့်…ကောင်းဘွိုင်ဦးထုပ် တစ်လုံးကို ဆောင်းထားသော ခင်မောင်အေး…သူ့အိမ်ရှေ့ရှိ ဗာဒံပင်အဝိုင်းတွင် ဝင်ထိုင်နေစဉ်…ခိုင်မင်းက ‘သွား’ နည်းနည်းနာနေသဖြင့်…သွားမတိုက်မီ ရေငုံနေတုန်းပင် ဖြစ်၏။

ခိုင်မင်း၏စိတ်ကူးမှာ…မနက်ခင်းသည် လှနေ၏။

www.linhtet.com



လောကသည်လည်း လှနေ၏။ သို့သော်…သူ 'သွား'ကိုက်နေသည့်အတွက်…ထိုအလှသည် သူ့နှလုံးသားထဲသို့ မရောက်…။

ခင်မောင်က 'သွား'ကိုက်သဖြင့် ရေငုံနေသော ခိုင်မင်းကို မေးသည်။

"ဟေ့ကောင်…သူသွားပြီလား…!"

ပါးစပ်ထဲတွင် ရေငုံထားသော ခိုင်မင်းသည်…အားနာစိတ်ဖြင့်…ရေကို ထွေးပစ်လိုက်ရ၏။ သူ့ငယ်သူငယ်ချင်းဖြစ်သော…ခင်မောင်၏အမေးကို သူပြန်ဖြေရန် တာဝန်ရှိသည်။

"ဟင့်အင်း…မသွားသေးဘူး…"

"ဒါဆို…အိမ်ရှေ့ဗာဒံပင်ခုံက စောင့်မယ်၊ မင်းလည်း လာခဲ့လေကွာ…"

ခိုင်မင်း ဘာမှမပြောဘဲ…ခင်မောင့်ဘေးတွင် ဝင်ထိုင်သည်။ မနက်ခင်းသည်…လှသည်။ မေမီမိုးသည်…ထိုမနက်ခင်းထက်…ပို၍လှသည်ဟု…သူထင်သည်။ သို့သော်…ထိုစကားသည်…သူ့နှလုံးသားထဲက…သူ့ဦးနှောက်ကို လှမ်းပြောသော စကားဖြစ်၏။ ထို့ကြောင့်…အသံမထွက်…။ သစ်ထားသောမျက်နှာကို…မျက်နှာသုတ်ပဝါဖြင့်…မသုတ်တော့ဘဲ…မျက်နှာအေးအေးဖြင့်…ခင်မောင့်ဘေးတွင် ဝင်ထိုင်လိုက်သည်။ ခင်မောင်က သူ့ကို တစ်ချက်ငဲ့ကြည့်ကာ…ခပ်တိုးတိုးမေးသည်။

"ခိုင်မင်း…ငါ့ပုံစံ အဆင်ပြေရဲ့လား…"

ခင်မောင်သည် 'Cow Boy' တစ်ယောက်နှင့်…တူ၏။ မုတ်ဆိတ်မွေး ပါးသိုင်းမွေးများလည်း…သူ့မျက်နှာတွင်…သူတို့ ရှိ

www.linhtet.com



ချင်သလိုရှိနေကြသည်။ ခိုင်မင်း ခေါင်းတစ်ချက် ငြိမ်ပြလိုက်သည်။ ဘာ့ကြောင့်လဲဆိုတော့…သူ့နှလုံးသားသည်…သူ့ပါးစပ်ကို ပိတ်ထားခိုင်း၏။ ခင်မောင်က…သူ့ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆွဲဆောင်းပစ်လိုက်သည်။

ထို့အတွက်…ခိုင်မင်း မေမီမိုးတို့အိမ်ဘက်သို့…လှမ်းငေးရန် အချိန်ရသွားသည်။ သို့သော်လည်း…မေမီမိုးတို့အိမ်မှာ…ငြိမ်သက်လျက်ရှိသည်။ ဒါပေမယ့်…ခိုင်မင်း၏ ရင်ခုန်သံကတော့…ငြိမ်သက်ခြင်းမရှိ။ အလျားလိုက်လည်း ခုန်သည်…ဒေါင်လိုက်လည်း ခုန်သည်။ ပတ်ချာလည်လည်း ခုန်နေ၏။

ထိုနေ့က…မေမီမိုး နှုတ်ခမ်းနီ ဆိုးချင်နေသည်။

ဒါပေမယ့်…သူ့ဆီမှာ နှုတ်ခမ်းနီ မရှိ။ ထို့ကြောင့်…သူ့အစ်မ မေမီစိုး၏ အလှပြင်ခုံမှ နှုတ်ခမ်းနီဘူးတစ်ဘူးကို…သူ ယူလိုက်သည်…။ခိုးယူခြင်း မဟုတ်ဘဲ…သူလိုချင်၍ ယူခြင်းသာဖြစ်ပါသည်။ သို့သော်…ပထမဦးဆုံး စ,ဖွင့်သော နှုတ်ခမ်းနီက…အနီရောင် ဖြစ်နေ၏။ အနီရောင်ကို…သူမကြိုက်…အနီရောင်သည် ကိုယ်အသည်းကွဲလျှင်ကွဲ…ဒါမှမဟုတ် သူများအသည်းကို ခွဲမည်ဟု အဓိပ္ပာယ်ရ၏။

ဒါကြောင့်…သူ နောက်ထပ်တစ်ခုကို ရွေးသည်…ထိုနှုတ်ခမ်းနီကလည်း ခရမ်းပြာရောင် ဖြစ်နေပြန်၏။ ဒီအရောင်ကျတော့လည်း…ပျော့ညံ့လွန်းသည်ဟု…သူထင်၏။ သူသည်…အရှုံးပေးချင်သူတစ်ယောက်လည်း မဟုတ်…အနိုင်ယူချင်သူ တစ်ယောက်လည်း မဟုတ်ပါ။

"ဟိတ်…မိုး၊ နင် ဘာတွေလုပ်နေတာလဲ! "

www.linhtet.com



မိုးသည် သူ့အစ်မ စိုး၏အသံကြောင့်…ရုတ်တရက် ထိတ်လန့်ကာ…သူ့နှုတ်ခမ်းနီဘူးကို လွှတ်ချပစ်မိသည်။ ထိုနှုတ်ခမ်းနီဘူးသည် လိမ့်ကာ ကြမ်းပြင်ပေါ်သို့ ကျသွားတော့၏။ မေမီစိုးက တိုးတိုးကလေး ရယ်သည်။

“ဩော်…နင်က ဘယ်တုန်းကမှ နှုတ်ခမ်းနီ မဆိုးဘဲ…ဒီနေ့ကျမှ နှုတ်ခမ်းနီ ဆိုးချင်ပြီပေါ့…နင်ဘာဖြစ်နေတယ်ဆိုတာ…ငါသိပါတယ်…ညီမ…ရင်ခုန်သံကို ဖြည်းဖြည်းပဲ ထားရမယ်…”

“လူတစ်ယောက် ရင်ခုန်သံ ဘယ်လောက် ကျယ်နေတယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး…”

“ဆရာဝန်တစ်ယောက် နားကြပ်နဲ့ စမ်းရင်ကော…”

“သူရင်ခုန်တာကိုပဲ ကြားမှာပေါ့…ဘာကို ရင်ခုန်နေတယ်ဆိုတာကိုတော့ သိမှာမဟုတ်ဘူး…”

စိုးသည် မိုးကို ဆက်ငေးကာ ကြည့်သည်….ဘာစကားကို သူပြန်ပြောရမှန်းမသိ။ ဟုတ်သားပဲ…ရင်ခုန်သံမှာ နာမည်မှ မပါတာ။ ဒါပေမယ့်…ဒီနေ့မှ ထူးထူးဆန်းဆန်း အလှပြင်ချင်နေသည့်…သူ့ညီမကိုလည်း…သူ အံ့ဩနေသည်။

“နင်…ချစ်သူတွေ့နေပြီလား! ”

မေမီမိုးသည် ခေါင်းခါ၍ တစ်ခွန်းတည်းဖြေ၏။

“ဟင့်အင်း…”

“ဒါဆိုရင် နင် ဟော့ဒီ နက်ပြာရောင် နှုတ်ခမ်းနီကိုပဲသုံး…မမေးနဲ့၊ ငါဆက်ပြောမယ်…မုန်းတဲ့လူကို အဲ့ဒီနှုတ်ခမ်းနီအရောင်က ပြုံးပြရတာ လွယ်တယ်…”

☺ အောင်ပြည့်စာပေ ☺

www.linhtet.com



မေမီမိုးသည်…နက်ပြာရောင် နှုတ်ခမ်းနီကို…ခပ်ထူထူ ဆိုးလိုက်သည်…။ သူ့မျက်နှာသည် အရင်နေ့များလောက် မလှမှန်း…သူသိသည်။ ဒါပေမယ့်…မုန်းသူကို ပြုံးပြဖို့အတွက်တော့…လုံလောက်မည်ဟု ထင်ပါသည်။

www.linhtet.com



ခင်မောင်သည် 'Cow Boy' ဦးထုပ်နှင့်…ခေါင်းငိုက်စိုက်ကျနေရာမှ…မေမီမိုး အိမ်ထဲမှ ထွက်လာသောအခါ…ခေါင်းတစ်ချက် ထောင်လာသည်။ ပြီးတော့…ခိုင်မင်းကိုလည်း သူ့ဦးထုပ်ကိုလှုပ်ပြကာ…နှုတ်ဆက်သွား၏။ ခိုင်မင်းလည်း…ခေါင်းတစ်ချက်ညိတ်ရင်း ငြိမ်ငြိမ်ကလေးပင် နေလိုက်ပါသည်။ မိုးသည်…သူရှိသောဗာဒံပင်ခုံတန်းကို တစ်ချက်ငဲ့ကြည့်ပြီး…ဣန္ဒြေရရဖြင့် လျှောက်ကာသွား၏။ ဂျင်းဘောင်းဘီ ခပ်စုတ်စုတ်ဖြင့်…Cow Boy စတိုင်နှင့် 'မိုး' နောက်မှ လိုက်သွားသော…ခင်မောင့်ကို သူ ငေးကာကြည့်နေမိသည်။

သူ့နှလုံးသား ခုန်နေ၏။ သူ့မြင်ကွင်းမှ ပျောက်သွားသည်အထိ ခင်မောင်သည်…မိုး၏အနားသို့ မရောက်သေး…။ 'မိုး' ပိုက်ဆံ

www.linhtet.com



နှစ်ဆယ်မှ ထုတ်ထားပါ့မလားဟု သူ့စိတ်ထဲမှာ…တွေးနေမိသည်။

ထိုပိုက်ဆံနှစ်ဆယ်ကို ထုတ်လျှင်လည်း…သူ့ကို နည်းနည်းတော့…သတိရမှာပဲဟု စဉ်းစားမိသည်…ဖြစ်နိုင်လျှင် သူသည်…သရဲတစ်ကောင်လို 'မိုး'နှင့် ခင်မောင် စီးသွားသော ကားပေါ်သို့…လိုက်ချင်သည်။ သူတို့ ဘာတွေဖြစ်သလဲဆိုတာကိုလည်း…ကြည့်ချင်သည်။ ဒါပေမယ့်…'မိုး'ရဲ့ မျက်ဝန်းတွေကို သူယုံကြည်ပါသည်။ လိုအပ်သည့် အခြေအနေများကိုလည်း…သူ ပြောထားပြီးပြီ မဟုတ်လား!။

ထိုအချိန်ကျမှ…သူ့ 'သွား' နည်းနည်းနာလာသည်။ သူ့ပါးစပ်ထဲမှာရှိသော သွားများကို…သူက ခံစစ်ဖြင့်သာ ခုခံရန်…ဆုံးဖြတ်လိုက်သည်။ သူတို့ ဘယ်လောက်ကိုက်မလဲ…! ကိုက်ချင်သလောက်ကိုက်ကြစမ်း…သူ့'သွား'၏အနာသည်…နှလုံးသား၏အနာလောက်တော့ မဆိုးဟု သူဆုံးဖြတ်ကာ…အိမ်ပေါ်သို့ တက်ခဲ့သည်။

သူ 'သွား'လည်း နာနေသည်။ ပြီးတော့…နှလုံးသားလည်း နာနေသည်။ ဘယ်အနာက ပိုဆိုးသလဲ!ဟု…ခိုင်မင်း ခံစားသည်။

www.linhtet.com



မေမီမိုး ကားပေါ်ကတည်းက…ဂျင်းဘောင်းဘီ ခပ်စုတ်စုတ်နှင့်…လူတစ်ယောက် တက်လာမှန်း…'မိုး' သိသည်။ သူ ဆိုးလာသော နှုတ်ခမ်းနီအရောင်ကြောင့်…သူ့ကို ကားပေါ်က လူများက…နံဘေးသို့ ဖယ်ပေးကြသည်။ ထိုတစ်ချက်တည်းနှင့်ပင် 'မိုး' သူ့အစ်မကို ကျေးဇူးတင်သွား၏။ ခိုင်မင်း ပြောပြထားသောသူသည် သူနှင့် ခပ်လှမ်းလှမ်းတွင် ရှိနေသည်။

"ဟိုလူ…သည်ဘက် နည်းနည်းတိုး…သည်လူ ဒီဘက် နည်းနည်းဝင်…တံခါးဝမှာ ဆင်းမယ့်လူကလွဲရင်…တစ်ယောက်မှ ရပ်မနေနဲ့…"

ကားထဲမှ စပယ်ယာ၏အသံသည် တော်တော်ကျယ်၏။ ကားထဲရှိ လူအားလုံးကလည်း…သူစေခိုင်းသည့်အတိုင်း လိုက်လုပ်နေရ၏။

www.linhtet.com



ထိုအထဲတွင် “မိုး”လည်း…အလိုက်သင့် ဟိုရွှေ့သည်ရွှေ့ လုပ်နေရ၏။ ထိုအချိန်တွင် ခင်မောင်က သူ့အနားသို့ ကပ်လာပြီး ခပ်တည်တည် စတိုင်နှင့်ရပ်သည်။ ‘မိုး’ တော်တော်ရယ်ချင်သွား၏။ ဒါပေမယ့် ရယ်တော့ မရယ်ဖြစ်ပါ။ စိတ်ကူးကို ဆေးဆိုးရတာ လွယ်ပါသည်။ ဒါပေမယ့် ကိုယ့်ဒုက္ခမို့ ကိုယ်မဆိုးချင်သောဆေး ဆိုးထားရတာ မလွယ်လှပါ။

မိန်းကလေးတစ်ယောက်၏အပြုံးသည် ကိုယ့်ကိုယ်ကို တာဝန်ယူရမှန်း ‘မိုး’…သိပါသည်။ သူသည် လှည့်လည်း မပြုံးပါ…။ ထိုင်စရာနေရာကိုလည်း မရှာပါ။ သူ့ကိုယ်သူ ယုံကြည်စွာနှင့်ပင်…ကားပေါ်တွင် တည်ငြိမ်စွာ ရပ်နေခဲ့သည်။ ကားရပ်ရပ်ချင်း…မှတ်တိုင်မှ ခပ်မြန်မြန်ထွက်ခြင်းမှတစ်ပါး…သူသည် အနည်းအကျဉ်း ယိမ်းယိုင်ခဲ့သော်လည်း…ခင်မောင့်ကိုယ်ကို မထိအောင် သူ့ကိုယ်သူ ထိန်းသိမ်းနိုင်ခဲ့သည်။

ခင်မောင်က…သူ့အနားသို့ ကပ်လာပြီး…စကားတစ်ခွန်း မေးသည်။

“တို့ လိုက်လာတာကို သိတယ်မဟုတ်လား! ”

မိုး…ဘာမှပြန်မပြောဘဲ…ခပ်တည်တည်ပင် နေလိုက်သည်။

“အသည်းနှလုံး ပေးချင်တယ်ကွာ…ရမလား! ”

ထိုအချိန်တွင် ကားစပယ်ယာက သူ့ပခုံးကို တို့ကာ…ကားခတောင်းသည်။

“အစ်မလေးနဲ့ ဒီအစ်ကိုကြီး…ကားခလေး ပေးပါ…”

“ကျွန်မမှာ အကြွေမပါဘူးရှင့်…တစ်ထောင်တန်ပဲ ရှိတယ်…”

မိုးသည် ပြောပြောဆိုဆို သူ့မှာရှိသော တစ်ထောင်တန်ကို

www.linhtet.com



ထုတ်ကာပေးလိုက်သည်။

'ဟာ...ဒီတစ်ထောင်တန်အတွက် နှစ်ယောက်ခ ယူရမှာလား!''

''ကျွန်မတစ်ယောက်တည်းအတွက်ရှင့်...''

''ဒါပေမယ့်...ဒီအစ်ကိုကြီးအတွက်ကော...''

''သူနဲ့ကျွန်မနဲ့ ဘာမှ မဆိုင်တာ...ကားစီးသူချင်းဆိုတော့...ဘေးနားကပ်လာတာပဲ ရှိမှာပေါ့...''

''ကဲ...ကိုယ့်ဆရာ...ကားခလေးတော့ ပေးဦး...ရှေ့မှတ်တိုင်မှာ ဆင်းမယ့်လူကလွဲလို့ အပေါက်ဝမှာ မရပ်နဲ့၊ ကဲ...ကိုယ့်ဆရာ၊ ခင်ဗျားတစ်ယောက်ထဲ မဟုတ်ဘူး...လုပ်ဦး''

ခင်မောင် တော်တော်ပြာသွားသည်။ သူက သူ့ဂျင်းဘောင်းဘီ ခပ်စုတ်စုတ်နှင့် သူ့စတိုင်လ်အင်္ကျီကို သတိထားပြီး...သူဆောင်းထားသော 'Cow Boy' ဦးထုပ်ကို ပျောက်နေသဖြင့်...လိုက်ရှာရသည်က တစ်ကြောင်း...မှန်ထဲ သူ့ကိုယ်သူ ခဏခဏကြည့်ပြီး မိုက်မှမိုက်ရဲ့လား ဟု...ကြည့်ရသည်ကတစ်ကြောင်းနှင့် ပိုက်ဆံထည့်ရန် မေ့လာခဲ့သည်။

''ဟို...ဒီလိုဗျာ၊ ဒါမျိုးကတော့...ဟို...ဒီလိုပဲပေါ့ဗျာ''

''ဟေ့လူ...ရှုးချင်ယောင်ဆောင်မနေနဲ့...ခင်ဗျား ဘယ်သွားသွား နှစ်ဆယ်ပဲ ကျတယ်...''

ကားပေါ်မှလူများက...ခင်မောင့်ကို ဝိုင်းကြည့်ကြသည်။ ထိုမျက်လုံးများကြောင့် ခင်မောင်...တော်တော်ရှက်သွား၏။ ဒါပေမယ့် သူ့မှာ ပိုက်ဆံနှစ်ဆယ်ကလည်း မပါ။ ခင်မောင်က ကားစပယ်ယာနားသို့ တိုးတိုးကပ်ပြောသည်။ ဘာပြောမှန်းတော့ မည်သူမှမသိ။ ခင်မောင့်

www.linhtet.com



တိုးတိုးသံ ဆုံးတော့မှ ကားစပယ်ယာက ထကာ အော်သည်။

“အေး…ဒီမှာ ကားခနှစ်ဆယ်မပေးနိုင်တဲ့ လူရှုပ်တစ်ယောက်နဲ့တော့ တွေ့ပြီဟေ့…ခုနက တက်သွားတဲ့ လူသုံးယောက်ကိုသာ တောင်းလိုက်ကြ…”

ကားစပယ်ယာသည် ပြောရင်းဆိုရင်း လူကြားထဲမှာ တွန်းထိုးကာ ထွက်၍သွား၏။ ခင်မောင်သည်…ခေါင်းကို ငုံ့ကာ ကျန်ခဲ့၏။ သူ့ကို ဝိုင်းကြည့်နေသော တစ်ကားလုံးမှ မျက်လုံးများကိုလည်း ရင်မဆိုင်ရဲ…။ သူ့နံဘေးတွင်ရှိသော မေမီမိုး၏မျက်လုံးကိုလည်း…ရင်မဆိုင်ရဲ…။

သူရှက်သည်။ ပြီးတော့…သူကြောက်သည်။ အရေးကြီးသည့်နေ့ကျမှ…ဘာမျှမဟုတ်သည့် ပိုက်ဆံနှစ်ဆယ်ကြောင့်…သူအရှက်ကွဲရခြင်းကိုလည်း…ဝမ်းနည်းသည်။ နံဘေးမှာ မေမီမိုး ရှိနေမှန်းသိသည့်အတွက်…သူ့အရှက်သည် သူ့ခေါင်းကို အေးအေးဆေးဆေး ဆွဲချသွား၏။

ထိုဆွဲအားသည်…ဘယ်လောက်အထိ ပြင်းထန်သည်မသိ၊ ကားစပယ်က သူ့ပခုံးကို လာပုတ်မှပင်…သူ သတိရတော့သည်။

“ဟေ့လူ…ဂိတ်ကို ရောက်နေပြီဗျ၊ နှစ်ဆယ်မပေးနိုင်လည်း အေးဆေးပေါ့ဗျာ…အစောကြီးက အေးဆေးပြောရင်…ဒါမျိုး ဘယ်ဖြစ်မလဲ”

“ခင်ဗျာ…ဒဂုံတက္ကသိုလ်ကော…”

“ကျန်ခဲ့ပြီဗျ…ဂိတ်ကိုတောင် ရောက်နေပြီ”

“ဗျာ…! ဒါ…ဒါဆို ကျွန်တော် ဘယ်လိုပြန်ရမလဲ…!”

ကားစပယ်ယာက သူ့ကို ခါးထောက်ကြည့်သည်။ ပြီးတော့

www.linhtet.com



ခပ်ထွေ့ထွေ့ လေသံဖြင့် မခိုးမခန့် ပြောသည်။

"ကိုယ့်လူက…ဒီဇိုင်းကတော့ မိုက်ပါရဲ့…ဒါပေမယ့်… ပိုက်ဆံနှစ်ဆယ်မှ မပါတာ…ကျွန်တော့်ကားနဲ့ပဲ ပြန်ပေါ့ဗျာ…"

"ကျေးဇူးပါပဲဗျာ…ကျွန်တော် ကားနံပါတ်ကိုမှတ်ပြီး နောက်နေ့ ဆက်ဆက်လာပေးပါ့မယ်…"

"ရပါတယ် ကိုယ့်လူရယ်…ပိုက်ဆံလေးဆယ်နဲ့ ကျွန်တော်လည်း မချမ်းသာပါဘူး၊ ခင်ဗျားလည်း မဆင်းရဲပါဘူး"

ခင်မောင်သည်…သူ စတိုင်လ်ထုတ်ထားသော 'Cow Boy' ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆွဲဆောင်းကာ…ကားဂိတ်တွင် ကျန်ရစ်ခဲ့သည်။

မေမီမိုးနှင့် သူ့အော်ပရေးရှင်းမှာ ကျဆုံးသွားပြီဖြစ်ကြောင်း သူကိုယ်တိုင် သိလိုက်သည်။ ထိုနေ့က…မေမီမိုးသည် နက်ပြာရောင် နှုတ်ခမ်းနီကို ဆိုးထားသည်။

"မိုး"သည် နက်လည်း နက်၏။ သူ့ဘဝအတွက် မည်းလည်း မည်း၏။ ဒါကြောင့်မို့ သူ နက်ပြာရောင် နှုတ်ခမ်းနီကို ဆိုးလာခဲ့ဟန် တူပါသည်။

www.linhtet.com



ခင်မောင်က…ကားပေါ်မှ ဆင်းလိုက်သည်။ သူ့ကိုယ်သူ ပုန်းကာထား၏။ ဒါပေမယ့်…သူသည် ရပ်ကွက်၏လမ်းကလေးမှ ပြန်လျှောက်ရမည်သာဖြစ်သည်။ သူကျရှုံးလာကြောင်းကို သူ့သူငယ်ချင်းများ မသိစေရန် တစ်ဖက်လမ်းမှ ကွေ့သွားမည်ဟု…ဆုံးဖြတ်ခဲ့သည်။

လှဦးက ကာဆယ်လ်ကို…ဘီ-7 ကို ရွှေ့ပြီး ထွန်းသိန်းကို ပြုံးကာကြည့်သည်။ ထွန်းသိန်းက…မျက်မှောင်တစ်ချက်ကျုံ့ပြီး တော်တော်ကြာကြာ စဉ်းစားသည်။ ပြီးမှ…လှဦး၏ မြင်းတစ်ကောင်ကို စားလိုက်၏။ လှဦး နည်းနည်းကြောင်ကာသွားသည်။ ထိုမြင်းကို စားပြီးကတည်းက…Chess-Mate က ဝင်သွားပြီဖြစ်သည်။ လှဦးက…သူ့မြင်းတစ်ကောင်ကို လက်ထဲမှ ဖမ်းဆုပ်ထားလိုက်၏။

"ငါ နည်းနည်းမှားသွားတယ်ကွာ…"

☺ အောင်မြင်စာပေ ☺

www.linhtet.com



ထွန်းသိန်းက…ခပ်ပြုံးပြုံး ပြန်ကာဖြေသည်။

“Chess မှာ မှားတယ်ဆိုတာ မရှိဘူးကွ…! မင်းလည်း တစ်ကွက်ရွှေ့၊ ငါလည်း တစ်ကွက်ရွှေ့တာပဲ”

“မဟုတ်ဘူးလေကွာ…ဒီမြင်းကို ငါမခုန်ရင် မင်းဘာမှလုပ်လို့ မရဘူး”

“အေးလေ…အခု မင်းကိုယ်တိုင် ခုန်ခဲ့တာ မဟုတ်လား!”

ခိုင်မင်း၏စိတ်က…ထွန်းသိန်းနှင့် လှဦး၏ Chess စားပွဲပေါ်တွင်မရှိပါ။ ဒီအချိန်ထိ…ခင်မောင် မလာဘူးဆိုလျှင်…အဆင်များ ပြေသွားကြပြီလား…! ထိုစဉ်…ဗာဒံရွက်တစ်ရွက် ကြွေကျသည်။ ထိုသစ်ရွက်သည်…ခိုင်မင်းအပေါ်ကို တည့်တည့်ကျ၏။

ခိုင်မင်း…ထိုသစ်ရွက်ကို လွှင့်လည်း လွှင့်မပစ်ရက်… ဖြဲလည်း မဖြဲပစ်ရက်ဘဲ…ဖြည်းဖြည်းကလေးပဲ ကိုင်ထားမိသည်။

ထိုအချိန်တွင်…မိုးကို တစ်ယောက်တည်း လှမ်းတွေ့လိုက်ရသည်။ အဲ့ဒီစက္ကန့်တွင်…သူ့ရင် ဘယ်လောက်ခုန်ခဲ့မှန်း…သူတစ်ယောက်တည်းသာ သိပါသည်။ ကိုယ်တစ်ယောက်တည်း သိခဲ့ရသော အသိများကို…တစ်ဦးဦးကို ပြန်ပြောပြချင်နေမိသည်။

ထိုသို့ ပြန်ပြောပြချင်သောသူသည်…ကိုယ့်ချစ်သူသာ ဖြစ်ချင်ပါသည်။

“ဟေ့ကောင်…မေမီမိုးတစ်ယောက်ထဲကွ…ခင်မောင့်ကို မတွေ့ဘူး”

လှဦးသည်…သူ့မြင်းနှင့် ခုန်နေသော မြင်းရုပ်ကို…မလှုပ်တော့ဘဲ…ထိုင်နေရာမှ…“ဆတ်ခနဲ” ထကာ …“မိုး”…ကို

www.linhtet.com



ပေးသည်။ ပြီးတော့…ပြုံးသည်။

“ခင်မောင်တော့…Opening ထဲက ရှုံးသွားပြီ…ငါတော့ မနက်ဖြန်ကျရင်…”

“မိန်းကလေးတစ်ယောက်ကို အချိန်တစ်ရက်တော့ ပေးဦးမှပေါ့ ကွာ…”

“ဘာဖြစ်လို့လဲကွ! ”

လှဦးက ဒေါသဖြင့် မေးသည်။

“သူ့နှလုံးသား နည်းနည်းနားတော့…ကောင်းတာပေါ့”

ခိုင်မင်းက…ခပ်အေးအေးပင် ပြန်ကာ ဖြေသည်။

လှဦးက…ထုံးစံအတိုင်း တစ်ချက်ပြုံးသည်။

“မှန်တယ်ကွာ…Chess တစ်ကွက်ရွှေ့ဖို့တောင် တော်တော် စဉ်းစားရတာ…သူ့နှလုံးသားကို ငါ တစ်ရက်တော့ အချိန်ပေးလိုက် မယ်…”

လှဦးသည်…ရင်ကို ကော့သည်။ ပြီးတော့ မတ်တပ်ထရပ်၏။ ပြီးတော့…ပြန်ထိုင်သည်။ လှဦး၏ အပြုအမူကို ခိုင်မင်းအပါအဝင် သူငယ်ချင်းများအားလုံးက…တစ်စုံတစ်ရာမှ ဝင်ရောက် မစွက်ဖက်ရဲ။ တတိယအကြိမ် “မိုး”…ကို လိုက်မည့်သူသည်…လှဦးဖြစ်မှန်း… ခိုင်မင်း အခုမှသိရသည်။

“ခုနကပွဲမှာ…ငါ မြင်းတစ်ကောင် မရွှေ့မိလို့ ရှုံးသွားတယ်၊ ငါရှုံးတယ်ဆိုတာ ဝန်ခံတယ်၊ ဒါပေမယ့် ပွန်းမတက်တတ်လို့ ရှုံးတဲ့လူတွေ အများကြီးပဲ…ခင်မောင်တို့ မြင့်စိုးတို့လိုပေါ့ကွာ…”

မြင့်စိုးက…လှဦးကို လှမ်းကြည့်သည်။ သူက ရှုံးသွားသူ

www.linhtet.com



ဆိုတော့…လှဦးစကားကို ပြန်မငြင်းပါ။ ဒါပေမယ့်…သူ တစ်ခွန်းတော့ပြောသည်။

“မင်း…မေမီမိုးကို ရပြီးရင်လည်း…ဖြတ်ပစ်ရမှာပဲ…”

“စိတ်ချ သူငယ်ချင်း…နှလုံးသားနဲ့ နှလုံးသားချင်း…လဲရဖို့ကို…ငါ ဘယ်တော့မှ မတုန်လှုပ်ဘူး…Chess စကားနဲ့ ပြောရမယ်ဆိုရင်…မင်းတို့ပြောတဲ့အတိုင်း သူ့နှလုံးသားကို တစ်ရက်ရွှေ့ခွင့်ပေးထားတယ်…သန်ဘက်ခါမှာ ငါရွှေ့မယ့်အကွက်ကို…သူရင်မခုန်ဘူးဆိုရင်…”

“ပြီးပြီပေါ့…”

ထွန်းသိန်းက ဝင်ပြောသည်။ လှဦး…နည်းနည်းဒေါသထွက်သောအကြည့်ဖြင့်…ထွန်းသိန်းကို လှမ်းကာကြည့်သည်။ ခိုင်မင်းကတော့ အိပ်မက်တစ်ခုထဲ ရောက်နေသူလို…ဘာစကားမှ…မပြောနိုင်ပါ။ တိတ်တိတ်ကလေး နေရ၏။ ဒါပေါ့လေ…အိပ်မက်ဆိုတာ…သူတို့ပြောကိုပဲ…ကိုယ်က နားထောင်ပြီး…လန့်စရာရှိလည်း လန့်၊ လွမ်းစရာရှိလည်း…လွမ်း၊ ကြောက်စရာရှိလည်း ကြောက်ပြီး ရင်နာစရာရှိရင်လည်း…တိတ်တိတ်ကလေး တစ်ယောက်တည်း…ရင်နာရသည့်အဖြစ်မျိုး မဟုတ်လား…! ။

သူ့အဖြစ်သည်…အိပ်မက်နှင့် တူပါသည်။ ဒါပေမယ့်…အိပ်မက်ဆိုသည်က…တစ်ညတာပဲ…ကိုယ့်ကို ပြုစားနိုင်ပါသည်။ ခိုင်မင်းသည်…နာကျင်သွားသော သူ၏ရင်ကို…အိပ်မက်တစ်ခုလို့သာ သဘောထားလိုက်သည်။

သူငယ်ချင်းများနှင့်…လမ်းခွဲထွက်လာတော့…သူ့လက်

www.linhtet.com



ထဲမှာ မြင်းရုပ်ကလေးတစ်ရုပ် ပါလာသည်။ သူသည်…ပထမဦးဆုံး အကြိမ်…တစ်ပါးသူ၏ ပစ္စည်းကို…ခိုးခဲ့ဖူးခြင်းဖြစ်သည်။

သူ့နှလုံးသားကို…သူ ပြန်ခိုးသည်ဟုလည်း ပြောနိုင်ပါသည်။ ကိုယ့်နှလုံးသားကို…ကိုယ်ပြန်ခိုးသောသူကို…ဘယ်နတ်ဘုရားကမှ တရားမစွဲဟု…သူ ယုံကြည်သည်။

၄ ၄ ၄ ၄

☺ ဧရာဝတီမြန်မာစာပေ ☺

www.linhtet.com



www.linhtet.com



# အခန်း(၈)

ထို နေ့မနက်…နှင်းကလည်း ပါးပါးကျသည်။ ခိုင်မင်း၏ သွားကလည်း ပါးပါးလေးတော့ နာနေသည်။ ဒီည…ဘာကြောင့် အိပ်မက် မမက်ဘဲ…သူ အိပ်ပျော်သွားရသည် ဆိုတာကို…သူ မသိ…။ အမှန်တော့…အိပ်မက်တစ်ခု မက်ဖို့တော့ ကောင်းသည်ဟု သူထင်သည်။

အိပ်မက်သည်…သူ့နှလုံးသားနှင့်…ဆက်သွယ်မှု မရဘူးလား! ဒါပေမယ့်…ထိုအတွေးကို သူ ကြာကြာ

www.linhtet.com



မတွေးနိုင်။ ခုနစ်နာရီထိုးမှာ…သူ ကားဂိတ်ကို ရောက်ကိုရောက်မှ ဖြစ်မည်။

မေမီမိုးကလည်း ဒီနေ့ ဘယ်သူ့၏စိန်ခေါ်မှုကို တုန့်ပြန်ရမလဲဟု တွေးသည်။ မိန်းမပျိုလေးတစ်ဦးအတွက် စိန်ခေါ်မှုတွေက အများကြီး ရှိ၏။ သူတို့ကို ချစ်တာရော…မုန်းတာရော…ခင်တာရော အားလုံး သည်…စိန်ခေါ်မှုတစ်ခုသာဖြစ်သည်။

ဒီနေ့ သူမ နှုတ်ခမ်းနီ မဆိုးပါ။ ရိုးရိုးကလေးပဲ သနပ်ခါးလိမ်းပြီး ထွက်လာခဲ့သည်။ သူ့မျက်နှာမှာတော့ မည်သည့်စိန်ခေါ်မှုကိုမဆို တုန့်ပြန် ရန် အသင့်ပြင်ထား၏။ ကားဂိတ်ရောက်တော့ ခိုင်မင်းကို တွေ့ရ၏။ ဒါပေမယ့် သူစိန်ခေါ်မည်ဟု သော့ခတ်ထားသော မျက်နှာထားကို မျက်နှာပေါ်မှ မချ…။ ပြီးတော့…နှစ်ဆယ်တန်တစ်ရွက်ကိုလည်း ခိုင်မင်း မြင်သာအောင် လွယ်အိတ်ထဲမှ ထုတ်ကာ…ခပ်တည်တည်ပင် ကိုင်ထားသည်။

ထိုအမူအရာအားလုံးကို ခိုင်မင်းမြင်ပါသည်။ မိန်းမတစ်ယောက် ၏မာနကို…သူလေးစားပါသည်။ ထို့ကြောင့်…နှစ်ဆယ်တန်နှစ်ရွက် ထဲမှတစ်ရွက်ကို သူ့အိတ်ထဲသို့ ပြန်ထည့်လိုက်၏။ ခိုင်မင်းသည် အိပ်မက် မက်သလို ဖြစ်နေသည်။ ဒါပေမယ့်…ရင်ကလည်း ခုန်နေ၏။

အခု စွန့်စားမှုသည်…သူ့အတွက် မဟုတ်ဘဲ…မေမီမိုး အတွက်သာ ဖြစ်ကြောင်း…သူတစ်ယောက်တည်းပဲ သိပါသည်။ တစ်ခါတစ်ရံ…တစ်ယောက်တည်း သိရသောကိစ္စများသည်…နှလုံး သားထဲမှာ…အကြာကြီး ခိုအောင်းနေတတ်၏။ ကိုယ့်နှလုံးသားကို… ကိုယ်ကလည်း…ဖွင့်လို့မရ…ကိုယ့်နှလုံးသားကို…ဖွင့်ပေးမယ့်လူ

www.linhtet.com



လည်း…ရှာလို့မရဆိုလျှင်…လူတစ်ယောက်သည်…ဘာလုပ်မည်နည်း…။

ထိုအချိန်တွင်ပင်…မှတ်တိုင်ရှေ့တွင်…ကားရောက်လာသည်။ ထိုကားပေါ်သို့… "မိုး"တက်သွားကြောင်း…သူ မြင်လိုက်ရသည်။ သူ ရင်တစ်ချက်ခုန်သည်။ ကားပေါ်သို့…မှီအောင် ပြေးတက်ရသည်။

"ဟေ့လူ…ခင်ဗျား သေချင်လို့လား! "

ကားစပယ်ယာက သူ့ကို ဟောက်၏။ လူတွေအားလုံးက ကားအထွက်မှ ပြေးထွက်လာသော သူ့ကို ဆယ်စက္ကန့်လောက် လှည့်ကြည့်လိုက်ကြသည်။ ထိုအကြည့်ထဲတွင်…တစ်စုံသောမျက်ဝန်းပါသည်။ အားလုံး၏ မျက်ဝန်းကို သူရင်ဆိုင်ရဲသော်လည်း ထိုတစ်စုံသောမျက်ဝန်းကြောင့် သူ့ခေါင်းကို ငုံ့ချပစ်လိုက်သည်။

"မိုး…"

ဘတ်စ်ကားကြီးကတော့…သူ့အဖြစ်ကို လျစ်လျူရှုကာ ခပ်မှန်မှန်ပင် သွားနေသည်။ သူ့'သွား'က ကားပေါ်ကို တွန်းတွန်းတိုက်တိုက် တက်ခဲ့ရ၍လားမသိ! တော်တော်ပြန်နာလာသည်။ သူ…မေမီမိုးအနားကို တတ်နိုင်သမျှ ကြိုးစားကာ ကပ်သည်။ မေမီမိုးက…သူနှင့် ခပ်လှမ်းလှမ်းသို့ ရွှေ့သွားသည်။

ဒါပေမယ့်…ကားပေါ်မှာ သိပ်ပြေးစရာနေရာမှ မရှိဘဲ…။ ဒီတော့…ခိုင်မင်းနှင့် "မိုး"…တစ်နေရာတွင် ဆုံကြမည်။ လိုက်သူနှင့် ပြေးသူသည် ဒီလိုပဲ တစ်နေရာမှာ ဆုံကြတာပဲ မဟုတ်လား!။ သူလိုက်နေသူသည် သူကျည်ချင်သော "မိုး…" ဖြစ်သည်။

www.linhtet.com



“ရှင်ဘာပြောချင်လို့လဲ!…ကျွန်မကို လာမနှောင့်ယှက်နဲ့”

ခိုင်မင်း နည်းနည်းတော့…ရှဲ့သွားသည်။ ကားပေါ်မှ လူလေးငါးခြောက်ယောက်ကလည်း…ခိုင်မင်းအား ခပ်ထန်ထန်မျက်လုံးများဖြင့် လှမ်းကြည့်ကြသည်။ ဒီတော့မှ…မေမီမိုးက လေသံနည်းနည်းလျှော့ကာပြောသည်။

“ရှင်မနှောင့်ယှက်ဘူးဆိုရင်…ပြောချင်တာပြောလေ…”

“မိုးကို မနက်ဖြန်ကျရင်…လူတစ်ယောက် လိုက်လိမ့်မယ်၊ အဲ့ဒီအကြောင်း လာသတိပေးတာ…”

“ရှင်ကရော…အခု လိုက်နေတာ မဟုတ်ဘူးလား! ”

“မဟုတ်ဘူးခင်ဗျ…ကျွန်တော် “မိုး”အတွက် အကူအညီပေးတဲ့လူပါ”

“အဲ့ဒီလူကလည်း ရှင့်သူငယ်ချင်းပဲမဟုတ်လား…!”

ခိုင်မင်း ဖြေရတော်တော်ခက်သွားသည်။ ထိုအချိန်တွင်းမှာပင် သူတို့စီးလာသော ဘတ်စ်ကားက မှတ်တိုင်တွင် ရပ်သည်။ ပြီးတော့ လူတွေကို အော်ဟစ်ကာ တင်၏။ ဆင်းသူနှင့် တက်သူအကြားမှာ ခဏရသည့်အချိန်ကလေးတွင်…ခိုင်မင်း အသက်ရှူနည်းနည်းချောင်သွားသည်။ တက်သူတွေကတိုး…ဆင်းသူတွေက တွန်းနှင့် “မိုး”နှင့်သူ နည်းနည်း အလှမ်းဝေးသွားပြန်သည်။

ဒီတစ်ကြိမ်တော့ မရ…။ ရင်ခုန်သံသည်…သူ၏ချစ်စိတ်ကိုကပ်ကာ…နရင်းတီးလွှတ်လိုက်၏။ ထိုအခါ သူ “မိုး”နားသို့…ဒုတိယအကြိမ် ရောက်သွားပြန်သည်။

“မိုး…!”

☺ [illegible] ☺

www.linhtet.com



"ပြော…"

"အဲ့ဒီလူကလည်း…ကျွန်တော့်သူငယ်ချင်းပါပဲ…"

"ဘာလဲ…! သဘောကောင်းတယ်၊ ရိုးသားတယ်ဆိုတဲ့ ချီးမွမ်းစကားတွေနဲ့…ကျွန်မကို ကြိုက်ခိုင်းဦးမလို့လား…! "

"မဟုတ်ဘူးခင်ဗျ…သူ စကားလာပြောရင် ဒီအရုပ်ကလေးပဲ ပေးပြီး…မနေ့ကအတိုင်း ရှင်ရှုံးပြီလို့ တစ်ခွန်းပဲ ပြောလိုက်ပါ…"

ခိုင်မင်းသည်…လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားသော 'Chess' ကစားသည့်…မြင်းရုပ်ကလေးကို…"မိုး"လက်ထဲသို့ ထည့်ပေးလိုက်သည်။ ထိုအချိန်တွင်…ကားစပယ်ယာ၏ အောင်မြင်ခံ့ညားသော…အသံကြီး ထွက်ပေါ်လာပါသည်။

"ဒီမှာ တွေ့ပြီ…ဟိုလူ…ကားခနှစ်ဆယ်ပေး"

ခိုင်မင်း ခေါင်းငုံ့ကာ ပိုက်ဆံအိတ်ကို နှိုက်သည်။ ထိုအချိန်တွင် မေမီမိုး၏ လက်ထဲမှ နှစ်ဆယ်တန်တစ်ရွက် ထွက်လာသည်။

"သူ့အတွက် ဒီက ယူပါရှင့်…"

ကားစပယ်ယာက…ခပ်ပြုံးပြုံးဖြင့်…သူတို့ နှစ်ယောက်စလုံးကို ကြည့်သည်။ ပြီးတော့ နှစ်ဆယ်တန်တစ်ရွက်ကို လှမ်းယူသည်။

"နှစ်ယောက်အတူဆိုလည်း…အစကတည်းက ပေးထားပေါ့ဗျာ…တစ်ယောက်က ပေး…တစ်ယောက်က မပေးနဲ့…"

စကားဆုံးသည်နှင့် မေမီမိုး ခေါင်းကို ငုံ့ချလိုက်သည်။ ခိုင်မင်းလည်း ဘာလုပ်ရမှန်းမသိ…။ ထိုအချိန်တွင်…ကားက မှတ်တိုင်တစ်ခုမှာ ထိုးကာရပ်သည်။ ခိုင်မင်း လူကြားထဲမှ အတင်းတိုးထွက်ရင်း ထိုမှတ်တိုင်ကိုရအောင် ဆင်းလိုက်နိုင်ပါသည်။

☺ အောင်မြင်စာပေ ☺

www.linhtet.com



ကားပေါ်မှအဆင်း…ပြင်ပမှ လေသည် သူ့ကို "Air Con" အခန်းထဲသို့ ပို့ပေးလိုက်သလိုရှိသည်။ ခန္ဓာကိုယ် လန်းဆန်းသွားသော်လည်း…သူ့စိတ်ကတော့…နွမ်းကာနေ၏။ သူသည်…နှလုံးသား မရှိတော့သော လူတစ်ယောက်လို…မှတ်တိုင်တွင်…ရပ်ကာနေမိသည်။ သူ့နှလုံးသားသည်…သူ ရှက်ရှက်နှင့် ဆင်းခဲ့သော ကားကြီးပေါ်မှာ ပါသွားပြီဆိုတာကို…သူ ကျိန်းသေ သိလိုက်ရသည်။

မေမီမိုးကတော့…ပထမ မာနစိတ်ဖြင့်…လှည့်မကြည့်ဟု စဉ်းစားသည်။ ခဏကြာလာတော့ မိန်းကလေးတို့၏ ကြင်နာတတ်သော စိတ်ဖြင့်…တစ်ချက်လှည့်ကာ…ကြည့်မိသည်။

သို့သော်…ခိုင်မင်း မရှိတော့…။ ဒါပေမယ့်…ခိုင်မင်း ပေးခဲ့သော…မြင်းရုပ်ကလေးကိုတော့…သူ့ဘယ်ဘက်လက်ထဲမှာ ကျစ်ကျစ်ပါအောင်…ဆုပ်ကိုင်ထားမိသည်။ “သူဟာ ဘယ်လိုလူလဲ” ဟု…သူတွေးနေမိသည်။ သူ ရင်လည်း နည်းနည်းခုန်လာ၏။ သူ့ရင်ခုန်သံကို…သူနားလည်ပါသည်။ သို့သော်…မိန်းကလေးတို့၏မာနဖြင့်… ထိုရင်ခုန်သံကို…မေ့ချင်ယောင် ဆောင်ပစ်လိုက်သည်။

ဒီရင်ခုန်သံကို…သူ ဘယ်လောက်အထိ မေ့နိုင်မှာလဲဆိုတာကို တော့…သူတစ်ယောက်တည်း သိပါသည်။

www.linhtet.com



လမင်းကြီး ပြည့်ပြည့်ဝဝ သာနေသော…ဆောင်းရာသီကုန် ကာနီးညတွင် ဤရပ်ကွက်ကလေးမှာ…တိတ်တိတ်ကလေးရှိနေသည်။ လူတွေအားလုံး…အိပ်စက်ခြင်းရဲ့အရှိန်မှာ ကိုယ့်အသက်ကိုယ်ရှူရင်း… ခပ်ဖြည်းဖြည်း လိုက်ပါနေဟန်တူ၏။ ဒါပေမယ့်…လမင်းသာပြီး… ဆောင်းညအေးအေးအတွင်းမှာ အိပ်မပျော်သူ သုံးဦးတော့ရှိသည်။

လုံးဝအိပ်မရသူက…ခိုင်မင်းဖြစ်သည်။ သူ့အိပ်စက်ခြင်းပေါ်တွင်…သူ့နှလုံးသားက…တစ်ခါတစ်ရံ ဒေါသတကြီး ခုန်ပေါက်သည်။ တစ်ခါတစ်ရံ အေးအေးဆေးဆေး လမ်းလျှောက်သည်။ တစ်ခါတစ်ရံ ငုတ်တုတ်ကြီး ထိုင်နေ၏။

သူ ''မိုး''…ကို ချစ်သည်။ ချစ်သည်မှ…ဘယ်သူနှင့်မှ မတူအောင်ချစ်၏။ ထို့ကြောင့်ပင်…''မိုး''ကို သူတတ်နိုင်သမျှ ကူညီခဲ့ခြင်း

www.linhtet.com



ဖြစ်ပါသည်။ ဒါကို "မိုး"က နားကောနားလည်ရဲ့လား…! ရင်ထဲမှာကော ခံစားရဲ့လား…! ။

ထိုအတွေးနှင့်ပင်…သူ့နှလုံးသားသည်…ထိုင်ရင်း၊ ထရင်း၊ လမ်းလျှောက်ရင်းဖြင့် နှိပ်စက်နေခြင်းဖြစ်၏။ အိပ်မပျော်သောညတွင် အိပ်စက်ခြင်းအပေါ်…ကိုယ့်နှလုံးသားက လမ်းလျှောက်သည့်ညက…ပို၍ ခံစားရခက်ပါသည်။

လှဦးလည်း အိပ်မပျော်ပါ။

လာမည့်မနက်ခင်းကို…ဘယ်ရွှေ့ကွက်ဖြင့်…သူ ရွှေ့ရမလဲဟု…စဉ်းစားရင်း…မျက်လုံးကြောင်ကာနေသည်။ မိန်းကလေးတစ်ယောက်နှစ်ယောက်ကို…လှဦး လိုက်ခဲ့ဖူးသော်လည်း…သူတို့ပြန်ချစ်ခြင်း မချစ်ခြင်းသည်…အဲ့ဒီအချိန်တုန်းက…လှဦးအတွက်…သိပ်အရေးမကြီးခဲ့…။

သူ၏ကိုယ်ပိုင်ကိစ္စဖြစ်သဖြင့် သူ ဘယ်လောက်ရွှေ့ကွက်များများ ဟားတိုက်ရယ်မောခွင့်…မရှိ။ နက်ဖြန်မနက် လိုက်ရမည့် မိုး၏ ကိစ္စကတော့ သူငယ်ချင်းအားလုံးနှင့် စိန်ခေါ်ထားသော…ပြိုင်ပွဲတစ်ခုဖြစ်သည်။

ပြိုင်ပွဲဆိုလျှင်…ပြိုင်ပွဲဝင်ရမည့်လူအားလုံး စိတ်လှုပ်ရှားတတ်ပါသည်။ ဒါကြောင့် လှဦးလည်း…စိတ်လှုပ်ရှားသည်။ မျက်စိကြောင်နေသည်။ ဘာမှမဆိုင်ဘဲ…မုန်ကိုလည်း ခဏခဏ ထကြည့်မိ၏။ ထိုညသည်…လှဦး၏အပေါ်ကို ခုန်အုပ်ပြီး…သူ့ခေါင်းကို ခဲထားသောည။

မေမီမိုးကတော့…နားမလည်နိုင်တာတွေကို…နားလည်နိုင်အောင်…လျှောက်တွေးရင်း…အိပ်မပျော်ခြင်းဖြစ်သည်။ ခိုင်မင်း

www.linhtet.com



ကို သူစိတ်ဆိုးချင်သည်။ ဒါပေမယ့်…ဘယ်လို စိတ်ဆိုးရမှန်းမသိ။ ခိုင်မင်းသည်…အကူအညီတော့ ပေးပါ၏။ မိန်းကလေးတစ်ယောက်၏ ရက်စိတ်နှင့် မာနကိုကျတော့…နားမလည်…။ သူ့ကို နားလည်အောင်ပြောလျှင်လည်း…သူမသည် ကျောက်ပျဉ်နှင့် အသွေးခံရသော သနပ်ခါးတုံးတစ်တုံးလို…ခံစားရလိမ့်မည်။

ခိုင်မင်း ပေးသွားသော မြင်းရုပ်ကလေးကို…သူ လှည့်ပတ်ကြည့်နေမိသည်။ မနက်မိုးလင်း…သူ့နောက်ကို လိုက်လာသည့်…ငတိတစ်ယောက်ကိုတွေ့လျှင်…“ရှင်ရှုံးပြီ…”ဟု ထိုမြင်းကို ပေးလိုက်ရန် ခိုင်မင်းက မှာခဲ့သည်။

မိန်းကလေးတစ်ယောက်နောက်ကို လိုက်သော ယောကျ်ားလေးတစ်ယောက်ကို…ဒီပလတ်စတစ် မြင်းရုပ်ကလေး ပေးရုံနှင့်…ဘယ်လိုကာကွယ်နိုင်မည်နည်း။ မေမီမိုးသည်…သူ့နောက်ကို လိုက်မည့်သူအတွက် လုံးဝစိုးရိမ်ခြင်းမရှိပါ။ မိန်းကလေးတစ်ယောက်မှာ မိမိကိုယ်မိမိကာကွယ်ဖို့…အခွင့်အရေးတွေ အများကြီးရှိမှန်း သူသိထားပါသည်။ ထိုကာကွယ်နည်းများကို…မည်သည့်ကျောင်း….မည်သည့်သင်တန်းကမှလည်း…သင်ပေးခြင်းမရှိ။ ဒါပေမယ့်…မိန်းကလေးတိုင်း မိန်းကလေးတိုင်းသည်…သူတို့ကျွမ်းကျင်မှုနှင့်သူတို့ ထိုနည်းကို…တတ်ကြပါသည်။

ဒါပေမယ့်…ခိုင်မင်းက ထိုမြင်းကို ပေးရမတဲ့…။ သူ ခုတင်ပေါ်က ထကာ…နံဘေးက စားပွဲခုံပေါ်တွင် ထောင်ထားသော မြင်းရုပ်ကလေးကို ယူကာ…လက်ဖြင့် ဖွဖွကလေး ခေါင်းတစ်ချက်ခေါက်လိုက်သည်။

www.linhtet.com



"ခိုင်မင်း…ဟုတ်ရင်ဟုတ်…မဟုတ်ရင်တော့ နင်နဲ့ငါ အသိပဲ"

သူ့စကားဆုံးတော့မှ သူနှင့်တစ်ခန်းထဲ အတူအိပ်သော သူ့ အစ်မ မေမီစိုးက အိပ်ချင်မူးတူးဖြင့် လှမ်းမေးသည်။

"မိုး…နင် ဘာတွေယောင်နေတာလဲ…! "

မေမီမိုး နည်းနည်းတော့ လန့်သွားသည်။ ဒါပေမယ့်…မိန်းကလေးတစ်ယောက်၏ နှလုံးသားသည်…စက္ကန့်ပိုင်းတွင်း ဦးနှောက်ကို သူတို့ ကြံသည့်အခက်အခဲကို…ပို့နိုင်စွမ်းရှိသည်။ ထိုအရာကိုပင်…တခ်တုပ္ပတ္တိဉာဏ်ဟု…တင်စားသူတွေက တင်စားကြသည်။

"ညက…ပျောက်သွားတဲ့ဘောလ်ပင် အိပ်ရာပေါ်က ထမှတက်နင်းမိလို့ အဲ့ဒီကောင်ကို တီးနေတာ"

ဒီတော့မှ မေမီစိုးသည်…သူ့အိပ်ရာပေါ်မှ ခေါင်းထောင်ထကာ မေးသည်။

"ငါ့နားထဲမှာ ကြားတာကတော့…ခိုင်မင်းဆိုလားပဲ"

"ဟုတ်ပါဘူး မမရဲ့၊ ရေးနော့ပါ"

မေမီစိုးသည် စိတ်ပျက်လက်ပျက်ဖြင့် စောင်ကို ခြုံရင်း ပြောသည်။

"နင်ကလည်းဟာ…ဘာမှမဟုတ်တဲ့…ဘောလ်ပင် တစ်ချောင်းအတွက်နဲ့…ညသုံးနာရီလောက်ကြီး ထပြီးအော်ရတယ်လို့…"

"ညီမလေးက…ဒီကောင့်ကို သိပ်ချစ်တာ မမရဲ့…သူက ရေးလို့အရမ်းကောင်းတယ်…"

မေမီစိုးသည်…သူ့ညီမ၏ စကားကို စိတ်မဝင်စားဘဲ ပြန်အိပ်

www.linhtet.com



သွားပြီဖြစ်သည်။ မေမီမိုးကတော့…လက်ထဲတွင် မြင်းကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း…မနက်ကျလျှင် တွေ့မည်ဟု… စိတ်ထဲမှ ကြိမ်းနေမိသည်။

သို့သော်…သူ ဒီည…အိပ်မပျော်တော့မှန်း…သူ့ကိုယ်သူ မသိသဖြင့်…ကြိုးစားကာ အိပ်သည်။ အိပ်မပျော်ခြင်းသည်…တစ်ခါ တစ်ရံ ဘယ်နေရာကို သွားသွားပုန်းနေမှန်းမသိ။

နလုံးသားနှင့်…ခံစားပြီး အိပ်မပျော်သောညသည်… အလှဆုံးဟုဆိုလျှင်…မေမီမိုးတို့၏ အိမ်အပြင်တွင်…တိတ်တိက လေးရှိနေသောညသည်…တော်တော်ကို လှပလိမ့်မည်ဟု ထင်ပါ သည်။

၅ ၅ ၅ ၅

www.linhtet.com



www.linhtet.com



# အခန်း(၉)

ဒီနေ့မနက် နှင်းတော်တော်ကျသည်။ ခိုင်မင်း လည်း…အိပ်မပျော်ဘဲ အူကြောင်ကြောင်နှင့် ထလာရသ ဖြင့်…သူ့အိမ်ရှေ့တွင် တွေ့ရသော…နှင်းတွေ ဝေနေ သည့်မနက်ခင်းကို…သူ ခဏငေးသည်။ သစ်ပင်များကြား တွင် ငြိမ်ကာ ရပ်နေသော…နှင်းများကို တော်တော် ကြာကြာ သူ ရပ်ငေးနေမိသည်။

ခိုင်မင်း ဒီနေ့ 'သွား' မနာပါ။ နှလုံးသားကတော့…

www.linhtet.com



နည်းနည်းကလေး နာချင်နေသည်။ လှဦးက ‘မိုး’ကိုများ သူရွှေ့ကွက်များနှင့်…အနိုင်ယူသွားမလားဟု…သူစိုးရိမ်နေမိသည်။ သူ ဗာဒံပင်ရိပ်တွင် ထိုင်သည်။ လှဦးအလာကိုလည်း မျှော်သည်။ သို့သော် လှဦးသည် သူ့ဗာဒံပင် ခုံတန်းကို လုံးဝရောက်မလာခဲ့…။ ရောက်လာသူများကတော့…မြင့်စိုး၊ ထွန်းသိန်းနှင့် ခင်မောင်သာဖြစ်သည်။ သူတို့ရောက်လာသည်အထိ ခိုင်မင်း မျက်နှာမသစ်ရသေး…။ ထွန်းသိန်းက…သူ့ကို လှမ်းခနဲ့သည်။

“ဟော့ကောင်…ဟို Chess သမားကြီး ပွန်းတစ်ကွက် ရွှေ့သွားပြီလားကွ…”

ထွန်းသိန်း၏စကားက…လှဦး သူ့ဗာဒံပင်ရိပ်တွင် ထိုင်ပြီး မေမီမိုးနောက် ပါသွားသည့် အဓိပ္ပာယ်မှန်း သူသိသည်။ သူ ခေါင်းကို ခါသည်။ ဒါပေမယ့်…ရင်ထဲက နှလုံးသားကိုတော့ ခါထုတ်၍မရသဖြင့်…လေသံတိုးတိုးဖြင့်သာ…ပြန်ပြောနိုင်သည်။

“လှဦး အခုထိ ရောက်မလာသေးဘူးကွ…ငါလည်း သူ့ကို လာမလားလို့…ထိုင်စောင့်နေတာ…”

သူငယ်ချင်းတွေက ခေါင်းကို ညိတ်ကြသည်။ သူတို့ညိတ်သော ခေါင်းသည်…သူ့ကို ငြင်းဆန်တာလား! ထောက်ခံတာလားတော့…သူ မသိ…။

“လှဦး တကယ်ကို မလာတာလား…! ”

သူခေါင်းညိတ်ပြလိုက်သည်။ ကျန်သူငယ်ချင်းများကလည်း…ခေါင်းညိတ်ကြပြန်၏။ “မင်း သွားနာနေတာလား” ဟု ခင်မောင်က…သူ့မုတ်ဆိတ်ကို လက်ကလေးနှင့် သပ်ရင်း မေးသည်။

www.linhtet.com



"နည်းနည်းပါပဲ…အခုတော့ ပျောက်သလိုလို ရှိသွားပါပြီ…"

"ဒါဆိုရင်…တို့အားလုံး လက်ဖက်ရည်ဆိုင်ကို သွားကြမလား…!"

"ဟင့်အင်း…ငါ ဒီမှာပဲ ခဏထိုင်နေချင်တယ်"

ခိုင်မင်း၏ စကားဆုံးတော့…ထွန်းသိန်းက ပြုံးသည်။ နောက်ဆုံးလူသည်…သူဆိုတာကို ခိုင်မင်း ရိပ်မိပါသည်။

ထိုအချိန်တွင်…"မိုး"တို့အိမ်ရှေ့ သံတံခါးဖွင့်နေသံကို ကြားရ၏။ အားလုံး၏မျက်လုံးများကလည်း…ထိုတံခါးဖွင့်သံဆီသို့ ရောက်ကာသွားလေသည်။

"မိုး"သည်…သစ်ပင်ပေါ်တွင်…ငြိမ်နေသော နှင်းလိုက္ကန္ဒြေရရနှင့် တည်တည်ငြိမ်ငြိမ်ပင်…ခြံတံခါးရှေ့မှ ထွက်ကာ လာသည်။ သူတို့ဘက်သို့…မျက်ဝန်းတစ်ချက် ဝေ့ကြည့်သွားသော်လည်း…ထိုမျက်ဝန်းသည်…မည်သူနှင့်မျှ မဆုံကြောင်း ခိုင်မင်း….ကောင်းကောင်းသိပါသည်။ ဒါပေမယ့်…သူနှင့်အတူ သူငယ်ချင်းများကို မြင်သွားကြောင်းကိုလည်း…သေသေချာချာကြီးကို…သူသိသွားသည်။

"မိုး"သည်…သနပ်ခါး ပါးပါးလေးလိမ်းကာ…ပါးကွက်…ကွက်ထား၏။ နှုတ်ခမ်းနီတော့ ဆိုးမထား…။ ဟိုတစ်နေ့က…သူနှင့်ဆုံဖြစ်စဉ်က…"မိုး"၏ ကိုယ်နံ့သင်းသင်းလေးနှင့် ရောနေသော သနပ်ခါးရနံ့ကို…သူ ပြန်အမှတ်ရသည်။

ထိုရနံ့သည်…သူ့နှလုံးသား၏အောက်ခြေတွင် ငုတ်တုတ်ထိုင်ကာနေ၏…။

ထွန်းသိန်းက…အလန့်တကြား ထ,အော်သည်။

☺ ဧရာပြည့်ပြစာပေ ☺

www.linhtet.com



"ဟော့ကောင်…ဟိုမှာ သွားပြီကွ…သွားပြီ၊ လှဦးလည်း မလာသေးပါလား…"

"သူ့ကိုယ်သူ သိနေလို့ နေမှာပေါ့ကွာ…"

မြင့်စိုးက….ခပ်အေးအေးပင် ပြောသည်။

"အေး…မေမီမိုးလို မိန်းကလေးမျိုးကို လှဦးလို ခပ်ထုထု ကောင်မျိုးရသွားရင်…ငါ့နှမကို မင်းနဲ့ပေးစားမယ် ထွန်းသိန်း"

ခင်မောင့်အသံကြောင့်…အားလုံး ခဏတော့ ငြိမ်သွားကြသည်။ ခင်မောင့်မှာ…နှမကလေးတစ်ယောက်ရှိသည်။ ထိုနှမကလေးကိုလည်း သူက…အလွန်ချစ်သည်။ ဘယ်သူက…သူ့နှမကို စစ, သူလုံးဝသည်းမခံ၊ သူနှမကို စ,သည့်အတွက်…ခင်မောင်သည်… သုံးကြိမ် ထိုးပွဲရိုက်ပွဲနှင့်…ပြဿနာ တက်ခဲ့ရဖူးသည်ကို…သူတို့အားလုံး အသိပင်ဖြစ်သည်။

အခုတော့…ခင်မောင်သည်…သူတို့ကပါ မပြောရပါပဲ… သတ္တိရှိရှိနှင့်ကို…သူ့နှမလေးအား…ထွန်းသိန်းနှင့်…သဘောတူပစ် လိုက်သည်။ ခင်မောင် ဆိုသောအဓိပ္ပာယ်က ရှင်းပါသည်။ လှဦးသည် မေမီမိုးကို…လုံးဝမရနိုင်ဟု…အာမခံခြင်းသာ ဖြစ်သည်။

ထွန်းသိန်းက ပြုံးသည်။

"ဟော့ကောင်…မင်းပြောတာ အတည်နော်…"

"အေးလေ…သူငယ်ချင်းတွေ အားလုံးရှေ့မှာ ပြောတာပဲကွ"

'ဒါဆိုရင်တော့…မင်းအတွက် အရှုံးမရှိတော့ဘူး ထွန်းသိန်း၊ လှဦး ဟိုကောင်မလေးကို ရသွားရင်လည်း…မင်း…ခင်မောင့်ညီမကို ရမှာပဲ…ဒီကောင် မရရင်လည်း…မင်း အဲ့ဒီကောင်မလေးကို

www.linhtet.com



ကြိုးစားခွင့်ရှိတာပဲ၊ အဲ့လိုအလောင်းအစားမျိုး စောစောစီးစီး မရှိတာ နာတယ်ကွာ..”

ခိုင်မင်း...ငြိမ်ငြိမ်ကလေးပဲ ထိုင်နေပါသည်။ ကိုယ်လိုချင်သောဆုကို...ကိုယ့်နှလုံးသားဖြင့်သာ...တောင်းရသည်ဟု...သူသိသည်။ ထို့ကြောင့် သူ နှလုံးသားဖြင့်သာ...ဆုတောင်းပါသည်။ ထိုဆုတောင်းကလည်း...ရိုးရိုးကလေးသာ ဖြစ်ပါသည်။

မေမီမိုး...ဆီသို့ သူ မနေ့က ပေးထားသော...မြင်းရုပ်ကလေး ပါသွားပါစေဟု...ဆုတောင်းသာ ဖြစ်ပါသည်။

www.linhtet.com



"မနက်ဖြန် မင်းအလှည့်ဆိုတော့ မင်း ဘာတွေ စီစဉ်ထားသလဲ ထွန်းသိန်း"

ထွန်းသိန်း တစ်ချက် တွေခနဲ ဖြစ်သွားပြီး…တောင်ကြည့် မြောက်ကြည့် လုပ်သည်။ ပြီးတော့မှ…

"ငါကတော့ ရိုးရိုးပါပဲ"

ရိုးရိုးဟူသော စကားကို…ထွန်းသိန်းက မရိုးသားသော လေသံဖြင့်ပြောသည်။ ခိုင်မင်းကတော့ ထုံးစံအတိုင်း ငြိမ်ငြိမ်ကလေးပဲ ထိုင်နေပါသည်။ ပြီးတော့ ထွန်းသိန်းက…နည်းနည်းပြုံးပြီး ဆက်ကာပြော သည်။

"ဟိုကောင် လှဦးရဲ့အခြေအနေကိုလဲ…ငါသိချင်တယ်ကွာ"

ခင်မောင်က တစ်ချက်စဉ်းစားပြီး…သူငယ်ချင်းများအားလုံး

www.linhtet.com



ကို လှမ်းကာကြည့်သည်။

"ဟေ့ကောင် ခိုင်မင်း…မင်းကကော ဒီကိစ္စကို ဘယ်လိုထင်လဲ…! "

ခိုင်မင်းက လေသံခပ်အေးအေးဖြင့်သာ…ပြန်ကာဖြေသည်။

"မင်းညီမလေးက သူချစ်တဲ့လူနဲ့ပဲ အိမ်ထောင်ကျမှာပါကွာ…"

သူတို့လက်ဖက်ရည်ဆိုင်မှ စကားဝိုင်းသည် ပြန်လည်တိတ်ဆိတ်သွားပြန်သည်။ မီးပျက်နေသဖြင့်…ဘာသီချင်းမှ မဖွင့်သော လက်ဖက်ရည်ဆိုင်သည် တိတ်ဆိတ်နေသည်။ ထိုလက်ဖက်ရည်ဆိုင်ထဲမှ သူတို့ထိုင်ခုံသည်…ပို၍ အတိတ်ဆိတ်ဆုံးဖြစ်သွားသည်။

ခင်မောင်သည်…ထွန်းသိန်းကို ကြည့်ကာပြုံးသည်။ ငယ်ပေါင်းမို့ ထွန်းသိန်းအကြောင်းကို…သူ တော်တော်များများ သိသည်။ ထွန်းသိန်းသည်…သူတို့သူငယ်ချင်းငါးယောက်ထဲတွင် ဗလအကြီးဆုံး အရုပ်အမောင်း အကောင်းဆုံး လူတစ်ယောက်ဖြစ်သည်။ ဒါပေမယ့်…ချစ်တတ်သည့်စိတ်ကတော့…သေးသေးကလေးသာရှိ၏။

"လှဦး…မေမီမိုးကို မရဘူးဆိုရင်…နောက်ဆုံးလူဟာ…မင်းပဲ…အဲဒီတော့ မင်းဘာလုပ်မှာလဲ!"

"လှဦးအလာကို ငါစောင့်မယ်လို့…ပြောပြီးသားပဲ…"

ထိုစဉ်မှာပင်…စားပွဲခုံပေါ်သို့ "ဒေါက်"ခနဲ ချလိုက်သော…မြင်းရုပ်တစ်ရုပ်ကို…သူတို့အားလုံး အလန့်တကြား တွေ့လိုက်ရသည်။

"ဟေ့ကောင်တွေ…ဒီမြင်းရုပ်ကို ဘယ်သူက မေမီမိုးကို ပေးလိုက်တာလဲ!"

လှဦး၏စကားသံကြောင့်…အားလုံးက မြင်းရုပ်ကလေးကို

www.linhtet.com



ထူးထူးဆန်းဆန်း ဝိုင်းကြည့်ကြ၏။ ပြီးတော့…သူတို့စကားဝိုင်းသည် ခေတ္တပြန်၍ တိတ်သွားသည်။

"ဟေ့ကောင် ထွန်းသိန်း…မေမီမိုးကို ငါလိုက်ဖို့ မတိုင်မီ တစ်ရက်က…မင်း ဒီမြင်းကို စားပြီး ငါ့ကို နိုင်သွားတာမဟုတ်လား! ဒီမြင်းကိုပေးပြီး…ငါ့ကို အရှက်ခွဲတာ…မင်းပဲ ဖြစ်ရမယ်…"

"ငါ…တစ်မနက်လုံး ဒီကောင်တွေနဲ့ အတူတူရှိတယ်၊ မေမီမိုး နောက်ကို…မျက်လုံးကလွဲပြီး ဘာမှလိုက်မသွားဘူး…"

"ဟုတ်တယ် လှဦး…ဒီကောင် တို့နဲ့ တစ်မနက်ခင်းလုံး ရှိ တယ်…ကိုယ်ရှုံးလာတဲ့ကိစ္စကို…သူများ သွားမမဲပါနဲ့ကွာ…"

"ဒါဆို…ဒီမြင်းရုပ်က…ဘယ်လိုဖြစ်ပြီး…မေမီမိုးဆီ ရောက်သွားသလဲ…!"

ထိုအမေးကို…ဘယ်သူမှ မဖြေကြ…။ အဖြေကို သိသော သူက…ခိုင်မင်းတစ်ဦးတည်းသာ…ရှိပါသည်။ သို့သော်…ခိုင်မင်း ကလည်း…ထိုအဖြေကို…သူ့နှလုံးသားထဲတွင်…ဝှက်ထားဖို့… ဆုံးဖြတ်လိုက်သည်။

"ထွန်းသိန်း…မင်းပါပဲကွာ…မင်းပဲ…မင်းက ငါ့နောက် က လူဆိုတော့…ငါ့ကို ယုတ်မာတာပေါ့…မေမီစိုးကို…လက်စား ချေဖို့အတွက်…ငါတို့အားလုံး…မေမီမိုးကိုရဖို့ ကြိုးစားကြတာ မဟုတ်ဘူးလား! တစ်ယောက်နဲ့တစ်ယောက် ဒါမျိုးလုပ်တာတော့… မင်းမတရားဘူးကွာ…"

ထွန်းသိန်းက…ဒေါသတကြီးဖြင့်…"ဝုန်း"ခနဲ ထရပ်သည်။

"ဟေ့ကောင် လှဦး…မင်း ငါ့ကို အဲ့ဒီလိုထင်ရင် ငါ မေမီမိုးကို

www.linhtet.com



လုံးဝမလိုက်ဘူးကွ…အဲ့ဒါ မင်းမှတ်ထား…”

စကားဆုံးသည်နှင့်…ထွန်းသိန်း လက်ဖက်ရည်ထဲမှ ထ,ထွက်သွားသည်။ သူတို့အားလုံးလည်း…ငြိမ်ငြိမ်ဆိတ်ဆိတ်ဖြင့်…စားပွဲခုံပေါ်မှာ…ကျန်ခဲ့ကြသည်။ ပိုက်ဆံရှင်းပြီး…သူတို့ ထ,ထွက်သွားတော့…စားပွဲပေါ်မှာ…အဖြူရောင် မြင်းရုပ်ကလေးတစ်ရုပ်သာ ကျန်ခဲ့ပါသည်။

www.linhtet.com



မေမီမိုးသည်…ခိုင်မင်းကို ကျေးဇူးတင်နေမိသည်။ ကားမှတ်တိုင်ကတည်းက…သူ့နောက်ကို တကောက်ကောက်လိုက်ပြီး…ကျောင်းထဲထိ သူ့နောက်မှ ကပ်လိုက်လာသော လူတစ်ယောက်ကို…ခိုင်မင်းပေးထားသော…မြင်းရုပ်ကလေးတစ်ရုပ်ပေးကာ…“မနေ့က အတိုင်းပဲ ရှင်ရှုံးပြီ”ဟု…ပြောလိုက်သည့်အခါ…ထိုလူသည်…မျက်စိပျက်မျက်နှာပျက်ဖြင့် ထိုမြင်းရုပ်ကလေးကို ကိုင်ရင်း…တွေတွေကြီးရပ်ကာ…ကျန်ခဲ့သည်။

သူကတော့…ခပ်တည်တည်ဖြင့်…ဆက်လျှောက်သွားရင်း…ခိုင်မင်းကို…·သတိရနေမိသည်။ ဘယ်တုန်းကမှ…ဘေးဘီဝဲယာကို…မကြည့်တတ်ခဲ့သော မေမီမိုးသည်…အခု…ဟိုဟိုသည်သည် ကြည့်နေမိသည်။ သူပေးလိုက်သော မြင်းကလေးကို

www.linhtet.com



အဆင်မှပြေပါ့မလားဟူသော စိုးရိမ်စိတ်ဖြင့်…ခိုင်မင်းများ လိုက်ချောင်းကြည့်နေမလား ဆိုသည့်အတွေးကြောင့်ဖြစ်သည်။

ဒါပေမယ့်…ခိုင်မင်းကို မတွေ့ပါ။ သူ့စာသင်ခန်းကိုသာ သူတွေ့ပါသည်။

ရင်ခုန်ရသည်ဆိုတာ…တစ်ခါတစ်ခါ တော်တော်ခက်ပါလားဟု ပထမဆုံးအကြိမ်…သူစဉ်းစားမိသည်။

ခိုင်မင်း…ကိုတွေ့လျှင်တော့…သူပြောချင်သည့်စကားက တစ်ခွန်းပဲရှိပါသည်။ "အရမ်းကျေးဇူးတင်ပါတယ်"ဟူသော စကားသာဖြစ်၏။ ဒါပေမယ့်…ထိုစကားကို ခိုင်မင်းမျက်ဝန်းတည့်တည့်ကို…သူကြည့်ပြီးပြောမည့် သူ့မျက်ဝန်းထဲမှာတော့…အဓိပ္ပာယ်ပေါင်းများစွာပါနေပါလိမ့်မည်။

အဲဒီမျက်ဝန်းအကြည့်ကို…နှလုံးသားနှင့်သာ…မိတ္တူကူးနိုင်ပါသည်။ အခြားမည်သည့်အရာနှင့်မျှ ကူး၍ရလိမ့်မည်မဟုတ်။

www.linhtet.com



“သွား”သည်…ခိုင်မင်း၏ အိပ်စက်ခြင်းကို…လက်သီးနှင့် ထိုးပြီး…ကိုင်ပေါက်ပစ်လိုက်သဖြင့်…ခိုင်မင်း အိပ်ရာထဲမှ…ငုတ်တုတ်ထကာထိုင်သည်။ သူ့“သွား” တော်တော်နာနေသည်။ ညနေက ဘာများ အစားမှားခဲ့မိပါလိမ့်ဟု သူစဉ်းစားသည်။ ထူးထူးဆန်းဆန်း “သွား” ကိုက်လောက်စရာ အစာကို သူ,မစားခဲ့တာ…သေချာသည်။ သူ့“သွား”သည်…နာနေရာမှ…နည်းနည်းကိုက်ချင်လာ၏။

ထိုအချိန်တွင်…မေမေ့၏ဘုရားဝတ်ပြုသံ…သဲ့သဲ့ကို ကြားရသည်။ ခိုင်မင်း ခဏငြိမ်ကာ နားထောင်သည်။ ထိုနေ့မနက်က…တော်တော်ကြီးကို အေးသဖြင့်…သူ့အခန်းထဲမှ အနွေးအင်္ကျီကို…ထကာ ယူဝတ်သည်။ မေမေ့၏ဘုရားဝတ်ပြုသံက မှန်မှန်ကလေး…ကြားနေရသည်။ နှင်းတွေကလည်း…မှန်မှန်ကလေး…အပြင်ဘက်

www.linhtet.com



မှာ ကျနေကြဟန်တူပါသည်။

ကြေးစည်သံဆုံးတော့…မေမေ ဘုရားဝတ်ပြုပြီးသွားမှန်း… ခိုင်မင်း သိလိုက်သည်။ ခဏကြာတော့…မေမေက တစ်အိမ်လုံး၏ မနက်ခင်းစာအတွက်…ချက်ပြုတ်ရန်…အိမ်နောက်ဖေးသို့ ထွက် အလာ…ခုတင်ပေါ်တွင်…ငုတ်တုတ်ကြီး ထိုင်နေသော ခိုင်မင်းကို တွေ့ကာသွားသဖြင့်…အံ့သြကာ သွားသည်။

သူ့သားသည်…ဒီအချိန် ဘယ်တော့မှ မထတတ်မှန်း… အမေဖြစ်သူက သိသဖြင့်…

"သား…ဘာဖြစ်လို့ မအိပ်သေးတာလဲ…သား"

" "သွား"…မေမေရ…"သွား" "

မေမေ့မျက်နှာသည်…တစ်ချက်တင်းကာသွား၏။

"ဟဲ့…ခိုင်မင်း၊ နင်ပြောတဲ့ "သွား" ဆိုတာက…ငါ့ကို နင်တဲ့ "သွား"လား! မင်းပါးစပ်ထဲက "သွား"လား! "

"ကျွန်တော့်ပါးစပ်ထဲက "သွား" မေမေ…နာနေလို့…"

ဒီတော့မှ မေမေသည်…မျက်နှာကြည်လင်ကာ…ခေါင်း တစ်ချက်ညိတ်ရင်း ပြောသည်။

"အေး…မင်း အဲ့ဒီ "သွား"တွေကိုလည်း…သွားလုပ်ဦး၊ သွား မယ့်သွားမှ မြန်မြန်သွား၊ ဒီမနက်ပဲ အဲ့ဒီ "သွား"ကိစ္စကို…သွားကြည့် လိုက်…"

မေမေပြောပြီး ထွက်သွားတော့…ခိုင်မင်း…အူကြောင် ကြောင်နှင့် ကျန်ခဲ့သည်။ "သွား"ဆိုသော စကားလုံးအများကြီးကို… မေမေက ရည်ညွှန်းချက် အပြည့်အစုံဖြင့်…မထပ်ရအောင် ပြောသွား

www.linhtet.com



ခဲ့သည်။ သူမျက်နှာသစ်ဖို့ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ နှင်းတွေက… ဝေနေ၏။ ထို့ကြောင့်…အရာရာသည်…မပီဝိုးတဝါးသာ… ရှိသည်။

သူ့အိမ်ရှေ့…ဗာဒံပင်ပေါ်က…ဗာဒံရွက် စိမ်းစိမ်းကလေးများပင်…အရောင်ဖျော့နေသည်ဟု…သူထင်သည်။ ဒါပေမယ့်…နှင်းကျသောမနက်မှာ…ဘယ်သစ်ရွက်ကိုမှ…ရေပတ်တိုက်ပေးစရာမလို…။ နှင်းဖြင့် မျက်နှာသစ်ပြီးသွားသော သစ်ရွက်များသည်…ခဏကြာလျှင်…လန်းလန်းဆန်းဆန်းဖြင့်…စိမ်းစိမ်းမြမြရှိနေမည်ဟု ခိုင်မင်းတွေးသည်။

သူသည်…သူ့နှလုံးသား နှင်းစက်ဖြင့်…သစ်ရွက်ကလေးတစ်ရွက်ကို…လန်းလန်းဆန်းဆန်းဖြစ်အောင်…ဖြည်းဖြည်းကလေးကျပေးချင်ပါသည်။ ထိုသစ်ရွက်သည်…သူ့နှင်းစက်ကြောင့်…စိမ်းမြသွားတာကိုတော့ သူမလိုချင်ပါ။

ထိုအတွေးနှင့်ပင်…သူ မျက်နှာသစ်သည်။ မျက်နှာသစ်ပြီးကာစပင်…သူငယ်ချင်းများထဲမှ…ခင်မောင်…အရင်ဦးဆုံးရောက်လာ၏။ ခိုင်မင်းလည်း…ထုံးစံအတိုင်း သစ်ပြီးသော မျက်နှာကို မျက်နှာသုတ်ပုဝါဖြင့် မသုတ်တော့ဘဲ…ခင်မောင့်ဘေးတွင်…ဝင်ထိုင်သည်။ ခင်မောင်က ခဏတော့ ငြိမ်ကာနေသေး၏။ ပြီးတော့မှ မေးသည်။

"ခိုင်မင်း…မင်းက ဘေးလူဆိုတော့…မင်းအမြင်က ပိုပြီးရှင်းလိမ့်မယ်…မနေ့က…လှဦးနဲ့ ထွန်းသိန်းကိစ္စကို မင်းဘယ်လိုထင်သလဲ…! "

"ငါ…မပြောတတ်ဘူးကွ…ဘေးလူဆိုတော့ ဘေးကပဲ မြင်

www.linhtet.com



ရတာမဟုတ်လား! မင်းတို့လို ထဲထဲဝင်ဝင် ဘယ်လိုလုပ် သိမှာလဲ…!"

ခင်မောင်…နည်းနည်းစဉ်းစားသည်။ ထိုအချိန်တွင်ပင်… ပိုလာဝက်ဝံရုပ် ကျောပိုးအိတ်ကလေးနှင့် သရဖီက…ခြေကို ဆောင့်ကာ…သူတို့နံဘေးမှ…ဖြတ်လျှောက်ကာသွားသည်။

"ဟော့ကောင်…သရဖီကွ၊ အော်လေ"

"မင်း ငါ့ကို…စကားမလွှဲနဲ့ကွ…ဒီကောင့်ကို ငါ့နှမပေးမယ်လို့…တမင်ဂျစ်တိုက်တာကို…ဒီကောင်က အဟုတ်မှတ်ပြီး… မေမီမိုးကို မလိုက်တော့ဘူးလို့…ပြောတာမဟုတ်လား!"

ခိုင်မင်း…တစ်ချက် တွေခနဲ ဖြစ်ကာသွားသည်။ ထိုအချိန်တွင်…ရန်သူ့နယ်မြေကို…တိုက်ကင်းထွက်သလို…တွေ့သမျှ အကုန်ကြည့်သွားသော…သက်နှင်းရည် သူတို့နံဘေးမှ ဖြတ်ကာသွားသည်။

နော်ဇန်ဘိုဘိုကတော့…ကော်ပြန်ကြော်တစ်ခုကို ဝါးရင်း… သူတို့နှစ်ယောက်ကို ပြုံးပြကာ…ခပ်တည်တည်ဖြင့် လျှောက်ကာသွား၏။ ယဉ်ယဉ်မျိုးကတော့…မျက်နှာကလေး ဖြူဖတ်ဖြူလျော်ဖြင့်… အသံမထွက်အောင် ခြေကိုနင်းကာ…ဖြည်းဖြည်းကလေး ထွက်သွားသည်။

"လှဦး မေမီမိုးကို ရမှ…မင်းက မင်းနှမနဲ့ ပေးစားမယ်လို့ ပြောတာမဟုတ်လား!"

ခင်မောင်က…မဲ့သည်။

"ငါ မနေ့ညက ငါတို့ထိုင်နေကျ…လက်ဖက်ရည်ဆိုင်ကို… သွားမေးပြီးပြီကွ…ငါတို့ထိုးတဲ့ Chess ခုံမှာ မြင်းရုပ်တစ်ရုပ် ပျောက်

www.linhtet.com



နေတာ အတိအကျပဲ…"

ခိုင်မင်း နည်းနည်းရင်ခုန်ကာသွားသည်။ ခင်မောင်က သိလို့ သူ့ကို လာမေးနေတာလားဟု…တွေးမိ၍ဖြစ်သည်။

"အဲဒီတော့…မင်းဘာဖြစ်ချင်လဲ…!"

ခိုင်မင်း စကားအဆုံးတွင်…မြင့်စိုးရော…လှဦးရော… ထွန်းသိန်းပါ သူ့အိမ်ရှေ့ ရောက်လာကြသည်။

"ခင်မောင်…မင်းက…ငါ မေမီမိုးကို ရသွားရင်… ထွန်းသိန်းကို…မင်းနှမနဲ့ ပေးစားမလို့ဆို…မင်း ဒီလောက်ချစ်တဲ့ မင်းညီမလေးကို…ထွန်းသိန်းလိုကောင်မျိုးနဲ့ ပေးစားမယ်ဆိုတော့… မင်းက…မေမီမိုးကို…ငါမရနိုင်ဘူးလို့…မင်း ကျိန်းသေသိထားတာ အမှန်ပဲလား! ငါရှုံးတဲ့မြင်းကို ပေးတာ…မင်းပဲဖြစ်ရမယ်၊ မင်း… မေမီမိုးကို မရခဲ့တာနဲ့…ဒီလိုလုပ်တာတော့…မကောင်းဘူးပေါ့ကွာ"

ခင်မောင်က…"ဝုန်း"ကနဲ ထရပ်သည်။ ဒေါသလည်း တော်တော် ထွက်နေဟန်တူသည်။

"ဟေ့ကောင် လှဦး…ငါတို့ မေမီမိုးကို လိုက်တယ်ဆိုတာ ဘာကြောင့်လဲဆိုတာ မင်းလည်းသိတယ်၊ ငါတို့လည်း သိတယ်၊ မေမီစိုးကို လက်စားချေဖို့အတွက် အားလုံးတိုင်ပင်ပြီး…လိုက်ခဲ့ကြတာ မဟုတ်ဘူးလား!"

"အေးလေ…ဒါပေမယ့် မင်းသစ္စာဖောက်တယ်…"

"မေမီစိုးအတွက်ကြောင့်လို့…ငါပြောပြီးသား မဟုတ်လား"

"အေးလေ…မေမီစိုးပါပဲ…မေမီစိုးလေ…မင်းပဲ Chess သမားပီပီ…အဲ့ဒီအကြံကို စတာ မဟုတ်လား! မေမီစိုးဆိုတာ ဘာဖြစ်

www.linhtet.com



သလဲ…! ဒီကိစ္စက…ငါ့ပယောဂ လုံးဝမပါဘူးကွ…”

သူတို့စကားဝိုင်းက…ရုတ်ရုတ်သဲသဲဖြစ်ကာ လာသည်။ ရပ်ကွက်ထဲမှ လမ်းသွားလမ်းလာများက သူတို့စကားဝိုင်းအား ဂရုစိုက်ကာ လာသည။ မြင့်စိုးနှင့် ခိုင်မင်းက…သူတို့နှစ်ယောက်ကို ထိန်းသည်။ သို့သော်…မရတော့…။ အခြေအနေက…ထိုးကြကြိတ်ကြ၊ ကန်ကြ ကျောက်ကြနှင့်…တော်တော် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

ရပ်ကွက်လူကြီးများ ရောက်လာမှပင်…သူတို့ရန်ပွဲသည်…ရပ်ကာသွား၏။ ရုံးခန်းသို့ခေါ်ပြီး…ရန်ဖြစ်သည့်ကိစ္စကို မေးသည့်အခါ…မေမီစိုး၏ နာမည်သည်…ထိပ်ဆုံးမှပါလာ၏။

ရပ်ကွက်ဥက္ကဋ္ဌက…တစ်ချက်ပြုံးကာ…ခပ်အေးအေးပင် ပြန်ပြောသည်။

“မင်းတို့ကွာ…ညကပဲ ယောကျ်ားနောက် လိုက်သွားတဲ့ မိန်းကလေးတစ်ယောက်အတွက်…ဘာဖြစ်လို့ ရန်ဖြစ်ချင်ရတာလဲ! ”

“ဗျာ…”

“အဲ့ဒီသတင်းက အမှန်ပဲလား ဥက္ကဋ္ဌကြီးရယ်…”

“သူ့အမေကိုယ်တိုင် ရုံးလာပြီး တိုင်ချက်ဖွင့်ထားတာ…ဒီ့ထက် သေချာတာရှိဦးမလား! ကဲ…မင်းတို့ကတော့…အရင်တုန်းက ရပ်ကွက်ထဲမှာ ကောင်းကောင်းမွန်မွန် နေခဲ့တဲ့လူတွေဆိုတော့…မင်းတို့ရဲ့မိဘမျက်နှာတွေကို ထောက်ပြီး…နောက်တစ်ကြိမ် ဒီလိုမဖြစ်တော့ပါဘူးဆိုတဲ့…ဝန်ခံကတိနဲ့…ငါပြန်လွှတ်လိုက်မယ်”

“ဟုတ်ကဲ့ခင်ဗျ…ကျွန်တော်တို့ကလည်း သူငယ်ချင်း အရင်းတွေပါ၊ မခံချင်စိတ်တစ်ခုနဲ့ ရန်ဖြစ်ခဲ့ကြပေမယ့် ကျွန်တော်တို့ချင်းက

www.linhtet.com



ချစ်ပြီးသားပါ…”

လှဦးနှင့် ထွန်းသိန်းသည်…တစ်ယောက်ပခုံးကို တစ်ယောက် ဖက်ထားလိုက်သည်။ ဒီတော့မှ ခိုင်မင်းလည်း သက်ပြင်းချနိုင်တော့သည်။ ဥက္ကဋ္ဌကြီးလည်း ရောယောင်ပြုံးရင်း “ဒီလိုမှပေါ့ကွာ”ဟု…ခေါင်းကို ညိတ်ကာ…ကျေကျေနပ်နပ်ဆိုသည်။

“သွား”ကိုက်နေသော ခိုင်မင်းသည်…လွန်ခဲ့သည့် နာရီဝက် လောက်တုန်းက…ဘာဆေးမှ မသောက်ရဘဲ…သွားကိုက်ခြင်း ပျောက်သွားသည်။ ကိစ္စအားလုံးပြေလည်ပြီဆိုမှ…သူ့“သွား”က နည်း နည်း ပြန်ကာ နာလာသည်။ အပြန်လမ်းမှာ…သူ့ပါးကို လက်ဖြင့် ဖိထားသည့်အတွက်…လှဦးက မေးသည်။

“ခိုင်မင်း…“သွား”ကိုက်ပြန်ပြီလား!”

ခိုင်မင်း…ခေါင်းကိုသာ ညိတ်နိုင်သည်။

“အဲ့ဒါဆို မင်းသွားနားလိုက်ဦး ခိုင်မင်း…ငါတို့ကိစ္စက ပြီးပါပြီ၊ မေမီစိုး ပါသွားမှတော့…ကျန်တဲ့ကိစ္စအားလုံးလည်း ပြီးပါပြီ…မင်း “သွား”အတွက်တော့ သွားနားချေတော့…”

www.linhtet.com



# အခန်း(၁၀)

"ပမအတွက်နဲ့…ရှင်တို့ ရန်ဖြစ်ကြတယ်ဆို…"

မေမီမိုးသည်…ခိုင်မင်းမျက်နှာကို တည့်တည့်မကြည့်ဘဲ…သူ့မျက်နှာကလေးကို ဘေးတိုက်ထားကာ ပြော၏။ လေသံကလည်း နည်းနည်းမာ၏။

"မဟုတ်ဘူးခင်ဗျ…"

"ဘာလို့ မဟုတ်ရမှာလဲ…တစ်ရပ်ကွက်လုံးကြားလို့ ပြောတဲ့ လူက ပြောပြီးပြီပဲ…"

"မဟုတ်ဘူးခင်ဗျ…"

www.linhtet.com



"ရှင်…ဖြောင်မလိမ်နဲ့နော်…"

မိုး၏အသံက…တော်တော်ပြင်းသည်။ ထိုအသံမှာ…မာန၊ ဒေါသနှင့် ရှက်စိတ် ဘယ်နှစ်ရာခိုင်နှုန်း ပါမည်ဆိုတာကို…ခိုင်မင်း မသိ…။ ခိုင်မင်း ရင်ထဲမှာ…ချိန်နေရတာက…သူငယ်ချင်း လေးယောက်နှင့် "မိုး…" တစ်ယောက်တည်းဖြစ်သည်။

နောက်ဆုံးတော့…အမှန်တရားသည်…သူ့နှလုံးသား၏ ချိန်ခွင်ညှာတည့်တည့်မှာ…ရပ်နေသည်။ ခိုင်မင်း၏စိတ်လည်း နည်းနည်း တည်ငြိမ်ကာသွား၏။

"ကျွန်တော်တို့ ရန်ဖြစ်ကြတာ…မေမီစိုးကြောင့် မဟုတ်ပါဘူး၊ မေမီမိုးကြောင့်ပါ…"

"ရှင်…!!"

တစ်ဖက်သို့…ဒေါသဖြင့် လှည့်နေသော…"မိုး"၏မျက်နှာ သည် ခိုင်မင်းထံသို့…အံ့သြမှုနှင့် ပြန်လည်ရောက်ရှိလာ၏။

ဒီတော့မှ ခိုင်မင်းက…အမှန်တရားနှင့်…တုန်လှုပ်ခြင်း ကင်းသောအသံဖြင့်…ဖြစ်ခဲ့သမျှကိစ္စအားလုံးကို "မိုး" အား ရှင်းပြ သည်။ "မိုး"သည်…မထင်မှတ်သည့်အတွက်…အံ့သြပြီးရင်း အံ့သြ နေသည်။ ပြီးတော့မှ…ခပ်တိုးတိုးမေးသည်။

"ဒါဆို…ရှင်က ကျွန်မကို ဘာဖြစ်လို့ ကူညီတာလဲ!"

ထိုအချိန်တွင် Canteen သည်…ခဏတိတ်ကာသွား၏။ Canteen တင်မဟုတ်…ခိုင်မင်းအတွက်…တစ်ကမ္ဘာလုံး တိတ် ဆိတ်သွားသည်ဟု…ထင်မိသည်။ သူ့ရင်ခုန်သံပင်…ဘယ်ကို ပျောက်သွားမှန်းမသိ…။ သူ့အသိစိတ်တွင်…ဘယ်ဘက်ကို…

www.linhtet.com



လွင့်သွားမှန်းမသိ…။

ကမ္ဘာကြီးလည်းတိတ်…ရင်ခုန်သံလည်း ထွက်ပြေး…အသိစိတ်လည်း…သတိမေ့သလို ဖြစ်နေသော…ရင်ဘတ်နှင့်…ခိုင်မင်း…စကားတစ်ခွန်းကို ပြောသည်။

"ချစ်လို့…"

"ရှင်!!"

ရင်ခုန်သံသည်…"မိုး"၏နှုတ်မှ"ရှင်"ဟူသော စကားတစ်ခွန်းကို…တံခါးဖွင့်ပေးလိုက်သည်။ မျက်နှာပေါ်မှ…သွေးကြောကလေးများကို…မီးဖွင့်ပေးလိုက်သည်။

တော်တော်ကြီး မျိုသိပ်ထားခဲ့ရသော…စကားတစ်ခွန်းကို…အန်ချပြီးတော့မှ…နောက်စကားများက…အတင်းလုပြီး ပြေးထွက်လာကြသည်။

"ကျွန်တော် "မိုး"…ကို ချစ်တာ…"မိုး"…ဝရန်တာကို ထွက်ပြီးရပ်တဲ့နေ့ကတည်းကပါပဲ…"မိုး"ကျွန်တော့်ကို ပြန်မချစ်နိုင်ဘူးဆိုတာလည်း…ကျွန်တော်သိပါတယ်…ကျွန်တော်ဟာ "မိုး…"ရဲ့ချစ်သူဖြစ်ခွင့်မရရင်တောင် "မိုး"ကို နှလုံးသားသန့်သန့်နဲ့ အကူအညီပေးနိုင်တဲ့ လူတစ်ယောက် ဖြစ်ချင်ပါတယ်၊ ကျွန်တော့်နှလုံးသားကို ကျွန်တော်ညာခဲ့တယ်…အဲ့ဒါလည်း…"မိုး"ကို ချစ်လို့ပါပဲ…"မိုး" ကျွန်တော့်ကို စိတ်ဆိုးသွားပြီလား!"

ခိုင်မင်း၏ စကားဆုံးသည့်အခါ…မိုး၏ နှလုံးသားသည်…ခိုင်မင်းစကားကို နားထောင်ရင်း…ဖောက်ထိုးဖြစ်လိုက်…ပက်လက်လန်လိုက်ဖြင့်…နေရာအတည်မကျရှိသည်။ သို့သော်…မိန်းကလေး

www.linhtet.com



တို့၏ကူးခြင့်ဖြင့် သူ့နှလုံးသားကို…သူကိုယ်တိုင်…အချိန်မီ ပြန်ထိန်းလိုက်သည်။

စိတ်မဆိုးဘူးဟုဆိုလျှင်…သူ့အချစ်ကို…လက်ခံရာရောက်မည်…။ စိတ်ဆိုးသည်ဆိုလျှင်လည်း…ခိုင်မင်း၏အချစ်ကို ငြင်းရာကျမည်။ သူဘာပြောလျှင် ကောင်းမလဲ!။

အကောင်းဆုံးစကားသည်…သူ့နှလုံးသားထဲမှ ထွက်လာပြီး နှုတ်ခမ်းပေါ်သို့ ခုန်ကာတက်သည်။

"ကျွန်မ…ကိုခိုင်မင်းကို နားလည်ပါတယ်…ဒီကိစ္စတွေ အခုမှသိတော့…နောက်…နှစ်ရက်လောက်ကြာရင် ကိုခိုင်မင်း ပြောတဲ့ကိစ္စအတွက် ကျွန်မ တစ်ခုခု ပြန်ပြောပါ့မယ်…"

စကားဆုံးလျှင်…"မိုး"က သူ့ပိုက်ဆံအိတ်သေးသေးကလေးကိုထုတ်သည်။ ထုံးစံအတိုင်းပင်…ပိုက်ဆံအိတ်သေးသေးကလေးထဲမှ တစ်ထောင်တစ်ရွက်…ထွက်လာ၏။ "မိုး"က…တစ်ထောင်တန်ကလေးကို ထောင်ပြရင်း…စားပွဲထိုးကို လှမ်းကာခေါ်သည်။

ခိုင်မင်းလည်း အိတ်ထဲမှ…ပိုက်ဆံတချို့ကို အလန့်လန့် အဖြန့်ဖြန့်ဖြင့်…ဆွဲထုတ်သည်။ ခိုင်မင်း ဆွဲထုတ်သော ပိုက်ဆံများက ငါးရာတန်တစ်ရွက်၊ နှစ်ရာတန်တစ်ရွက်နှင့် အကြွေများသာဖြစ်၏။

"နေပါ ကိုခိုင်မင်း…"

"မိုး…"က အပြုံးနှင့် လက်ကို ကာပြသည်။

"တစ်ရာ့နှစ်ဆယ်ပဲ ကျတယ် အစ်မ…အာ! တစ်ထောင်တန်ကြီးဆိုရင်တော့ အကြွေက မလွယ်ဘူးခင်ဗျ…"

"ဒါဆို ညီလေး…ကိုယ့်မှာ အကြွေပါတယ်၊ ဒီကပဲယူ…"

www.linhtet.com



စားပွဲထိုးလေးက…ခိုင်မင်းလက်မှ ပိုက်ဆံကို ယူကာ… ထွက်သွားသည်။

“သူ့မှာ အကြွေတော်တော်ပေါတယ်နော်…”

“ဟုတ်ကဲ့…ကားခပေးရင်…လွယ်အောင်လို့ပါ…”

အမှတ်တမဲ့ ဖြေလိုက်သော…ခိုင်မင်း၏စကားသည်…မေမီ မိုး၏နှလုံးသားကို…တည့်တည့်ထိသည်။ ဒါပေမယ့်…ပစ်သူက ရည်ရွယ်ချက်နှင့် ပစ်ခြင်းမဟုတ်ဘဲ…ထိသူကသာ ခံစားချက်နှင့်… ထိခြင်းဖြစ်ပါသည်။ ထိုအရာကို…စေတနာဟုခေါ်လျှင်လည်း… ရနိုင်မည်ထင်ပါသည်။

“အဲ့ဒါဆို…သွားဦးမယ်နော်…အတန်းချိန် နီးနေလို့…”

“မိုး…”က အပြုံးဖြင့် ပြောကာ…ညင်ညင်သာသာပင်… ထသည်။ နောက်နှစ်ရက်သည်…ခိုင်မင်း၏ဘဝထဲကို…လက်သီးနှင့် ထိုးပြီးပဲ ဝင်လာမလား…! ပန်းကလေး ပန့်ပြီးပဲ ရောက်လာမလား! ခိုင်မင်း မသိ…။

အခုမှ…“သွား”က နည်းနည်းပြန်ကာနာလာသည်။ အဝေး က ကျောင်းသူများကြားထဲမှာ…လမ်းလျှောက်သွားသော…“မိုး”ကို သူတစ်ချက်ငေးရင်း…Canteen မှထသည်။ ပါးကို လက်ကလေးဖြင့် ခပ်ဖွဖွဖိရင်း…“မိုး” ပြောခဲ့သော…နှစ်ရက်ဆိုသည့် လေးဆယ့်နှစ် နာရီသည်…သူ့နှလုံးသားထဲမှ ဇောများကို…ဘယ်နှစ်မိုင်အထိ ပြေးခိုင်းမှာလဲဟု…သူစဉ်းစားနေမိသည်။

www.linhtet.com



သို့သော်…ထိုလေးဆယ့်ရှစ်နာရီမှာ…ခိုင်မင်း၏ နှလုံးသားကို…ခိုင်မင်း၏"သွား"က အနိုင်ယူသွား၏။ ထိုနှစ်ရက်စလုံး…အရင်နေ့များကတည်းက…တဆစ်ဆစ် နာနေသော "သွား"က…မနက်မိုးလင်းသည်နှင့်…မခံမရပ်နိုင်အောင်…ကိုက်လာသဖြင့်…ခိုင်မင်း…ရေကိုမျှ မသောက်နိုင်ဘဲ…တအားအား…တအင်းအင်းဖြင့်…အော်နေရသည်။ မေမေလည်း ပျာယာခတ်ပြီး…ဘုရားပင် မရှိခိုးနိုင်ပဲ စိတ်မကောင်းသောမျက်နှာဖြင့်…သူ့သားလေး ခိုင်မင်းကို…ပြုစုရှာသည်။

"သားရယ်…သားရဲ့ "သွား"ကိစ္စကို သွားပါလို့…မေမေပြောထားသားပဲ…"

"ကျွန်တော်လည်း သွားမလို့ပဲ မေမေ…အား! ဒါပေမယ့်…

www.linhtet.com



အဲ့ဒီတုန်းက…အား…အခုကိုက်နေတဲ့…"သွား"က…သွား လောက်ရုံမှမနာတာ…"

"မေမေပြောကတည်းက…သားဂရုစိုက်ရင် ဒီလောက်ခံရမှာ မဟုတ်ဘူး…အခု…သား ဆန်ပြုတ်သောက်မလား!"

"ကျွန်တော် ဘာမှမစားချင်ဘူး မေမေ"

"ဟဲ့…မစားလို့တော့ ရမလားဟဲ့…အစာတစ်ခုခုတော့ စား မှပေါ့…"

"ဟင့်အင်း မေမေ…ကျွန်တော့်ပါးစပ်ထဲကို…ကျွန်တော် ဘာမှ…အား! ထည့်လို့မရတော့ဘူး…"

စကားဆုံးသည်နှင့်…ခိုင်မင်း…စောင်ကိုခြုံကာ…ကွေး ကွေးကလေး ပြန်လှဲနေသည်။ သူ့မေမေလည်း…မျက်စိပျက်မျက်နှာ ပျက်ဖြင့်…ထွက်သွားသည်။ ထိုနေ့ တစ်နေ့လုံး…တစ်ညလုံး… ခိုင်မင်း ဘာမှလည်း မစားနိုင်…ဘာမှလည်း မသောက်နိုင်ဖြင့်… အိပ်ရာထဲတွင်…လဲကာနေခဲ့သည်။

ထိုအချိန်တွင်…ခိုင်မင်းသည်…"မိုး"ကို လုံးဝသတိမရနိုင်ခဲ့ ကြောင်း…အမှန်အတိုင်း ဝန်ခံပါသည်။ "သွား"ကိုက်ဝေဒနာသည်… နှလုံးသားကို…အနိုင်ယူပြီး…ခန္ဓာကိုယ်ကို…နာကျင်မှုဖြင့်… အနိုင်ကျင့်ခဲ့သော…ထိုအချိန်ကို…သူ…ဘယ်တော့မှ မမေ့…။

www.linhtet.com



ထိုနေ့ညက…မေမီမိုး…အိပ်မပျော်ပါ။ သူ့အစ်မကို ပြန်လာအပ်သော…လူကြီးများကို ဧည့်ခံနေရသည်ကလည်း တစ်ကြောင်း၊ မောမောနှင့် အိပ်ရာထဲဝင်တော့…မနက်ဖြန် ခိုင်မင်းနှင့် တွေ့ရမည်ကို…ရင်ခုန်ပြီး အတွေး၏နောက်ကို စိတ်က လိုက်ရင်း၊ စိတ်၏နောက်ကိုအတွေးက လိုက်ရင်းနှင့်…သူအိပ်မပျော်ခြင်းဖြစ်သည်။

မနက်မိုးလင်းလျှင်…ခိုင်မင်းသည် ဗာဒံပင်ခုံကလေးမှ အစောကြီးထပြီး စောင့်နေမှာ သေချာပါသည်ဟု သူယုံသည်။ ယောကျ်ားများသည်…ဒီလိုအချိန်မျိုးမှာ…အလွန်ဖွဲကောင်းတတ်ကြသည်။ ခိုင်မင်းကို ပေးဖို့ အဖြေသည်…သူ့နှလုံးသား၏ သွေးထွက်ပေါက်တစ်ခုထဲမှာ သီချင်းဆိုကာနေသည်။ ထိုသီချင်းကြောင့်…သူအိပ်၍မပျော်။ သူ့အစ်မ မေမီစိုးသည်…သူ့အချစ်ကို…သူ့ဆုံးဖြတ်ချက်နှင့်သူ…

www.linhtet.com



ရွေးသွားခဲ့သည်။ ထိုရွေးချယ်မှုကို…မေမေနှင့် ဖေဖေကလည်း တစ်စုံတစ်ရာ ကန့်ကွက်ခြင်းမရှိဘဲ…ကျေကျေနပ်နပ်ပင်…လက်ခံခဲ့ကြကြောင်း သူသိသည်။ ထို့ကြောင့်…မနက်မိုးလင်း သူ၏ရင်ခုန်သံသည် သူ့ကိုယ်ပိုင်ဖြစ်ကြောင်း သူကိုယ်တိုင် သိပါသည်။

"မနက်မိုးလင်း မတွေ့လို့ကတော့…ငါ နင့်ကို ထုပစ်မယ် သိလား…ခိုင်မင်း"

မေမီမိုးသည်…လက်သီးနှစ်လုံးကို…ခပ်ဖွဖွကလေး ဆုပ်ကာ…ထုပစ်လိုက်သည်။ ပြီးတော့မှ…ထိတ်လန့်ကာ သူ့အစ်မ မေမီစိုး၏ခုတင်သို့…လှမ်းကြည့်သည်။ သူ့အစ်မ၏ခုတင်မှာ…ခေါင်းအုံးကလေးပေါ်တွင်…စောင်ကလေးခေါက်ကာ…သပ်သပ်ရပ်ရပ်ပင်ရှိနေသည်။

ဒီတစ်ခါ…ခိုင်မင်းကို 'ရေးနော့' (ReyNolds) ဟုလည်း…ညာပြောစရာ မလိုတော့ပါ။

မေမီမိုး ပြုံးသည်။ ပြီးတော့…လက်သီးကလေးနှစ်ဖက်ကိုလည်း ခပ်ဖွဖွ ဆုပ်ကာ…ထုလိုက်သည်။

"နင့်ကို ငါထပ်ထုမှာနော်…ခိုင်မင်း…"

ပြီးတော့…ပျော်ရွှင်သောစိတ်နှလုံးဖြင့်…အိပ်ဖို့ကြိုးစားသည်။ ဒါပေမယ့်…လူဆိုတာ ပျော်လွန်းလျှင်လည်း အိပ်လို့မရပါကလား…!။

www.linhtet.com



နောက်နေ့မနက်…သနပ်ခါးလိမ်းပြီး…ပန်းနုရောင် နှုတ်ခမ်းနီလေးကို…ခပ်ပါးပါးဆိုးထားသော "မိုး"သည်…ပထမဦးဆုံးရင်ခုန်သံ၏ကြီးကျယ်ခမ်းနားမှုဖြင့်…အိမ်ထဲမှ ထွက်ခဲ့သည်။

ဗာဒံပင်အဝိုင်းကို…မိန်းကလေးတို့၏ကျွမ်းကျင်မှုဖြင့်…ကြွေ၏စွန့်စားမှုဖြင့်…တစ်ချက်ခိုးကာကြည့်တော့…ဗာဒံပင်ခုံတွင်မည်သူမျှမရှိ…။ သူ့ရင်ခုန်သံသည်…သူ့စိတ်ထဲတွင်ရှိသည့်…ဒေါသတွင်းထဲသို့…တရှိန်ထိုး ပြုတ်ကာကျသွားသည်။ သို့သော်…ကားမှတ်တိုင်မှာများ စောင့်နေမလား ဟူသောအတွေးက လေထီးပွင့်သလို ပွင့်လာ၏။ ထို့ကြောင့်…မေမီမိုး၏နှလုံးသားသည် ဒေါသကိုရှောင်ကာ…လေထီးကလေးဖြင့်…ငြိမ့်ငြိမ့်ကလေး…ဝဲကာ ကျလာသည်။ ဒါပေမယ့်…ကားမှတ်တိုင်ရောက်တော့လည်း…မေမီမိုး

www.linhtet.com



ခိုးကြည့်သမျှလူထဲတွင်…ခိုင်မင်းကို မတွေ့…။

မေမီမိုး…လက်သီးကလေးနှစ်ဖက်ကို ဆုပ်ထားလိုက်မိသည်။ ကျောင်းမှာများ…သူ့သူငယ်ချင်းလေးယောက်ကို ရှောင်ချင်၍ ကျောင်းမှာများ စောင့်နေသလား…! ဟု…နောက်တစ်ဆင့်ထပ်ကာ တွေးသည်။ အဖြေပေးရမည့်နေ့တွင်…မိန်းကလေးတစ်ယောက်လည်း…ထိုသို့ရင်ခုန်တတ်ပါသည်။

ကားလာတော့…ကားပေါ်တက်ရင်း…နှစ်ဆယ်တန်ကို ထုတ်မိတော့…ခိုင်မင်းကို သွားသတိရသည်။ သူ့စိတ်ကို…သူပြန်စိတ်ဆိုးပစ်လိုက်၏။ စိတ်သည်…မေ့ထားခင်သောအရာကိုမှ…ဘာ့ကြောင့် ခဏခဏ…ဦးနှောက်ထဲသို့…မြှောက်မြှောက်ပေးနေရသနည်း။

www.linhtet.com



www.linhtet.com

"မင်း…ဆေးခန်းသွားတာ အကောင်းဆုံးပဲ ခိုင်မင်း"

"ဟုတ်ပါတယ် သားရယ်…ထွန်းသိန်းနဲ့ လှဦး ပြောသလို… မင်း ဆေးခန်းကိုပဲ သွားလိုက်ပါ…တစ်ညလုံးလည်း ဘာအစားမှ မဝင်ဘူး သားတို့ရဲ့…"

မေမေ့၏စိုးရိမ်တကြီးနှင့်…ကြင်နာသံကို သူကောင်းကောင်း နားလည်ပါသည်။ ဒါပေမယ့်…ဒီနေ့သည်…ခိုင်မင်းဆိုသော သူ့အတွက်…အရေးအကြီးဆုံးနေ့လည်း ဖြစ်နေသည်။ ဒါပေမယ့်… ဒီအကြောင်းကို သူ့ကို လူနာလာမေးသော လှဦးနှင့်ထွန်းသိန်းရှေ့တွင်လည်း ဖွင့်ပြော၍မရ…။

"ဘယ်နှစ်နာရီ…အား! ထိုးပြီလဲ လှဦး…"

လှဦးက…သူ့လက်မှ နာရီကို မြှောက်ကာကြည့်ရင်း…

www.linhtet.com



“ရှစ်နာရီ…ဆယ်မိနစ်…”

ခိုင်မင်း၏နှလုံးသားသည် ထွန်းသိန်း၏စကားအဆုံးမှာ… ပါးစပ်ထဲမှ ပြုတ်ကျပြီး…ခုန်ချထွက်ပြေးသွားပြီဟုလည်း…ခိုင်မင်း ထင်သည်။

ဒီအချိန်ဆိုရင်…မေမီမိုး ထွက်သွားပြီဆိုတာကို…သူ ကျိန်းသေသိပါသည်။

“ဆေးခန်းဆိုရင်လည်း…ငါ့ကို ဒဂုံနဲ့ နီးတဲ့ဆေးခန်းကို ပို့ပေး ပါကွာ…”

“ဟော့ကောင်…မင်းရူးနေသလား ခိုင်မင်း…ဒဂုံဘက်မှာ “သွား”ဆေးခန်းမှ မရှိတာ…ရှိတယ်ထားဦး…အဲ့ဒီဆေးခန်းကို တို့မှ မသိဘဲ…”

“ဟုတ်ပါတယ် သားရယ်…ဒီနားလေးက နီးနီးနားနား ကျွန်း ရွှေမြိုင်လမ်းထိပ်မှာပဲ…သွားကုလိုက်ပါလား…”

ထိုအချိန်တွင်…ခိုင်မင်း၏ “သွား”က မခံမရပ်နိုင်အောင်… ပြန်နာလာပြန်သည်။ သူတို့အားလုံး၏ ဆန္ဒကို ငြင်းနေလျှင်…အချိန်ပို ကုန်သည်။ “မိုး”ဆီမှ ကြားရမည့်စကားသံကို…နောက်ကျတော့မှ… သူကြားရမည်။ ဒီတော့…ပါးကို လက်နှင့်အုပ်ကာ…တအားအားဖြင့် အော်ရင်း…ခိုင်မင်းသည် ဆိုက်ကားကို စီးကာ…“သွား”ဆေးခန်းသို့ သွားရသည်။

ဒါပေမယ့်…သွားဆေးခန်းရောက်တော့…သူ့အရှေ့မှာ လူနာတစ်ယောက်က…ရှိနေသည်။ ထိုအချိန်တွင် “သွား”ကလည်း တအားနာနေသဖြင့်…ခေါင်းကိုငုံ့ကာ…တ ‘အား’ ‘အား’ အော်နေရ

www.linhtet.com



၏။ ဆရာမလေးတစ်ယောက်က…သူ့ကို လာမေးသည်။

“တော်တော်နာနေသလား!”

“မြင်တဲ့အတိုင်းပါပဲဗျာ…ကူညီနိုင်မယ်ဆို ကူညီပါ…”

“အထဲမှာ လူနာတစ်ယောက်ရှိနေလို့…ခဏသက်သာအောင်တော့…ထုံဆေးထိုးပေးထားမယ်နော်…”

“ဟုတ်ကဲ့ပါ ဆရာမရယ်…ကျေးဇူးပါပဲ…”

ထွန်းသိန်းက…ဆရာမကို အပြုံးနှင့်ပြောသည်။ သူ့ကို လှည့်ကာဟောက်သည်။

“ဟေ့ကောင် ခိုင်မင်း…ထုံဆေးထိုးမှာတဲ့…မင်းတင်ပါးကို လှန်ထား…”

စကားဆုံးသည်နှင့်…ထွန်းသိန်းက…သူ့ပုဆိုးကို ဖြေကာ…တင်ပါးကိုလှန်သည်။ “သွား”ဆေးခန်းသို့ တစ်ကြိမ်မှ မလာဖူးသော ထွန်းသိန်းသည်…ထုံဆေးကို သွားဖုံးအား ထိုးသည်ဟု မသိ…။ ခိုင်မင်းကလည်း သွားနာနေသဖြင့်…ရုတ်တရက် ရှင်းပြချိန်မရ…။ ထိုစဉ်မှာပင်…ခုနက ဆရာမလေးက…အပ်ကို ကိုင်ကာ ပြန်ရောက်လာသည်။

ရှန်းရင်းဆန်ခတ်နှင့်…လုံချည်ကို လှန်လိုက်…အတင်းရုန်းလိုက်နှင့် ဖြစ်နေသော သူတို့သုံးဦးကို ဆရာမလေးက…ကြောင်ငေးကာ…ရပ်ကြည့်နေသည်။

“အို…ဘယ်လိုတွေ ဖြစ်နေကြတာလဲ!”

“ထုံဆေးထိုးမှာကို ဒီကောင်က ကြောက်နေလို့…ကျွန်တော်တို့က…ဆရာမလေးကို ကူညီတာပါ…”

www.linhtet.com



"ဟော့ကောင်…ခိုင်မင်း၊ ဆရာမ လာနေပြီကွ…မင်းတင်ပါးကို လှန်ပေးလိုက်ပါကွာ…ရှက်မနေနဲ့…ဒါမှ မင်းသွားကိုက်တာသက်သာမှာပေါ့ကွ…"

ခိုင်မင်းကို ထွန်းသိန်းက ချုပ်ထားပြီး…လှဦးက တင်ပါးကို…အတင်းလှန်သည်။ ဆရာမလေးက…အလန့်တကြား အော်သည်။

"ရှင်တို့…ဘာတွေ လုပ်နေကြတာလဲ! ဘယ်လိုတွေ ဖြစ်နေကြတာလဲ…! ထုံဆေးထိုးရမှာက…သွားဖုံးကို ထိုးရမှာရှင့်…"

"ခင်ဗျာ…! ပါးစပ်ထဲကို…ဆေးထိုးလို့ရလို့လား…!"

ထိုဆရာမလေးသည်…ရင်ကို ကော့လိုက်၏။ ပြီးတော့ ဆေးထိုးအပ်ကို မြှောက်သည်။

"ကဲ…ရှင်တို့ ဘာမှမသိရင် ဘေးဖယ်…ဒီကိစ္စက ကျွန်မလူနာနဲ့ ကျွန်မရဲ့အလုပ်…ကဲ…ရှင်နာနေတာ ဘယ်ဘက် "သွား" လဲ !! ကျွန်မကိုပြ…"

"ဘယ်ဘက်အောက်နံပါတ်(၇)ဆရာမ…"

"ရှင်…တော်တော်သိတာပဲ…"သွား"ကိုတောင် "သွား" စကားနဲ့ ပြောတတ်ရဲ့နဲ့များ…သေချာပြီနော်…"

"မြန်မြန်ထိုးပေးပါ ဆရာမရယ်…နာလွန်းလို့ပါ…"

"ကဲ…ပါးစပ်ဟ…"

တင်ပါးကိုပင် ဆေးထိုးခံရမှာ…ကြောက်တတ်သော ခိုင်မင်းသည်…ကိုယ့်မျက်စိရှေ့မှာ…ပါးစပ်ထဲကို…အပ်နှင့် ထိုးမည်ဆိုတော့…တော်တော် အသည်းငယ်သွားသည်။ ဒါပေမယ့်…"သွား" ကိုက်ဝေဒနာထက်တော့…ဘာကိုမှမကြောက်ဟု…သူဆုံးဖြတ်လိုက်

www.linhtet.com



သည်။ သူ့သွားဖုံးထဲသို့…ဆယ်စက္ကန့်လောက်…အပ်တစ်ချောင်း ဝင်လာသည်။ ခဏတော့…တော်တော်နာသည်။ ဆရာမက အပ်ကို သိမ်းရင်း…

"ရှင်…နာရီဝက်လောက်တော့ အဆင်ပြေသွားမှာပါ"

ဟုပြောသည်။

ထိုဆရာမသည်…ခိုင်မင်း အိမ်ရှေ့လမ်းမှ…နေ့စဉ်ဖြတ်သွားနေသော…"သွား"ကောလိပ်မှ…ဆရာမကလေး "နော်ဇန်ဘိုဘို"ဖြစ်သည်။

ငါးမိနစ်လောက်ကြာတော့…သူ့ "သွား"ကိုက်ဝေဒနာသည် ယူပစ်သလို ပျောက်သွား၏။ ဒါပေမယ့်…သူ့ဘယ်ဘက်ပါး တစ်ဖက်ကတော့…တဖြည်းဖြည်း ထူကာလာသည်။ ပါးထူထူမထူထူ "သွား"ကိုက်ဝေဒနာပျောက်သည့်ခဏသည်…ခိုင်မင်းအတွက်… လက်တွေ့နိဗ္ဗာန်ပင်ဖြစ်သည်။

လောကကြီးသည် ပြန်လည်သာယာလာ၏။ လုဦးနှင့် ထွန်းသိန်း ၏မျက်နှာသည်လည်း…ပုံမှန်ပြန်ဖြစ်လာ၏။ ခိုင်မင်း တစ်ချက်စဉ်းစား သည်။ ပြီးတော့…"သွား"ဆေးခန်း ဧည့်ခန်းခုံမှ အတွင်းသို့… တွန်းဝင်သွားသည်။

"ကျွန်တော့်ကို နောက်တစ်လုံး ထိုးပေးပါဦး…"သွား"က နာ နေတုန်းပဲ ခင်ဗျ…နည်းနည်းပဲ သက်သာတယ်…"

"ရှင့်"သွား"က…ရှင်ပြောတဲ့…နံပါတ်ဟုတ်ရဲ့လား…!"

"ဟုတ်ပါတယ် ဆရာမ…နှစ်ရက်စလုံး ဘာမှမစားရသေး တော့…နောက်ထုံဆေးတစ်လုံး ထပ်ထိုးပြီး သက်သာသွားရင်…

တစ်ခုခု သွားစားချင်လို့ပါ…"

ဆရာမက…ပါးစပ်ကြီး ဟနေသော တရုတ်ကြီးတစ်ယောက်နားတွင်…တကုပ်ကုပ်ဖြင့်…အလုပ်ရှုပ်နေသည့် ဆရာဝန်ကို…အနားတိုးပြီးကပ်ကာမေးသည်။ ဆရာဝန်က…ခေါင်းညိတ်ကာပြ၏။

ဒီလိုနှင့်…ခိုင်မင်းပါးစပ်ထဲသို့ နောက်ထပ်ထုံဆေးတစ်လုံးရောက်လာသည်။ ဒီတစ်ခါတော့ ခိုင်မင်း…သိပ်မကြောက်တော့…။ ထုံနေသော သွားဖုံးနေရာကို ထပ်ထိုးသဖြင့်…နာလည်းမနာ…။

"ဟော့ကောင် ခိုင်မင်း…မင်းဘာလုပ်တာလဲ!"

"ငါ…ကျောင်းထဲကို သွားမလို့…"

လှဦးက…ထွန်းသိန်း၏အမေး ဆုံးသည်နှင့်…နားမလည်ဟန်ဖြင့်မေးသည်။

"ဟော့ကောင်…မင်း အခုရောက်နေတာ "သွား"ဆေးခန်းလေ"

"ဟုတ်တယ်…ငါကလည်း သွားကိုသွားမှဖြစ်မှာ…"

ထွန်းသိန်းက…တအံ့တသြဖြင့် မေးသည်။

"မင်းက…ဘယ်သူ့ကိစ္စနဲ့ ကျောင်းထဲ သွားချင်ရတာလဲ…!"

"မေမီမိုး…"

www.linhtet.com



ထိုနေ့မနက်···ကိုးနာရီခွဲမှ ဆောင်း၏နေရောင်ခြည်သည် ထင်ထင်လင်းလင်းကြီးကို ရှိနေ၏။

ထိုနေရောင်အောက်မှာ···ဘယ်ဘက်ပါးတစ်ခြမ်းလုံး··· ထုံဆေးကြောင့် ထူပူနေသော ခိုင်မင်းနှင့်···မေမီမိုးတို့···ဒဂုံ တက္ကသိုလ် အဝိုင်းကွေ့နားမှာ···ဘွားခနဲ ဆုံကြ၏။

မေမီမိုးသည်···ကျားသစ်မလေးတစ်ကောင်လို···ခိုင်မင်း အနားသို့···လှစ်ကနဲ ရောက်လာသည်။

"ရှင်က···ကျွန်မကို···နောက်ဆုံးအကြိမ်···သိက္ခာချလိုက် တာပေါ့···ဟုတ်လား···!"

"မဟုတ်ဘူးခင်ဗျ···"သွား"ပါဗျာ···"သွား"ပါ···"

"အေး···အဲ့ဒီလို ထင်အောင် လုပ်ပြီးမှတော့ 'သွား'ပါလို့

www.linhtet.com



မောင်းထုတ်လဲ…ငါက ဘယ်တော့မှ မသွားဘူး၊ မင်းကို ဟောဒီလို လုပ်ပြီးမှ သွားမယ်…"

မေမီမိုး၏…ညာဘက်လက်သည်…လွင့်ခနဲ မြောက်တက်ကာ…ခိုင်မင်း၏ဘယ်ဘက်ပါးပေါ်သို့ ကျ၏။ ထုံဆေးဖြင့် ထုံနေသောပါးမှာ…ဘာမျှမခံစားရ…။ မေမီမိုးကိုသာ…ကြင်နာသောမျက်လုံးဖြင့်….ငေးကာကြည့်နေသည်။

မေမီမိုး၏လက်သည်…ဒုတိယအကြိမ် လွင့်ခနဲ မြောက်တက်သွားပြန်၏။ ဒီတစ်ကြိမ်က အရှိန်ပိုပြင်း၏။ သို့သော်…ခိုင်မင်း တုတ်တုတ်ကလေးမှ မလှုပ်…။ မေမီမိုးကိုသာ…မျက်ရည်ဝိုင်းသော မျက်လုံးများဖြင့်…ငေးကာ…ကြည့်နေဆဲဖြစ်သည်။

ရုတ်တရက်ဖြစ်သွားသော…အပြုအမူများဖြစ်သည့်အတွက် နှစ်ဖက်သူငယ်ချင်းများလည်း…ကြောင်ကာ ငေးနေကြသည်။ ဘာတွေဖြစ်ခဲ့သည်ဆိုတာကို မသိတော့…ဘာဖြစ်မည်ဆိုတာကိုလည်း… မသိနိုင်ပါ။

သူတို့ သတိဝင်လာတော့မှ…ကိုယ့်သူငယ်ချင်းကို…ကိုယ်ဆွဲကြသည်။ ခိုင်မင်းက…စကားတစ်ခွန်းမှ ပြန်မပြော…။ မေမီမိုးကို…တွေတွေကြီး တစ်ချက်စိုက်ကြည့်ကာ…သူငယ်ချင်းများခေါ်ရာသို့…လိုက်သွားသည်။

www.linhtet.com



နောက်တစ်လလောက်ကြာတော့…မေမိမိုးနှင့် ခိုင်မင်းတို့… မင်္ဂလာဆောင်ကြသည်။ ထွန်းသိန်းနှင့် ခင်မောင့်၏ညီမလည်း… တစ်နှစ်ထဲမှာပင်…နှစ်စုံတွဲ မဏ္ဍပ်တစ်ခုထဲ၌…မင်္ဂလာဆောင်ကြ သည်။

ခိုင်မင်းသည်…"သွား"ဆေးခန်းမှ…သူ့ကို ထုံဆေးနှစ်လုံး ထိုးပေးခဲ့သော ဆရာမလေးကို…အထူးသက်သေအဖြစ် ဖိတ်ထား သည်။

ပြီးတော့…ဆရာမလေးကို…စကားတိုးတိုး ကပ်ကာပြော သည်။

"ဆရာမ…ကျွန်တော့် "သွား"ကို ထုံဆေးနှစ်လုံး ထိုးပေးခဲ့တဲ့ အကြောင်းကိုတော့…သွားမပြောပါနဲ့နော်…"

www.linhtet.com



ဆရာမလေးက တစ်ချက်ရယ်ပြီး…

"ရှင့်သူငယ်ချင်းတွေ ပြောပြလို့…ကျွန်မ အကုန်သိပြီးပြီ… "သွား" "သွား"၊ ရှင်လည်း "သွား"တော့…ဟိုမှာ ဧည့်သည်တွေ လာနေပြီ…"

ခိုင်မင်းလည်း ထွက်သွားရသည်။

ပျော်စရာကောင်းသော…ချစ်သူချင်း ဆုံကြသည့်…မင်္ဂလာပွဲလေးသည်…ထိုရပ်ကွက်ကလေးထဲတွင်…လှလှပပ ဆူဆူညံညံဖြင့် ရှိနေလေသည်။

www.linhtet.com



www.linhtet.com

